ဘုရင်ဆိုတာ
ပြည်သူ့ရိက္ခာတော်ကို စားခွင့်ရတဲ့
ပုဂ္ဂိုလ်မျှသာ ဖြစ်တယ်။
ပြည်သူ့ရိက္ခာကို စားပြီး
အသက်ရှင်ရတဲ့အတွက်
ပြည်သူကို စော်ကားခြင်းဟာ
ကျေးဇူးရှင်ကို ပြစ်မှားခြင်းပဲ။
ပြည်သူ့ရိက္ခာကို စားပြီး
ပြည်သူကို ဒုက္ခပေးတဲ့ဘုရင်တိုင်း
သမိုင်းမလှကြဘူး။

The First Music ဂျာနယ်တွင် အပတ်စဉ် ဖော်ပြခဲ့သော နေ့စွဲအတွေးရသစာစုများ ဖြစ်ပါသည်။

လူငယ်တွေပဲ ဖတ်ဖတ် . . .။
လူကြီးတွေပဲ ဖတ်ဖတ် . . .။
နည်းနည်းဖတ်ပြီး များများတွေးဖို့ . . .။

ဦးဘုန်း(ဓာတု)မန္တလေး

# သတ္တိရှိတဲ့ မြက်ပင်များ

[ နေ့စွဲ အတွေးရသစာစု ]

## ဒို့တာဝန်အရေး (၃) ပါး

- ❖ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ❖ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ❖ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ❖ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ❖ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ❖ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ❖ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ❖ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ❖ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ❖ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

သို့

..........................................

..........................................

..........................................

အတွက် စာပေလက်ဆောင်မွန်

မှ

..........................................

..........................................

..........................................

အကြံပြု ဝေဖန်စာများ ရေးသားပေးပို့လိုပါလျှင်

ဦးဘုန်း (တာတု) မန္တလေး
သံယောဇဉ်နွယ်ဂေဟာ
ယ/၅၊ ခြံအမှတ် (၄၂)၊ လမ်းသွယ် (၁၄)၊
အရှေ့ကျွဲဆည်ကန်၊ မန္တလေး။
ဖုန်း (စာရေးသူ) - ၀၉ ၆၈၀၁၀၈၂၊ ၀၉ ၄၄၄၀၂၆၄၀၉
ဖုန်း (အိမ်) - ၀၉ ၆၈၀၁၁၄၃၊ ၀၉ ၉၁၀၂၇၄၅၉၊
ဖုန်း (မန်နေဂျာ) - ၀၂ ၉၁၀ ၁၁၁၃၅

စာအုပ်အမှတ် - ၁၁၉



# သတ္တိရှိတဲ့ မြက်ပင်များ

နေ့စွဲ အတွေးရသစာစု

## ဦးဘုန်း (တာတု) မန္တလေး

လူငယ်တွေပဲ ဖတ်ဖတ်။

လူကြီးတွေပဲ ဖတ်ဖတ်။

နည်းနည်းဖတ်ပြီး များများတွေးဖို့...။

**ထုတ်ဝေသည့်အကြိမ်**
ပထမအကြိမ်၊ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ

**အုပ်ရေ**
၁၀၀၀

**ထုတ်ဝေသူ**
ဦးသိန်းလွင် (လင်းလွန်းခင်စာပေတိုက်)
အမှတ် (၄၉)၊ ပထမထပ်(ဝဲ)၊ လိပ်ကန်လမ်း၊ ပုဇွန်တောင်မြို့နယ်။

**ပုံနှိပ်သူ**
ဦးဇော်မြင့်ဝင်း (ကာလာဇုံပုံနှိပ်တိုက်)
အမှတ် (၁၈၄/ဘီ)၊ ၃၁လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

**ကွန်ပျူတာ**
ပုံရိပ်ရှင်

**မျက်နှာဖုံးဒီဇိုင်းနှင့် အတွင်းသရုပ်ဖော်**
ဗဂျီလင်းဝဏ္ဏ

**မျက်နှာဖုံးပလင်**
Eagle

**တန်ဖိုး**
၂၀၀၀ ကျပ်

၈၀၈.၈၄
ဦးဘုန်း(ဓာတု)မန္တလေး
သတ္တိရှိတဲ့ မြက်ပင်များ/ဦးဘုန်း(ဓာတု)မန္တလေး။ - ရန်ကုန်။
လင်းလွန်းခင်စာပေတိုက်၊ ၂၀၁၃။
စာ-၁၃၇၊ ၁၂.၅ × ၁၈.၅ စင်တီ
(၁) သတ္တိရှိတဲ့ မြက်ပင်များ

## * မာတိကာ *

- လေးကိုတင်၏ အမှာစာ ၉
- စာရေးသူ၏ အမှာစာ ၁၃

**အောက်တိုဘာ နေ့စွဲများ**

၁။ နှင်းဆီပန်းကို လိုချင်ရင် နှင်းဆီဆူးကို မကြောက်ကြနဲ့ ၁၇
***အောက်တိုဘာ ၂ ရက် မွေးဖွားသူ 'မဟတ္တမဂန္ဒီ'***

၂။ ရေခိုးရေငွေ့ဆိုပြီး အထင်မသေးလိုက်ကြပါနဲ့ ၂၇
***အောက်တိုဘာ ၇ ရက် မွေးဖွားသူ 'ဆရာကြီးသခင်မြ'***

၃။ ဒါလေးများ အဆန်းလုပ်လို့ ၃၇
***အောက်တိုဘာ ၂၄ ရက် မွေးဖွားသူ 'ဆရာကြီးရွှေဥဒေါင်း'***

၄။ အကောင်ဖြစ်ချင်ရင် ဥခွံကို ဖောက်ထွက် ၄၇
***အောက်တိုဘာ ၂၆ ရက် မွေးဖွားသူ 'ဆရာကြီးမန်းဘခိုင်'***

*

**နိုဝင်ဘာ နေ့စွဲများ**

၅။ လမင်းကြီးရဲ့ စကားတစ်ခွန်း ၅၇
***နိုဝင်ဘာ ၅ ရက် မွေးဖွားသူ 'ဆရာကြီးပီမိုးနင်း'***

၆။ စာဖတ်တဲ့ ခေါင်းဆောင်တွေနဲ့ ကြုံဆုံရပါလို၏ ၆၇
***နိုဝင်ဘာ ၁၀ ရက် မွေးဖွားသူ 'ဆရာကြီးပါရဂူ'***

၇။ ကဗျာတို့သည် ခေတ်သမိုင်းတစ်ခု၏ ပန်းချီကားချပ်များ ဖြစ်သည် ၇၅
*နိုဝင်ဘာ ၁၉ ရက် မွေးဖွားသူ 'ကဗျာဆရာကြီး တင်မိုး'*

၈။ လူငယ်တွေကို ဖီးနစ်ငှက်တွေ ဖြစ်စေချင်ပါသည် ၈၇
*နိုဝင်ဘာ ၂၉ ရက် မွေးဖွားသူ 'အမေ လူထုဒေါ်အမာ'*

*

**ဒီဇင်ဘာ နေ့စွဲများ**

၉။ စစ်မှန်တဲ့ နိုင်ငံရေးဆိုတာ အမွန်မြတ်ဆုံး ပရဟိတလုပ်ငန်းပဲ ၉၉
*ဒီဇင်ဘာ ၅ ရက် 'ကျောင်းသားသမဂ္ဂ အုတ်မြစ်ချသောနေ့'*

၁၀။ မိုးတစိမ့်စိမ့်··· ဒီဇင်ဘာ ၁၀၉
*ဒီဇင်ဘာ ၁၃ ရက် မွေးဖွားသူ 'စုဖုရားလတ်'*

၁၁။ သတ္တိရှိတဲ့ မြက်ပင်များ ၁၁၉
*ဒီဇင်ဘာ ၂၇ ရက် မွေးဖွားသူ 'ဗိုလ်အောင်ကျော်'*

၁၂။ နိုင်ငံ့ခေါင်းဆောင်ဖြစ်ခွင့်ရသူတွေ စိတ်ကောင်းရှိကြပါစေ ၁၂၉
*ဒီဇင်ဘာ ၂၇ ရက် ပျံလွန်တော်မူသူ*
*'မဟာဂန္ဓာရုံ သာသနာ့အာဇာနည် ဆရာတော်ဘုရားကြီး အရှင်ဇနကာဘိဝံသ'*



## လင်းလွန်းခင်စာပေမှတစ်ဆင့်

ကျွန်တော်တို့ မှီတင်းနေထိုင်သော အမိမြန်မာနိုင်ငံတော်၏အနေအထားသည် တရိပ်ရိပ် ရွေ့လျားပြောင်းလဲလာရာ ၉၀ ဒီဂရီလောက်တော့ ရှိပေရော့မည်ဟု ဆိုချင်ပါသည်။ အထူးသဖြင့် နိုင်ငံရေးရပ်ဝန်းကို အခြေခံ၍ ရွေ့လျားလာခြင်း ဖြစ်သည်။ အခြေခံအဆောက်အအုံ ပြောင်းလဲလာခြင်းလည်း ဖြစ်သည်။ ၁၈၀ ဒီဂရီတော့ မဟုတ်။ (တစ်မုဟုတ်ချင်း စက်ဝိုင်းတစ်ပတ်လည်သွားအောင် ပြောင်းလဲခြင်းမဟုတ်) ၉၀ ဒီဂရီမျှသာ ဖြစ်သည်။

အခြေခံအဆောက်အအုံ အထက်တွင်ရှိသော 'အပေါ်ယံ အဆောက်အအုံ' (Superstructure) များလည်း အရွေ့အလျား အပြောင်းအလဲများ ရှိလာပြန်သည်။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနေရာများဖြစ်သော အပေါ်ယံအဆောက်အအုံများတွင်မူ ဒီဂရီ မည်၍မည်မျှ ရွေ့လျားနေသည်ကို စူးစမ်းလေ့လာကြည့်သောအခါ ယဉ်ကျေးမှုရေးရာအောက်တွင် ရှိသော စာပေအနုပညာရပ်ဝန်းသည်သာ လုံးဝနီးပါး ပြောင်းလဲလာပါသည်။ 'မီဒီယာ လွတ်လပ်ခွင့်' (Freedom of Media) သည် အတော် ပြောင်းလဲလာခြင်း ဖြစ်သည်။

ယနေ့ မြန်မာစာပေလောကတွင် နိုင်ငံရေးစာပေရေစီးကြောင်းသည် အားကောင်းမောင်းသန် စီးဆင်းလာသည်ကိုကြည့်လျှင် သိမြင်နိုင်ပါသည်။ တစ်ချိန်က စာပေစိစစ်ရေးသောင်ကြီး ထွန်းနေသောကြောင့် ရေစီးကြောင်း၏ ရေအလျဉ်သည် ယနေ့ကဲ့သို့ အရှိန်အဟုန်ပြင်းစွာ စီးဆင်းနိုင်ခြင်း မရှိပေ။ စင်စစ် နိုင်ငံရေးစာပေရပ်ဝန်းသည် ၂၀ ရာစု မြန်မာအမျိုးသားတို့၏ သူ့ကျွန်မခံရေး၊ ဖက်ဆစ်တော်လှန်ရေး၊ လွတ်လပ်ရေးနှင့် ဆိုရှယ်လစ်ရေး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများအတွက် စိမ်းလန်းဝေဆာသော တောင်မြောက်ဝဲယာ

အရပ်ဒေသသာ ဖြစ်ပါသည်။ ယခု ၂၁ ရာစု မြန်မာနိုင်ငံ၏ ထိုထိုသောရပ်ဝန်း မျိုးကို ပြန်လည် ရရှိလာအံ့ဟု ဆိုချင်ပါသည်။

ထိုအခါများတွင် နိုင်ငံရေးရေစီးကြောင်းထဲတွင် နိုင်ငံရေးစာပေနှင့် နီးနွယ်ပတ်သက်သော 'နိုင်ငံရေးတစ်ဝက် စာပေတစ်ဝက် စာပေများ' (Semi Politic Literary) လည်း ဖြန့်ကြက်ဝန်းရံကာ ပေါ်ပေါက်ဝေစည်လာသည်ကို တွေ့မြင်ဖတ်ရှုနေရပါတော့သည်။

*

ကျွန်တော်သည် ဦးဘုန်း(ဓာတု)မန္တလေး၏ 'သတ္တိရှိတဲ့ မြက်ပင်များ' (နေ့စွဲအတွေးရသစာစု) ကို ဖတ်ရှုလေ့လာရင်း အထက်ပါနိဒါန်းစကား ပြောရခြင်းဖြစ်ရာ အခြားအခြားသော စာရေးဆရာ၊ ဆရာမများ၏ နိုင်ငံရေးစာပေများကိုလည်းကောင်း၊ နိုင်ငံရေးတစ်ဝက် စာပေတစ်ဝက် စာပေများကိုလည်းကောင်း စာဖတ်ပရိသတ်များ တွေ့မြင်ဖတ်ရှုလေ့လာခဲ့ပြီးဖြစ်၍ နိဒါန်းစကားနှင့်အတူ ကျွန်တော် ဆက်၍ပြောချင်သော ဦးဘုန်း(ဓာတု)မန္တလေး၏ နေ့စွဲအတွေးရသစာစုများအကြောင်း ပြောချင်လာပါသည်။

မူလပထမ The First Music ဂျာနယ်တွင် အပတ်စဉ်ဖော်ပြခဲ့သော စာစုများဖြစ်ပြီး ယခုအခါ လင်းလွန်းခင်စာပေမှ တစ်စုတစ်စည်းတည်း စုစည်းထုတ်ဝေလာခြင်း ဖြစ်သည်။ မာတိကာအရ အောက်တိုဘာနေ့စွဲများ၊ နိုဝင်ဘာနေ့စွဲများ၊ ဒီဇင်ဘာနေ့စွဲများ ဟူ၍ လ (၃) လကို အထူးပြုရေးသား တင်ပြထားပါသည်။ စာရေးသူ၏ အမှာစာတွင်လည်း ထိုစာစုများ မည်သို့မည်ပုံ ဖြစ်တည်လာခြင်းများ၊ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလဖွား ထူးခြားထင်ရှားသောပုဂ္ဂိုလ်များ၏ တစေ့တစောင်း ဘဝကောက်ကြောင်းများ ပြောပြရခြင်းများ၊ ထိုသို့ပြောကြားရန် စာတွေဖတ်ဖြစ်ရခြင်းများ စသည်ဖြင့် ဖွင့်ဟဝန်ခံထားသည်။

တစ်လတည်းတွင် မွေးဖွားလာသော အိန္ဒိယအမျိုးသားခေါင်းဆောင်ကြီး ဂန္ဒီ၊ မြန်မာအမျိုးသားအာဇာနည် သခင်မြနှင့် မန်းဘခိုင်၊ နောက် မြန်မာစာရေးဆရာကြီး ရွှေဥဒေါင်း စသည်ဖြင့် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ် လေးဦးအကြောင်းများ စတင်ဖတ်ရသောအခါ သူတို့၏ ဘဝကောက်ကြောင်းကလေးများနှင့်အတူ တွေးခေါ်ကျင့်ကြံနေထိုင်ခြင်းများ ပါလာပါသည်။



ဥပမာ - 'ကဲ… ဟော့ မျက်မှန်တစ်လက်၊ ဒိုတီအဝတ်အစားတစ်စုံနဲ့ လူသားတွေအတွက် နှလုံးသားကို ပုံအပ်ခဲ့တဲ့သူ၊ မတရားတဲ့ဥပဒေ၊ အမိန့်အာဏာတွေကို အကြမ်းမဖက်တဲ့နည်းနဲ့ အနိုင်ရအောင် စွမ်းဆောင်နိုင်ခဲ့တဲ့ မေတ္တာရှင်…'။

ဤသို့ဖြင့် မဟာတ္တမဂန္ဒီ၏ရုပ်ပုံလွှာကို လည်းကောင်း…

'သခင်အောင်ဆန်းက မြန်မာ့လွတ်လပ်ရေးအတွက် မြေအောက်တော်လှန်ရေးအဖွဲ့မှာ ပြည်ပ တာဝန်ယူတယ်။ ဆရာကြီးသခင်မြကတော့ ပြည်တွင်းတာဝန်ကို ယူတယ်'။

ဤသို့ဖြင့် သခင်မြ၏ ရုပ်ပုံလွှာကိုလည်းကောင်း ရေးသား တင်ပြခဲ့သည်။

ထို့အတူပင် နိုဝင်ဘာဖွား စာရေးဆရာ၊ ကဗျာဆရာ၊ သတင်းစာဆရာကြီးများ (ပီမိုးနင်း၊ ပါရဂူ၊ တင်မိုး၊ လူထုဒေါ်အမာ) အကြောင်းများ ပြောရင်း ကျောင်းသား၊ ကျောင်းသူများ၏ အပြန်အလှန် မေးခွန်းများ ဖြေကြားရင်း ကျောင်းပရဝဏ်အတွင်းမှ စာပေဆွေးနွေးပွဲများအလား ဖတ်ရှုလိုက်ရသည်။

'လမင်းကြီးရဲ့ စကားတစ်ခွန်း' ဆိုသော ဆရာကြီးပီမိုးနင်းအကြောင်း ဖွင့်ဆိုရှင်းပြဖြေကြားရာတွင် စာရေးသူ၏ ပီတိရထား ခုတ်မောင်းသွားသည်ကို တွေ့ရပါသည်။ (စာရေးသူသည် ပီမိုးနင်းစာပေသြဇာများဖြင့် စာပေသစ်ပင် စိုက်ခဲ့ဟန်တူပါသည်။)

နောက် 'ကဗျာတို့သည် ခေတ်သမိုင်းတစ်ခု၏ ပန်းချီကားချပ်များ ဖြစ်သည်' ဆိုသော ကဗျာဆရာကြီးတင်မိုးအကြောင်းတွင်လည်း ကဗျာအလင်္ကာများကို အသက်သွင်းလိုက်ပါသည်။ ပြီးတော့ 'တို့တိုင်းပြည်' ကဗျာတစ်ထွာတစ်ညှိုကိုလည်း ဖွင့်ဆိုရှင်းပြခဲ့သည်။ 'မဝံ့မရဲ… မချစ်ရဲပြီ စစ်သရဲတွေ စီးနေ၍…' ကဗျာကလေးပင်။

နောက်ဆုံး ဒီဇင်ဘာဖွား ထင်ရှားကျော်ကြားခဲ့သူများ (ဗိုလ်အောင်ကျော်၊ စုဖုရားလတ်၊ အရှင်ဇနကာဘိဝံသ) နှင့် ကျောင်းသားသမဂ္ဂအကြောင်းတွင် စာရေးသူ၏ 'လေ့လာဖတ်မှတ်အား' (Study Power) နှင့်အတူ သုံးသပ်ချက်များ (Appreciation) လည်း တစ်ပါတည်း တွေ့မြင်နားလည်ရပါသည်။

ဥပမာ - 'ကျောင်းသားသမဂ္ဂ အားကောင်းလာလျှင် ခေတ်အဆက်ဆက် ဘယ်အစိုးရကိုမဆို ထိန်းကျောင်းပြီးသား ဖြစ်စေတယ်။ ဒါ့အပြင် ကျောင်းသားသမဂ္ဂကနေပြီး တိုင်းပြည်အတွက် နိုင်ငံရေးသမားကောင်းတွေ၊ ခေါင်းဆောင်ကောင်းတွေ၊ နိုင်ငံရေးမျိုးဆက်တွေကို လေ့ကျင့် မွေးထုတ်ပေးနိုင်တယ်'။

သို့ရာတွင် 'မိုးတစိမ့်စိမ့်... ဒီဇင်ဘာ' ဆိုသော စုဖုရားလတ်အကြောင်း တွေ့မြင်ဖတ်ရှုရာ၌ အတ္တနောမတိခံစားချက်များနှင့် သုံးသပ်ချက်များမှာမူ အလွန်အကြူး အထူးဖွဲ့ဆိုသည်ဟု ထင်မြင်မိပါသည်။

*

ကျွန်တော်သည် ဦးဘုန်း(ဓာတု)၏ 'သတ္တိရှိတဲ့မြက်ပင်များ' စာစုများ ဖတ်ရှုပြီးစီးပြီးနောက် ဝင်းခနဲလင်းလက်လာသော အတွေးစများ ရလာသဖြင့် နိဒါန်းစကားပြောခြင်းနှင့်အတူ နိဂုံးစကားတစ်ခွန်း ပြောချင်ပါသည်။

မြန်မာစာပေလောက၏ ရှေ့လျှားစီးမျောလာခိုက် ရသစာတမ်းများ၊ ဆောင်းပါးများနှင့် စာအုပ်စာတမ်းများ ရေးသားထုတ်ဝေနေသော ဆရာဦးဘုန်း (ဓာတု)မန္တလေးသည် ၂၁ ရာစု နိဒါန်းကာလများတွင် နူးညံ့သိမ်မွေ့လှသော စာလုံးလေးများ၏ အာနိသင်ကို သိမြင်နားလည်ပြီး လူ့တကာ့အသည်းနှလုံးကို သိမ်းကြုံးဆွဲငင်သော စာပေဖန်တီးရှင်ဖြစ်ရန် ဆန္ဒပြုလိုက်ပါသည်။

လေးကိုတင်
20th June, 2013

■



## စာရေးသူ၏ အမှာစာ

ကျွန်တော်သည် စာသင်ဆရာတစ်ယောက် ဖြစ်သည်။

သို့အတွက် လူငယ်များနှင့် အမြဲတမ်း ထိတွေ့နေရသည်။ ထိုအခွင့်အရေးကို ကျွန်တော်က နှစ်သက်သည်။

ကျွန်တော်က စာသင်လျှင် ကျောက်သင်ပုန်း၏ ဘယ်ဘက်အထက်ထောင့်တွင် နေ့စွဲရေးလေ့ရှိသည်။ ထိုနေ့စွဲ၏အောက်တွင် ထူးခြားထင်ရှားသည့် ပုဂ္ဂိုလ်ကျော်များ၏ အမည်ကို ရံဖန်ရံခါ ရေးတတ်ပါသည်။ ထိုအခါ လူငယ်များက ထိုပုဂ္ဂိုလ်များအကြောင်းကို မေးလေ၏။ သူတို့မေးတာကို ဖြေနိုင်ဖို့ သူတို့အတွက် ကျွန်တော် စာဖတ်ရပါတော့သည်။

ဤသို့ဖြင့် စာကို ပိုပြီး ဖတ်ဖြစ်လာခဲ့သည်။

ဒီလိုနှင့်...

'နေ့စွဲ အတွေးရသစာစု' ဖြစ်လာရပါတော့သည်။

ခေတ်စနစ် အခြေအနေအရ လူငယ်တို့၏စိတ်တွင် သူရဲကောင်းများ ပျောက်ဆုံးနေရပါသည်။ မြန်မာနိုင်ငံတွင်လည်း ကမ္ဘာနယ်ပယ်အသီးသီး၌ သူရဲကောင်းများ ရှိကြပါသည်။ သူတို့အကြောင်းကို လူငယ်တွေအား သိစေချင်သည်။

ဤစာစုများသည် The First Music ဂျာနယ်တွင် 'အောက်တိုဘာ' လမှ စပြီး အယ်ဒီတာချုပ် ကိုအောင်စိုးသူမှ အပတ်စဉ် ဖော်ပြပေးခဲ့ပါသည်။ အထူးကျေးဇူးတင်ရှိပါသည်။ တစ်လလျှင် ပျမ်းမျှ (၄)ပုဒ် ရှိပါသည်။ ယခု စာအုပ်တွင် 'အောက်တိုဘာ'၊ 'နိုဝင်ဘာ' နှင့် 'ဒီဇင်ဘာ' လများတွင် မွေးဖွားသော ထူးခြားထင်ရှားသည့် ပုဂ္ဂိုလ်ကျော်များအကြောင်းကို ယနေ့ခေတ်နှင့် နှိုင်းယှဉ်ပြီး ခံစားရေးဖွဲ့ထားပါသည်။

အထူးအားဖြင့် ဤစာအုပ်ကို စာသင်ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကို ရည်ညွှန်းပါသည်။

- စာသင်ခန်း ဆိုသည်မှာ…
  ကမ္ဘာကြီး၏ ပြတင်းပေါက် ဖြစ်သည်။
- စာသင်ခန်း ဆိုသည်မှာ…
  သူရဲကောင်းတို့ သန္ဓေတည်ရာ ဌာန ဖြစ်သည်။
- စာသင်ခန်း ဆိုသည်မှာ…
  သမိုင်းအသစ် တည်ဆောက်နိုင်စွမ်းရှိသူများ စုဝေးရာနေရာ ဖြစ်သည်။

စာသင်ခန်းအတွင်းမှ ဖြစ်လာရသော ဤ 'နေ့စွဲအတွေးရသစာစု' များကို ဖတ်ပြီး…

သတ္တိရှိတဲ့ မြက်ပင်များကို အတုယူတတ်သည့် သူရဲကောင်းများ ဖြစ်ကြပါစေဟု ဆန္ဒပြုပါသည်။

မေတ္တာအင်အားဖြင့်
**ဦးဘုန်း ၊ဓာတု၊ မန္တလေး**
၂၇-၃-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

■






## အောက်တိုဘာ နေ့စွဲများ

၁။ မဟတ္တမဂန္ဓီ
*(အောက်တိုဘာ ၂ ရက် မွေးဖွားသူ)*

၂။ ဆရာကြီးသခင်မြ
*(အောက်တိုဘာ ၇ ရက် မွေးဖွားသူ)*

၃။ ဆရာကြီးရွှေဥဒေါင်း
*(အောက်တိုဘာ ၂၄ ရက် မွေးဖွားသူ)*

၄။ ဆရာကြီးမန်းဘခိုင်
*(အောက်တိုဘာ ၂၆ ရက် မွေးဖွားသူ)*

# နှင်းဆီပန်းကို လိုချင်ရင် နှင်းဆီဆူးကို မကြောက်ကြနဲ့

မဟတ္တမဂန္ဓီ

(၂-၁၀-၁၈၆၉ မွေးဖွား။ ၃၀-၁-၁၉၄၈ ကွယ်လွန်)



ရဲရင့်နီစွေးတဲ့ နှင်းဆီပန်းပွင့်ကို မြင်ချင်ရင်
နှင်းဆီဆူးတွေကို ရှေလောင်းရဲရမယ်။
နှင်းဆီဆူးတွေကို ရှေလောင်းဖို့ တွန့်ဆုတ်နေရင်တော့
ရဲရင့်တဲ့ နှင်းဆီပန်းတွေကို မြင်တွေ့ခွင့်ရမှာ မဟုတ်ဘူး။
နှင်းဆီဆူးတွေကို ကြောက်နေရင်
နှင်းဆီရနံ့ကိုလည်း ရှူရှိုက်ခွင့် ဘယ်ရတော့မလဲ။
နှင်းဆီပန်းကို လိုချင်ရင် နှင်းဆီဆူးကို မကြောက်ကြနဲ့ပေါ့ . . .

## နှင်းဆီပန်းကို လိုချင်ရင် နှင်းဆီဆူးကို မကြောက်ကြနဲ့

"ယမုံနာမြစ်ကမ်းနံဘေးမှာ မီးသင်္ဂြိုဟ်ပြီး သူ့ရဲ့ အရိုးနဲ့ပြာတွေကို ယမုံနာမြစ်ရေထဲမှာ မျှောချလိုက်တယ်။ ဒါပေမဲ့ ဒီကနေ့အထိ သူဟာ ကြီးမြတ်တဲ့ ဝိညာဉ်တော်အဖြစ် လူတွေရဲ့ နှလုံးသားထဲမှာ ရှင်သန်နေဆဲပဲ။ ဒီနေ့ဟာ သူ့ရဲ့ (၁၄၃)နှစ်မြောက် မွေးနေ့။ သူဟာ မြန်မာပြည်ကို (၃)ကြိမ် လာခဲ့ဖူးတယ်"

တက္ကသိုလ်သို့ တက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူများကို ကျွန်တော်က စကားစလိုက်သည်။ သူတို့လေးတွေက စဥ့်ကိုင်နှင့် ကျောက်ဆည်နယ်ရှိ တက္ကသိုလ်အသီးသီးတွင် တက်ရောက် ပညာသင်ယူနေကြသော တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ ဖြစ်ကြသည်။

စဥ့်ကိုင်မြို့ ရပ်ကွက်ထဲရှိ ပြင်ပဘော်ဒါဆောင်တွင် ကြုံသလို ငှားရမ်းနေထိုင်ကြရသူများ ဖြစ်ကြသည်။ တက္ကသိုလ်ပညာရေးက သူတို့လေးတွေ နေထိုင်ရန် အဆောင်မပေးနိုင်။ ထို့ကြောင့် စီးပွားရေးအကွက်မြင်သော သူငယ်ချင်းတစ်ယောက်က အဆောင် ဖွင့်ထားသည်။ သူ့အိမ်သို့ ကျွန်တော် အလည်အပတ် ရောက်သွားခဲ့သည်။

သူက မိတ်ဆက်စကား ပြောခိုင်းသဖြင့် သူ့အဆောင်ရှိ ကျောင်းသား၊ ကျောင်းသူများကို ကျွန်တော်က နိဒါန်းစကားပျိုးရင်း နှုတ်ဆက်စကား ဆိုလိုက်သည်။

"ပညာသင်ယူတယ်ဆိုတာ ဒီထက်မြင့်မားတဲ့ ဘဝတစ်ခုကို တက်လှမ်းဖို့။ သူက ၁၈၆၉ ခုနှစ်၊ အောက်တိုဘာလ (၂) ရက်နေ့မှာ မွေးတယ်။ အိန္ဒိယနိုင်ငံအနောက်ပိုင်း၊ 'ပေါ်ဗန်ဒါ' မြို့မှာမွေးတဲ့ ဟိန္ဒူဘာသာဝင် တစ်ယောက်ပဲ။ သူ့အသက် (၁၄) နှစ်မှာ သူတို့ဓလေ့ထုံးစံအတိုင်း အိမ်ထောင်

ပြုတယ်။ ကလေးအဖေဖြစ်ပြီးမှ အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့ကိုသွားပြီး ဥပဒေပညာသင်ယူတယ်။ ရှေ့နေတစ်ယောက် ဖြစ်လာခဲ့တယ်။ အိန္ဒိယနိုင်ငံ၊ ဘုံဘေမြို့မှာ ရှေ့နေလုပ်ငန်းနဲ့ အသက်မွေးတယ်၊ မအောင်မြင်ဘူး။ အဲဒီအချိန်က အိန္ဒိယနိုင်ငံဆိုတာ တို့မြန်မာနိုင်ငံလိုပဲ အင်္ဂလိပ်ကိုလိုနီ လက်အောက်ခံ''

နားထောင်ပေးနေသူ ကျောင်းသားလူငယ် (၅၀) ခန့် ရှိသည်။ အများအားဖြင့် မိဝေးဖဝေး လာရောက်နေထိုင်ကြရသဖြင့် စာရိတ္တ ယိမ်းယိုင်ချင်နေသော လူငယ်လေးများ ဖြစ်ကြသည်။

''ဗဟိုရှိမှ စက်ဝိုင်းဆိုတာ ဆွဲလို့ရတာ။ ဒီလိုပဲ ရည်မှန်းချက်ရှိမှ လူလို့ ခေါ်တယ်။ သူက မင်းတို့လို လူငယ်လေးပဲ။ ရည်မှန်းချက် ရှိတယ်၊ ကြိုးစားတယ်၊ စာရိတ္တကောင်းတယ်။ ဒီလိုနဲ့ တစ်ရက်မှာတော့ တောင်အာဖရိကမှာ နေထိုင်ကြတဲ့ အိန္ဒိယနိုင်ငံသားတွေရဲ့ စီးပွားရေးနဲ့ ပိုင်ဆိုင်ခွင့်အတွက် သူ့ကို ရှေ့နေငှားတယ်။ တောင်အာဖရိကကို ရောက်တော့ မီးရထားစီးတယ်။ သူ့ကို မီးရထားပေါ်က ဆွဲချတယ်တဲ့ကွာ''

ကျွန်တော်က စကားစကို ဖြတ်လိုက်သည်။

သူတို့ ကျွန်တော့်ကို မေးခွန်းလေးတွေ မေးစေချင်သည်။ ဒါမှ စကားပြောရတာ အရသာရှိမည်။

အသားမည်းမည်း၊ မျက်ခုံးကောင်းကောင်း လူငယ်လေးတစ်ဦးက ကျွန်တော့်ကို ပြုံးပြနေသည်။

''ဘာလို့ပြုံးနေတာလဲ၊ သိချင်ရင် မေးဟေ့။ ကိုယ့်နာမည်ကို ကိုယ်ကိုယ်တိုင် မိတ်ဆက်ရမယ်။ မေးကြ၊ ဒါမှ စကားပြောရတာ အားရှိမှာကွ''

ပြုံးပြနေသော လူငယ်က မတ်တတ်ရပ်လိုက်သည်။

''ကျွန်တော့်ကို သူငယ်ချင်းတွေက အသားမည်းလို့ ချစ်စနိုးနဲ့ 'ငှက်ပျောကြော်' လို့ ခေါ်ကြတယ်။ အခုပြောနေတဲ့ ပုဂ္ဂိုလ်က ဘယ်သူပါလဲ ခင်ဗျ၊ သိချင်လို့ပါ''

''မင်း မေးလို့ ငါ ဝမ်းသာတယ်။ အဲဒါ အိန္ဒိယနိုင်ငံရဲ့ နှလုံးရည်သူရဲကောင်း 'မဟတ္တမဂန္ဒီ' ပဲ။ သူ့နာမည်အရင်းက M.K ဂန္ဒီ။ 'မဟတ္တမ' ဆိုတာ 'ကြီးမြတ်သော ဝိညာဉ်တော်' လို့ အဓိပ္ပာယ်ရတယ်။ 'မဟတ္တမ' ဆိုတဲ့ ဝိသေသကို ပြည်သူတွေက ပေးထားတာ''





''ဘာလို့ သူ့ကို မီးရထားပေါ်က ဆွဲချရတာလဲ ဆရာ''

''အင်္ဂလိပ်တွေက အသားအရောင် ခွဲခြားတယ်။ တော်တော် ဘဝင်မြင့်တဲ့ လူမျိုး။ တချို့မီးရထားတွေကို လူမည်းတွေ မစီးရဘူး၊ တခြားလူမျိုးတွေ စီးခွင့်မရှိဘူး။ အဲဒီလို မီးရထားပေါ်က ဆွဲချခံရတဲ့အတွက် 'လူသားဝါဒ' စိတ်ဓာတ်တွေ 'ဂန္ဒီကြီး' ရဲ့ ရင်ထဲမှာ သန္ဓေ တည်လာခဲ့တော့တယ်။ လူကို လူလိုမြင်တတ်ဖို့အတွက် အင်္ဂလိပ်တွေကို ဆုံးမဖို့တောင် အာဖရိကမှာ (၁၇) နှစ်လောက် နေထိုင်ခဲ့တယ်။ ပြီးမှ အိန္ဒိယကို ပြန်လာတယ်။

အိန္ဒိယမှာလည်း ဇာတ်နိမ့်၊ ဇာတ်မြင့် ခွဲခြားခြင်းကြောင့် လူ့အခွင့်အရေး ဆုံးရှုံးနေရတာတွေ၊ ပြီးတော့ အင်္ဂလိပ်အစိုးရရဲ့ မတရားတဲ့ဥပဒေနဲ့ အမိန့်အာဏာတွေကြောင့် လူတွေဟာ လူလိုနေထိုင်ခွင့်မရတာတွေကို မြင်တွေ့ရပြီး ဥပဒေသမားပီပီ ဥပဒေနဲ့ တိုက်ပွဲဝင်တယ်။ နောက်ဆုံးတော့ ထောင်ကျတော့တာပေါ့ကွာ''

'ငှက်ပျောကြော်' က ပြောသည်။

''အများအတွက် ကြိုးပမ်းနေသူတွေဟာ ထောင်ကျတတ်တယ်နော်။ ဟုတ်လား ဆရာ''

''ဟုတ်တော့ ဟုတ်တယ်။ ဒီလိုရှိတယ်ကွ။ အများအတွက် ကြိုးပမ်းနေသူတွေဟာ ထောင်ကထွက်လာရင် 'လက်မထောင်' ပြီး ထွက်လို့ရတယ်။ အများအတွက် ကြိုးပမ်းနေသူတွေကို ထောင်ချခဲ့တဲ့သူတွေကတော့ လူကြားထဲမှာလည်း လက်မ မထောင်နိုင်သလို သမိုင်းစာမျက်နှာပေါ်မှာလည်း လက်မ မထောင်နိုင်ကြဘူးကွ''

ကျောင်းသူတစ်ယောက်က လက်ညှိုးထောင်ပြီး မတ်တတ်ရပ်လိုက်သည်။

''သမီးနာမည်က 'ဂီသား' ပါ။ ဟိန္ဒူဘာသာဝင်ပါ။ 'မဟတ္တမဂန္ဒီကြီး' က 'အဟိံသ' ဆိုတဲ့ သည်းခံခြင်းဝါဒကို သုံးတယ်တဲ့။ အဲဒါဘာလဲ ဆရာ၊ သမီး ကြားဖူးတာကို သိချင်လို့ပါ''

''ဆရာ နားလည်သလောက်တော့ မတရားတဲ့ အမိန့်အာဏာ၊ မတရားတဲ့ ဥပဒေစည်းမျဉ်းတွေကို အကြမ်းမဖက်တဲ့နည်းနဲ့ တိုက်ပွဲဆင်တာကို 'အဟိံသ' လို့ ခေါ်တယ်။ လူသေစေတဲ့ တုတ်၊ ဓား၊ သေနတ် လက်နက်

မကိုင်ဘူး။ မေတ္တာနဲ့ သစ္စာတရားကို ရင်မှာထားပြီး မတရားမှု မှန်သမျှကို သည်းခံတဲ့စိတ်နဲ့ စိတ်ရှည်ရှည် တိုက်ပွဲဝင်ခြင်းဟာ 'အဟိံသ' နည်းပဲ"

တစ်ယောက်က မတ်တတ်ရပ်လိုက်ပြန်သည်။

"သမီးနာမည်က 'ဖြူဖြူကိုကြီး' ပါ။ သမီးအဖေက နိုင်ငံရေး လုပ်ခဲ့တဲ့အတွက် ထောင်ကျဖူးပါတယ်။ သမီးအဖေအတွက် သမီးဂုဏ်ယူပါတယ်။ ဒါပေမဲ့ အများအကျိုးလုပ်တဲ့သူတွေကို ဘာလို့ အပြစ်ပေးချင်ကြတာလဲ ဆရာ၊ သိချင်လိုက်တာ"

"အေး… ဟုတ်ပြီ၊ အများအကျိုး ဆောင်ရွက်သူကို ထောင်ချခဲ့တဲ့သူဟာ ကိုယ်ကိုယ်တိုင် ကိုယ်ကျိုးကြည့်သူလို့ ဝန်ခံလိုက်တာပဲပေါ့။ အတ္တကြီးသူတွေဟာ မောဟစိတ်ကြောင့် အမှန်ကို မမြင်နိုင်ကြဘူးကွဲ့။ ဆက်ပြောရဦးမယ်။ 'မဟတ္တမဂန္ဒီကြီး' က အမှန်တရားကို ကြောက်ရွံ့သူ၊ ရင်မဆိုင်ရဲသူတွေရဲ့ ထောင်ချခြင်းကို အကြိမ်ကြိမ် ခံခဲ့ရတယ်။ ထောင်ထဲမှာလည်း အစာငတ်ခံ ဆန္ဒပြခဲ့တယ်။ သူဟာ ပြည်တွင်းဖြစ်ကို အားပေးဖို့ လုံ့ဆော်တဲ့အနေနဲ့ ကိုယ့်အဝတ်အထည်ကို ကိုယ်ကိုယ်တိုင် ချည်ငင်ပြီး ရက်လုပ်ဝတ်ဆင်တယ်။ သစ်သားဖိနပ်ကို စီးတယ်။

'မဟတ္တမဂန္ဒီ' ရဲ့ ပြတိုက် 'နယူးဒေလီ'မှာ ရှိတယ်။ ဆရာရောက်ဖူးတယ်။ ကဲ့လို့ မေးရဦးမယ်။ 'မဟတ္တမဂန္ဒီ' ရဲ့ ဖိနပ်တစ်ဖက် ဇာတ်လမ်းကို ဘယ်သူ ဖတ်ဖူးသလဲပေါ့"

ရှေ့ဆုံးမှ လူငယ်တစ်ယောက် လက်ညှိုးထောင်ပြီး မတ်တတ်ရပ်သည်။

"ကျွန်တော် ဖတ်ဖူးတယ် ခင်ဗျ"

"ဒါဆို အားလုံးသိအောင် လိုရင်းပြောပြကွာ"

"ဒီလိုဗျ၊ တစ်နေ့တော့ 'မဟတ္တမဂန္ဒီ' က မီးရထားနဲ့ ခရီးသွားတယ်။ မီးရထားပေါ်အတက် ဖိနပ်တစ်ဖက် ကျွတ်ကျတယ်။ မီးရထားက ထွက်နေပြီ။ အဲဒီအခါ ကျန်တဲ့ဖိနပ်တစ်ဖက်ကို ချွတ်လိုက်တယ်။ ကျွတ်ကျကျန်ခဲ့တဲ့ ဖိနပ်အနီးကို ကျန်တဲ့ဖိနပ်တစ်ဖက် ပစ်ချလိုက်တယ်။ ရည်ရွယ်ချက်ကတော့ ကိုယ့်အတွက်လည်း ဖိနပ်တစ်ဖက်က အသုံးမဝင်၊ ကျွတ်ကျကျန်ခဲ့တဲ့ ဖိနပ်တစ်ဖက်ကို ကောက်ရမယ့်သူအတွက်လည်း အသုံးမဝင်။ ဒီတော့ ဖိနပ်ကောက်ရတဲ့သူ တစ်ရန်လုံး ရပါစေ ဆိုတဲ့ ဉာဏ်ဦးစီးတဲ့





စေတနာနဲ့ လုပ်ဆောင်လိုက်တာပါ။ ဆရာဖေမြင့်ရဲ့ 'နှလုံးသားအာဟာရ' ဘာသာပြန် စာအုပ်လေးထဲမှာ ကျွန်တော် ဖတ်ဖူးတယ်"

"မင်းတော်တယ်။ မင်းနာမည် ဘယ်သူလဲ"

"ကျွန်တော့်နာမည် 'မောင်မြအေး' ပါ ခင်ဗျ"

"ကဲ… ထိုင်နိုင်ပြီ။ ဟုတ်တယ်ကွ၊ သိမ်မွေ့တဲ့ဆန္ဒကို အောင်နိုင်ဖို့ လက်နက်နဲ့ တည်ဆောက်ယူလို့မရဘူး။ မေတ္တာနဲ့သာ တည်ဆောက်ယူခြင်းဖြင့် ရနိုင်တယ်လို့ 'မဟတ္တမဂန္ဒီ' က ခံယူတယ်။ သည်းခံခြင်း၊ မေတ္တာထားခြင်း၊ ကိုယ်ချင်းစာတရား ထားခြင်းတွေကို မေ့လျော့နေတဲ့ အုပ်ချုပ်သူ လူ့အဖွဲ့အစည်းကို အကြမ်းမဖက်တဲ့နည်းနဲ့သာ ထာဝရအောင်နိုင်တယ်လို့ 'မဟတ္တမဂန္ဒီ' က ယုံကြည်တယ်။ သူဟာ လူသားကောင်းကျိုး၊ လောကကောင်းကျိုးကို သယ်ပိုးဖို့အတွက် ဗြဟ္မာ့ဘုံက သက်ဆင်းလာတဲ့ ကြီးမြတ်သောဝိညာဉ်တော်ဖြစ်တယ်။ ဒါကြောင့် 'မဟတ္တမ' ဆိုတဲ့ ဂုဏ်ပုဒ်ကို ပိုင်ဆိုင်ရခြင်းပဲ"

ကျောင်းသူတစ်ဦးက ကျွန်တော့်ကို ပြုံးပြပြီး မတ်တတ်ရပ်လိုက်သည်။

"သမီးနာမည်က 'နီနီမင်းနိုင်' ပါ။ 'မဟတ္တမဂန္ဒီ' က 'လီယိုတော့စတွိုင်း' ရဲ့ စာပေတွေကို အလွန်မြတ်နိုးတယ်လို့ လေ့လာဖူးပါတယ်။ ဟုတ်ပါသလား ဆရာ"

"အေး… ဟုတ်တယ်၊ 'လီယိုတော့စတွိုင်း' ရဲ့ စာပေတွေက သူ့ဘဝကို အရမ်းလွှမ်းမိုးတယ်။ ဒါကြောင့် စာကောင်းဖတ်ရင် စိတ်ကောင်းရှိမယ်။ စိတ်ကောင်းရှိရင် လူကောင်းဖြစ်မယ်။ လူကောင်းဖြစ်မှ သမိုင်းလှမယ်။ ကိုယ့်သမိုင်းလှချင်ရင် စာကောင်းပေမွန်တွေ ဖတ်ကြ"

ကျွန်တော်က စာဖတ်ဖို့ တိုက်တွန်းလိုက်ပြန်သည်။

"ကျွန်တော့်နာမည် 'မောင်ပြုံးချို' ပါ။ နားမလည်တာရှိလို့ မေးပါရစေ ဆရာ။ 'မဟတ္တမဂန္ဒီ' က ဟိန္ဒူဘာသာဝင်ဆို။ သူ့ကို ဟိန္ဒူဘာသာဝင် လူငယ်လေးကပဲ သတ်တယ်တဲ့။ အဲဒါ ဘာကြောင့်ပါလဲ ဆရာ"

"ဒီလိုကွ၊ 'မဟတ္တမဂန္ဒီ' က ဟိန္ဒူနဲ့ မွတ်စလင် ညီညွတ်ရေးကို ကြိုးပမ်းခဲ့တဲ့သူ။ ဗြိတိသျှအင်္ဂလိပ်က သူတို့ရဲ့ထုံးစံအတိုင်း ဟိန္ဒူနဲ့ မွတ်စလင်ကို မသိမသာ ရန်တိုက်ပေးထားတယ်။ အိန္ဒိယနိုင်ငံ လွတ်လပ်ရေးအတွက် တို့

နိုင်ငံလိုပဲ တွဲရေး၊ ခွဲရေးတွေ ဖြစ်လာတယ်။ 'မဟတ္တမဂန္ဒီ' က ဟိန္ဒူနဲ့ မွတ်စလင်ကို ငြိမ်းငြိမ်းချမ်းချမ်း ပျော်ပျော်ရွှင်ရွှင် အတူတကွ ယှဉ်တွဲပြီး နေထိုင်စေလိုတဲ့ ဆန္ဒရှိတယ်။ အစဉ်မပြတ် ကြိုးပမ်းခဲ့တယ်။ ဒါကို ဟိန္ဒူ လူငယ်တွေက မကြိုက်ကြဘူး။ မွတ်စလင် ဘာသာဝင်တွေဘက်ကို ဘက် လိုက်တယ်လို့ ထင်တယ်။

ဒါကြောင့် ဟိန္ဒူဘာသာဝင်ဖြစ်တဲ့ 'ဂတ်ဆေး' ဆိုတဲ့ လူငယ်လေးက ခြောက်လုံးပြူးသေနတ်နဲ့ ပစ်သတ်တယ်။ သုံးချက် အပစ်ခံရတယ်။ သူ့ အသက် (၇၈)နှစ်။ ၁၉၄၈၊ ဇန်နဝါရီလ (၃၀) ရက်နေ့မှာ သေဆုံးတယ်။ အလွန် ဝမ်းနည်းစရာကောင်းတယ်။ လူငယ်တွေကို တစ်ခု သတိပေးချင်တယ်။ ကိုယ့်အသိဉာဏ်တိမ်တိမ်လေးနဲ့ လောကကို မရှုမြင်ကြပါနဲ့၊ အန္တရာယ် ကြီးတယ်"

နားထောင်နေသူအားလုံး၏ မျက်ဝန်းများတွင် ဝမ်းနည်းရိပ်များကို ကျွန်တော် တွေ့လိုက်ရသည်။

"ကဲ… ဟော့၊ မျက်မှန်တစ်လက်၊ ဒိုတီ အဝတ်အစားတစ်စုံနဲ့ လူသား တွေအတွက် နှလုံးသားကို ပုံအပ်ခဲ့တဲ့သူ။ မတရားတဲ့ ဥပဒေ၊ အမိန့်အာဏာ တွေကို အကြမ်းမဖက်တဲ့နည်းနဲ့ အနိုင်ရအောင် စွမ်းဆောင်နိုင်ခဲ့တဲ့ မေတ္တာရှင်။ ကိုယ်ခန္ဓာ ပိန်သေးယိုင်နဲ့ပေမယ့် သတ္တိအရာမှာ မယိုင်နဲ့တဲ့ အကြောက်တရား ကင်းသူ။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး လွတ်မြောက်ရေးအတွက် အမှန်တရား ဘက်က ရပ်တည်ခဲ့တဲ့သူ။

အိန္ဒိယ ပြည်သူပြည်သားများအတွက်သာမက ကမ္ဘာ့ပြည်သူတစ်ရပ် လုံးကပါ ချစ်ခင်လေးစား ကြည်ညိုခြင်းခံရတဲ့ သူတော်စင်တစ်ပါး။ 'အဟိံသ' နဲ့ မေတ္တာတရားကို လက်တွေ့ကျင့်ဆောင်ခဲ့တဲ့ အနိုင်းမဲ့ ဖြူစင် မြင့်မြတ်သူ။ 'မဟတ္တမ' လို့ခေါ်တဲ့ ကြီးမြတ်သော ဝိညာဉ်တော်ရဲ့ အမှတ်တံဆိပ်။ အဲဒီလို ဂုဏ်ပုဒ်တွေ ပိုင်ဆိုင်တဲ့ 'မဟတ္တမဂန္ဒီကြီး' ဟာ ဒီလို အောက်တိုဘာ (၂)ရက်၊ ၁၈၆၉ မှာ မွေးတယ်။ ဒါ့ကြောင့် ဒီနေ့ဟာ သူ့ရဲ့ (၁၄၃)နှစ်မြောက် မွေးနေ့ပဲ။

သူဟာ ငါတို့၊ မင်းတို့ ကမ္ဘာသူ၊ ကမ္ဘာသား အားလုံးရဲ့ နှလုံးသား ထဲမှာ ထာဝရရှင်သန်နေမယ့် ဝိညာဉ်တော်ပဲ။ တိုက်တိုက်ဆိုင်ဆိုင် မင်းတို့နဲ့





အတူ ဂုဏ်ပြုခွင့်ရလို့ ငါ့ကိုယ်ငါ ကျေနပ်တယ်။ မင်းတို့လည်း ထာဝရ ရှင်သန်မယ့် ဝိညာဉ်တွေ ဖြစ်ကြပါစေ"

"ပေးတဲ့ဆုရအောင် ကြိုးစားပါ့မယ် ဆရာ"

"ကဲဟော့၊ လူငယ်တို့ မှတ်ထားကြ။ ရဲရင့်နီစွေးတဲ့ နှင်းဆီပန်းပွင့်ကို မြင်ချင်ရင် နှင်းဆီဆူးတွေကို ရေလောင်းရဲရမယ်။ နှင်းဆီဆူးတွေကို ရေ လောင်းဖို့ တွန့်ဆုတ်နေရင်တော့ ရဲရင့်တဲ့ နှင်းဆီပန်းတွေကို မြင်တွေ့ခွင့်ရမှာ မဟုတ်ဘူး။ နှင်းဆီဆူးတွေကို ကြောက်နေရင် နှင်းဆီရနံ့ကိုလည်း ရှူရှိုက်ခွင့် ဘယ်ရတော့မလဲ။ နှင်းဆီပန်းကို လိုချင်ရင် နှင်းဆီဆူးကို မကြောက်ကြ နဲ့ဟော့"

■

# ရေဦးရေငွေ့ဆိုပြီး အထင်မသေးလိုက်ကြပါနဲ့

## ဆရာကြီးသခင်မြ

(၇-၁၀-၁၈၉၇ မွေးဖွား။ ၁၉-၇-၁၉၄၇ ကျဆုံး)



ခက်နေတာက
ဒီနေ့ခေတ်မှာ
တို့ဆရာတွေ စာမဖတ်ကြဘူး။
သတ္တိလည်း မရှိကြဘူး။
ဆရာကောင်းမှ လူငယ်ကောင်းမယ်။
လူငယ်ကောင်းမှ လူကြီးကောင်းမယ်။
လူကြီးကောင်းမှ တိုင်းပြည်ကောင်းမယ်။
ဒါ့ကြောင့် တိုင်းပြည်တစ်ခုကောင်းစားဖို့
အမျိုးသားရေးအမြင်ရှိတဲ့
ဆရာကောင်းတွေ လိုအပ်တယ်။

## ရေခိုးရေငွေ့ဆိုပြီး အထင်မသေးလိုက်ကြပါနဲ့

"ဆရာဆိုလည်း ဟုတ်၊ မိတ်ဆွေကောင်းဆိုရင်လည်း ဟုတ်။ တစ်နည်းပြောရရင်ကွာ… မြန်မာ့မျိုးချစ်တပ်မတော်ကို ရဲဘော်သုံးကျိပ်က သန္ဓေတည်မွေးဖွားခဲ့တယ်ဆိုရင် အဲဒီသန္ဓေတည်ဖို့ စတင်စိတ်ကူး ကြံစည် ကြိုးစားခဲ့တဲ့သူတွေထဲမှာ အမျိုးသားအာဇာနည်ကြီး သခင်မြတစ်ယောက်လည်း ပါတယ်ကွ"

အဲသည်နေ့က ၇-၁၀-၂၀၁၁ ဖြစ်သည်။

နာရီကို ငုံ့ကြည့်လိုက်သည်။ စာသင်ချိန် ပြီးရန် ဆယ်မိနစ်ခန့် လိုသေး၏။ သည်နေ့က 'ဆရာကြီးသခင်မြ၏ မွေးနေ့'။ ထိုအကြောင်းကို ကျောင်းသား၊ ကျောင်းသူများအား ပြောပြဖို့ စိတ်ကူးလိုက်သည်။

"ကဲဟေ့၊ ဒီကနေ့ မင်းတို့အတန်း ကံကောင်းတယ်။ ဘာ့ကြောင့်လဲဆိုတော့ ဒီနေ့ဟာ ၁၉၄၇၊ ဇူလိုင် (၁၉) ရက်နေ့မှာ ကျဆုံးသွားရရှာတဲ့ အာဇာနည်(၉)ဦးထဲက 'ဆရာကြီးသခင်မြ' ရဲ့ မွေးနေ့ဖြစ်နေလို့ပဲ။ ဆရာက ဒီအကြောင်းပြောချင်လို့ စာတွေဖတ်ထားတယ်။ မင်းတို့ စိတ်ဝင်စားရင် မေးကြ။ ဆရာ ပြောပြမယ်"

ကျွန်တော်၏ တပည့်များ အကြောင်းကို ကျွန်တော် ကောင်းကောင်း သိသည်။ အကြောင်းအကျိုးမဲ့သော စာသင်ကြားနည်းစနစ်ကို သူတို့ မနှစ်သက်။ အကြောင်းနှင့်အကျိုးကို ဆီလျော်အောင် ပြောပြနိုင်စွမ်းရှိလျှင် သူတို့အားလုံးက စိတ်ဝင်တစား မှတ်သားလေ့ရှိကြသည်။

ကျွန်တော် သင်ကြားနေရသည်က ဓာတုဗေဒဘာသာရပ်။ ထိုဘာသာရပ်သည် စာမေးပွဲအောင်ရုံ၊ အမှတ်ကောင်းရုံလောက်သာ သူတို့က စိတ်ဝင်စားကြသည်။ သုတ၊ ရသအကြောင်း ကြားနာရမည်ဆိုလျှင် နားနှစ်ဖက်ကို

ထောင်ပြီး စူးစူးစိုက်စိုက် မှတ်သားလေ့ရှိကြသည်။ သူတို့၏ စိတ်ဝင်စားမှုကို နှိုးဆွလိုသည့်သဘောဖြင့် သူတို့အား မေးခွန်းမေးခွင့် ပေးလိုက်သည်။ ချက်ချင်းဆိုသလို 'နဝရတ်' က လက်ညှိုးထောင်ပြီး မတ်တတ်ရပ်လိုက်သည်။

"ဒီနေ့က သမီးရဲ့ (၁၅)နှစ်မြောက် မွေးနေ့ပါ ဆရာ။ ဆရာ ပြောသလိုဆိုရင် ဒီနေ့ဟာ 'အမျိုးသားအာဇာနည် ဆရာကြီးသခင်မြ' ရဲ့ မွေးနေ့နဲ့ သမီးမွေးနေ့ ထပ်တူကျနေတယ် ဆရာ။ သမီး ပျော်လိုက်တာ"

"နေပါဦး၊ သမီးက ဘာလို့ ပျော်ရတာလဲ"

"အာဇာနည်ပုဂ္ဂိုလ်ဆိုတာ ရှားတယ် ဆရာရဲ့။ နှစ် (၁၀၀) နေလို့ တစ်ယောက်ပေါ်ဖို့ မလွယ်လှဘူး။ ဒါ့ကြောင့်ပါ။ 'ဆရာကြီး သခင်မြ' အကြောင်း ပြောပြပါလား"

"ကဲ... သမီး ထိုင်တော့။ ဆရာ သိသလောက် ပြောပြမယ်၊ အချိန်တော့ သိပ်မရဘူး။ 'ဆရာကြီးသခင်မြ' ကို ၁၈၉၇၊ အောက်တိုဘာလ (၇)ရက်နေ့မှာ မွေးတယ်။ ပြည်မြို့ရဲ့ အနောက်ဘက်၊ ဧရာဝတီမြစ်ကြီးနဲ့ ကပ်လျက် ထုံးဘိုမြို့မှာ မွေးတယ်။ သူ့အဖေက သစ်ကုန်သည် ဦးဘိုချွန်တဲ့။ အမေက ဒေါ်သက်လယ်။ မောင်နှမ (၂) ယောက်ပဲ ရှိတယ်။ စာတော်တယ်။ စာကြိုးစားတယ်။ အင်္ဂလိပ်စာ သိပ်ကောင်းတယ်။ အင်္ဂလိပ်စကားပြော သိပ်ကောင်းတယ်။

သူ့အသက် (၁၉) နှစ်၊ ရန်ကုန်ကောလိပ်မှာ ကျောင်းတက်တယ်။ အဲဒီ ကျောင်းတက်တဲ့ အချိန်မှာပဲ 'ကျောင်းသားညီညွတ်ရေးအသင်း' ကို စတင် ဖွဲ့စည်းတယ်။ အင်္ဂလိပ်လိုတော့ Student Union Club လို့ ခေါ်တာပေါ့။ အဲဒီအသင်းမှာ 'ဆရာကြီး သခင်မြ' က ဦးဆောင်တယ်။ သူ့အသက် (၂၃) နှစ်မှာ ပထမဆုံး 'ကျောင်းသားသပိတ်' ဖြစ်တယ်၊ ၁၉၂၀ ပေါ့။ အဲဒီကျောင်းသားသပိတ်မှာ 'သပိတ်မှောက်ကောင်စီ ဒုတိယဥက္ကဋ္ဌ' နေရာက နေပြီး ရဲရဲဝံ့ဝံ့ တာဝန်ယူခဲ့တယ်"

'မောင်နေမင်း' က လက်ညှိုးထောင်ပြီး မတ်တတ်ရပ်လိုက်သည်။

" 'ကျောင်းသားညီညွတ်ရေးအသင်း' ဆိုတာ ဘာလဲ ဆရာ။ ကျောင်းသားတွေက သပိတ်မှောက်တယ် ဆိုတော့ ကျောင်းသားအလုပ် မလုပ်ကြဘူးလား"





"ဟေ... မောင်နေမင်း၊ သားမေးခွန်းကို ဆရာ နားမလည်ဘူး။ **ပြန်မေးပါဦး**"

" 'ဆရာကြီးသခင်မြ' က ကျောင်းသားဖြစ်ပြီး ဘာလို့ သပိတ်မှောက်တဲ့အထဲမှာ ပါရတာတုံး။ ကျောင်းသားပဲ၊ စာသင်ခန်းထဲမှာ ရှိမနေသင့်ဘူးလား ဆရာ"

"အေး... မင်းမေးခွန်းကို ဆရာ နားလည်ပြီ။ သား ထိုင်တော့။ ဒီလိုရှိတယ်ကွ။ မင်းတို့ကတော့ ကျောင်းသားဆိုတာ စာပဲကျက်ရမယ်။ ကျောင်းစာကလွဲရင် ဘာကိုမှ စိတ်မဝင်စားရဘူး။ ကျောင်းမှန်မှန် တက်ရမယ်။ ဒီလောက်ပဲ မင်းတို့ကသိတာ။ တကယ်တော့ ကျောင်းသားဆိုတာ ဒီ့ထက်လေးနက်တဲ့ လူသားအရင်းအမြစ်ကွ။ ကျောင်းသားဆိုတာ လူငယ်တွေ ဖြစ်တယ်။

လူငယ်ဆိုတာ အမှန်တရားကို မြတ်နိုးတယ်၊ အမှန်တရားဘက်က ရပ်တည်တယ်။ မှားတာတွေ့ရင် ပြောရဲရတယ်၊ မှန်တာလုပ်ဖို့လည်း သတ္တိရှိရတယ်။ ကျောင်းဆိုတာ မှားမှားမှန်မှန် ငုံခံတတ်တဲ့ အကျင့်ဖြစ်ဖို့ သင်ပေးရတဲ့နေရာ မဟုတ်ဘူး။ မှားတယ်ထင်ရင် ပြောရမယ်။ မှန်တယ်ထင်ရင် လိုက်နာရမယ်။

အဲဒီအချိန်တုန်းက အင်္ဂလိပ်အစိုးရက သူတို့ကို 'သခင်ကြီး' လို့ ခေါ်မယ့် ကျောင်းသားတွေကိုသာ မွေးထုတ်ချင်တာ။ ကျွန်စိတ်ပေါက်နေတဲ့ ကျောင်းသားတွေကိုသာ သူတို့က လိုချင်ကြတာ။ 'ဆရာကြီးသခင်မြ' တို့က သခင်စိတ်ရှိတဲ့ ကျောင်းသား။ ဒီတော့ အင်္ဂလိပ်ဖိနှိပ်မှုကို တွန်းလှန်တာပေါ့။ ဒါ့ကြောင့် 'ကျောင်းသားညီညွတ်ရေးအသင်း' ဖွဲ့တာပဲ။ မတရားမှုကို ပြန်ပြောကြမယ်။ မင်းတို့ကြားဖူးတဲ့ 'ဗမာပြည်သည် တို့ပြည်၊ ဗမာစာသည် တို့စာ၊ ဗမာစကားသည် တို့စကား' အစရှိတဲ့ အမျိုးသားရေး စိတ်ဓာတ်တွေ စတင်နိုးကြားစေခဲ့တာ အဲဒီလို အသင်းအဖွဲ့တွေကြောင့်ပဲ။

လိုရင်းပြောကြစို့ကွာ။ အင်္ဂလိပ်အစိုးရက ကျောင်းသားတွေ သပိတ်မှောက်တော့ ကျောင်းတွေ ပိတ်လိုက်တော့တယ်။ ဒီတော့ ကိုယ့်ဇာတိမြို့၊ ရွာကိုပြန်ကြရတယ်။ ကိုယ့်ဇာတိကိုလည်းရောက်ရော ကောလိပ်ကျောင်းသားတွေက အလကား မနေကြဘူး။ ဒီနေ့ခေတ်လို အရက်ဆိုင်၊ ဘီယာဆိုင်၊

ကာရာအိုကော၊ ကေတီဗွီ၊ ကျူရှုံ မသွားကြဘူး။ မြို့ပြန်၊ ရွာပြန် ကျောင်းသား တွေက ကိုယ့်ဇာတိမြေမှာ အမျိုးသားကျောင်းတွေ ထူထောင်လိုက်ကြတယ်''

''အမျိုးသားကျောင်းဆိုတာ ဘာလဲ ဆရာ''

'ဖိုးချစ်' က ချက်ချင်း မတ်တတ်ရပ်ပြီး မေးသည်။

ကျွန်တော်ကလည်း ချက်ချင်း ဖြေလိုက်သည်။

''ကိုယ့်တိုင်းပြည်အကျိုး၊ ကိုယ့်လူမျိုးအကျိုးအတွက် အမျိုးသားရေး စိတ်ဓာတ်အပေါ်မှာ အခြေခံပြီး ကျောင်းနေအရွယ် ဒေသခံလူငယ်တွေ စာ တတ်မြောက်ဖို့ မြို့မိမြို့ဖတွေနဲ့ တိုင်ပင်ပြီး ဖွင့်တဲ့ကျောင်း။ ဒါဟာ လွတ်လပ် ရေးရဖို့အတွက် အရပ်ဘက် လူ့အဖွဲ့အစည်း စတင်သန္ဓေတည် အားကောင်း လာတယ်လို့ ပြောနိုင်တယ်။ အဲဒီ အမျိုးသားကျောင်းတွေကြောင့် တို့လူမျိုးတွေ ရဲ့ စိတ်ထဲမှာ အမျိုးသားရေးစိတ်ဓာတ်တွေ ဖြစ်ပေါ်လာရတယ်။ 'ဆရာကြီး သခင်မြ' ဟာ အမျိုးသားကျောင်းဆရာ တစ်ယောက်လည်း ဖြစ်တယ်။ ဒါ့ကြောင့် 'သခင်မြ' အမည်ရှေ့မှာ 'ဆရာကြီး' ဆိုတဲ့ ဝေါဟာရကိုထည့်ပြီး သုံးရတာပဲ''

''အရပ်ဘက် လူ့အဖွဲ့အစည်းဆိုတာ ဘာလဲ ဆရာ''

ကျောင်းသူ 'ခိုင်သင်းကြည်' က မေးသည်။

''ကိုယ့်ရပ်၊ ကိုယ့်ရွာ၊ ကိုယ့်မြို့၊ ကိုယ့်နိုင်ငံအကျိုးအတွက် တာဝန် သိစိတ်ပေါ် အခြေခံပြီး ကိုယ့်ရပ်မိရပ်ဖတွေနဲ့ ဖွဲ့စည်းထားတဲ့၊ အသိအမြင် ကြွယ်ဝတဲ့၊ ရဲရင့်တဲ့ လူ့အဖွဲ့အစည်းပဲ။ အားကောင်းတဲ့ ဒီမိုကရေစီနိုင်ငံတစ်ခု ဖြစ်ချင်ရင် အားကောင်းတဲ့ အရပ်ဘက် လူ့အဖွဲ့အစည်းတွေ ထွန်းကားနေဖို့ လိုတယ်''

'ချမ်းချမ်း' က လက်ညှိုးထောင်ပြီး မတ်တတ်ရပ်ပြန်သည်။

''ဆရာရှင့်၊ 'ဗိုလ်ချုပ်အောင်ဆန်း' နဲ့ 'ဆရာကြီးသခင်မြ' ဘယ်လို ပတ်သက်ခဲ့တယ်ဆိုတာ ပြောပြပါလား''

''အေး… ဟုတ်ပြီ၊ သမီးထိုင်တော့။ 'ဆရာကြီးသခင်မြ'က ဗိုလ်ချုပ် အောင်ဆန်းထက် အသက် (၁၈)နှစ် ကြီးတယ်။ ၁၃၀၀ ပြည့်အရေးတော်ပုံ၊ မင်းတို့ သင်ဖူးပါတယ်။ အင်္ဂလိပ်လို ၁၉၃၈။ အင်္ဂလိပ်တွေက တို့မြန်မာ ကျောင်းသားတွေကို နံပါတ်တုတ်နဲ့ ရိုက်တယ်၊ မြင်းနဲ့ ကန်တယ်၊ နင်းတယ်။





အဲဒါကို 'ဆရာကြီးသခင်မြ' က မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ရတယ်။ အဲဒီ အချိန်မှာ 'ဆရာကြီးသခင်မြ' က ဂျူဒ်ဆရာစံတို့ရဲ့ 'တောင်သူလယ်သမား အရေးတော်ပုံကြီး' မှာ ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်နေတယ်။ 'ဗမာ တစ်နိုင်ငံလုံးဆိုင်ရာ တို့ဗမာအစည်းအရုံး' အမှုဆောင်တစ်ဦးလည်း ဖြစ်တယ်။

လွှတ်တော်ပါလီမန်ထဲမှာ မြန်မာစကား ပြောခွင့်မပြုတာကို ဆန့်ကျင် နေတဲ့အချိန်ပေါ့။ အင်္ဂလိပ်အစိုးရရဲ့ ကျောင်းသားတွေအပေါ် ရက်စက်မှုကို ပြင်းပြင်းထန်ထန် ကန့်ကွက်တဲ့သဘောနဲ့ ပါလီမန်အမတ်ဘဝကနေ နုတ်ထွက် လိုက်တယ်။ ၁၉၃၉ မှာ သာယာဝတီအမတ်အဖြစ် ပြန်လည်အရွေးခံရတယ်။ အဲဒီအချိန်မှာပဲ သခင်အောင်ဆန်းနဲ့ ချိတ်ဆက်မိတယ်။ သခင်အောင်ဆန်းက မြန်မာ့လွတ်လပ်ရေးအတွက် မြေအောက်တော်လှန်ရေးအဖွဲ့မှာ ပြည်ပတာဝန် ယူတယ်။ 'ဆရာကြီးသခင်မြ' ကတော့ ပြည်တွင်းတာဝန်ကို ယူတယ်။ ဒီလိုနဲ့ သူတို့နှစ်ယောက် ရင်းနှီးလာကြတော့တယ်''

စိတ်ဝင်စားမှု ရှိ၊ မရှိ သိလို၍ စကားကို ခေတ္တရပ်လိုက်သည်။ စာသင်ခန်းကို မျက်လုံးဖြင့် တစ်ချက်ဝေ့ကြည့်လိုက်သည်။ မျက်လုံးများ အရောင်တောက်မတတ် ကျွန်တော့်ကို ကြည့်နေကြသည်။

စကားကို ဆက်လိုက်သည်။

''အိန္ဒိယမှာ ဆိုရင်ကွာ၊ မဟာတ္တမဂန္ဒီနဲ့ နေရူး။ ရုရှားမှာ ဆိုရင် စတာလင်နဲ့ လီနင်။ တရုတ်ပြည်မှာဆိုရင် မော်စီတုံးနဲ့ ချူအင်လိုင်း။ ဗီယက်နမ် မှာဆိုရင် ဟိုချီမင်းနဲ့ ဘနဲဒေါင်း။ အင်္ဂလန်မှာဆိုရင် ချာချီနဲ့ အက်တလီ။ အဲဒီလို နိုင်ငံရေးလုပ်ဖော်ကိုင်ဖက် ညီအစ်ကို သူ့ရဲကောင်းစုံတွဲတွေ အဲဒီ အချိန်က ရှိတယ်ကွ။ ငါတို့ မြန်မာနိုင်ငံမှာတော့ 'ဆရာကြီးသခင်မြ' နဲ့ သခင်အောင်ဆန်းပေါ့။ သခင်အောင်ဆန်းက 'ဆရာကြီးသခင်မြ' ကို ဆရာ လိုလည်း အားကိုးတယ်။ ဒါ့ကြောင့် ကြားဖြတ်အစိုးရ ဖွဲ့စည်းတဲ့အခါ 'ဆရာကြီး သခင်မြ' ကို ပြည်ထဲရေးဝန်ကြီး တာဝန်ပေးတယ်။ ပြီးတော့ အစ်ကိုကြီးတစ်ယောက်လိုလည်း ချစ်တယ်။ လုပ်ဖော်ကိုင်ဖက် တစ်ယောက် လိုလည်း ယုံကြည်တယ်။

'ဆရာကြီးသခင်မြ' ရဲ့ အတွေးအခေါ်ကြောင့် လွတ်လပ်ရေးအတွက် တရုတ်ပြည်နဲ့ ဂျပန်ပြည်ကို သခင်အောင်ဆန်း သွားခဲ့ရတာပဲ။ ဒီတော့ မြန်မာ့

တပ်မတော်ရဲ့အစဟာ ရဲဘော်သုံးကျိပ်လို့ပြောရင် ရဲဘော်သုံးကျိပ်ရဲ့အစဟာ 'ဆရာကြီးသခင်မြ' လို့တောင် ပြောလို့ရတယ်။ ဗိုလ်ချုပ်အောင်ဆန်းကို 'တပ်မတော်ရဲ့ဖခင်' လို့ ခေါ်ရင် 'ဆရာကြီးသခင်မြ' ကို 'တပ်မတော်ရဲ့အဘိုး' လို့ ခေါ်ထိုက်တယ်။ 'ဆရာကြီးသခင်မြ' ရဲ့ စိတ်ကူးကောင်းလို့ လွတ်လပ်ရေး ရခဲ့သလို မြန်မာ့တပ်မတော်ကြီးဆိုတာလည်း တစ်ဆင့်ပြီး တစ်ဆင့် ပေါ်ပေါက်လာခဲ့ရတယ်''

'နေတိုး' က မတ်တတ်ရပ်ပြီး ကျွန်တော့်ကို မေးသည်။

'' 'ဆရာကြီးသခင်မြ' ပြောခဲ့သမျှ စကားတွေထဲက အထိအမိဆုံး စကားတစ်ခွန်းလောက် ပြန်ပြောပြပါလား ဆရာ''

''ငါ မှတ်မိတာတော့ ရှိတယ်။ 'ဆရာကြီးသခင်မြ' အကြိမ်ကြိမ် ပြောခဲ့ဖူးတဲ့စကား။ 'ကျုပ်တို့လူမျိုးအတွက်ဆိုရင် ကျုပ်… ဘာပဲဖြစ်ဖြစ် လုပ်ဖို့ အဆင်သင့်ပဲ။ အခု ခေါင်းဆောင်ပိုင်းတွေရဲ့ လုပ်ပုံက ကျုပ်တို့လူမျိုးတွေအတွက် အများကြီး နစ်နာနေတယ်။ အဲဒါ ခင်ဗျားတို့ တစ်နေ့နေ့ ပြန်လည်ပေးဆပ်ရလိမ့်မယ်' တဲ့''

ကျွန်တော်က လွယ်အိတ်ကို လွယ်လိုက်ပြီး နှုတ်ဆက်ရန် ဟန်ပြင်လိုက်သည်။ ကျောင်းသားအားလုံးက မတ်တတ်ရပ်လိုက်ကြသည်။

''ဒီနေ့က 'အမျိုးသားအာဇာနည် ဆရာကြီးသခင်မြ' ရဲ့ (၁၁၄)နှစ်မြောက်မွေးနေ့ပဲ။ သူ့အကြောင်းကို အသေးစိတ်သိချင်တယ်ဆိုရင် 'ဝိဇ္ဇုရ သခင်ချစ်မောင်' ရေးသားတဲ့ 'အမျိုးသားအာဇာနည် ခေါင်းဆောင်ကြီး သခင်မြ' ရဲ့ အတ္ထုပ္ပတ္တိကို ဖတ်ကြည့်ကြ။ 'ဆရာကြီးသခင်မြ' အကြောင်း ပြောရရင်တော့ ပြီးမှာမဟုတ်ဘူး။

မင်းတို့စိတ်ထဲမှာ မှတ်ထားဖို့ကတော့ 'ဆရာကြီးသခင်မြ' ဟာ ကျောင်းဆရာတစ်ယောက် ဖြစ်တယ်။ ကျောင်းဆရာဘဝကလာတဲ့ နိုင်ငံရေးသမား၊ အမျိုးသားအာဇာနည် တစ်ယောက် ဖြစ်တယ်။ ကျောင်းဆရာတွေရဲ့ တန်ဖိုးကို မြှင့်တင်ပေးသူလည်း ဖြစ်တယ်။ အမျိုးသားရေးစိတ်ဓာတ်ပြည့်ဝမှ ကျောင်းဆရာအလုပ်ကို လုပ်သင့်တယ်လို့ လမ်းညွှန်သွားသူလည်း ဖြစ်တယ်။ အမျိုးသားရေးအမြင်မရှိဘဲ စာတွေချည်းသက်သက် ဖတ်ပြ၊ အော်ပြ၊ ရွတ်ပြနေတတ်တဲ့ ဆရာတွေဟာ လူငယ်တွေရဲ့ အနာဂတ်ကို တန်ဖိုးမထားကြသလို





တိုင်းပြည်အနာဂတ်ကိုလည်း ဖျက်ဆီးနေသူတွေပဲ။ ခက်နေတာက ဒီနေ့ခေတ်မှာ တို့ဆရာတွေ စာမဖတ်ကြဘူး။ သတ္တိလည်း မရှိကြဘူး။ ဆရာကောင်းမှ လူငယ်ကောင်းမယ်။ လူငယ်ကောင်းမှ လူကြီးကောင်းမယ်။ လူကြီးကောင်းမှ တိုင်းပြည်ကောင်းမယ်။

ဒါ့ကြောင့် တိုင်းပြည်တစ်ခု ကောင်းစားဖို့ အမျိုးသားရေးအမြင်ရှိတဲ့ ဆရာကောင်းတွေ လိုအပ်တယ်။ 'ဆရာကြီး သခင်မြ'သာ သက်ရှိထင်ရှားရှိရင်တော့ ဘာပြောမလဲ မသိဘူး။ ကဲ… ဒါပဲဟေ့။ အားလုံး မင်္ဂလာပါကွာ''

စာသင်ခန်းမှအထွက်၊ ကောင်းကင်တွင် လျှပ်စီးများ လက်နေသည်။ မကြာမီ မိုးရွာတော့မည်။

တကယ်တော့ ကောင်းကင်က ရွာကျလာတဲ့ မိုးရေစက် အေးအေးလေးတွေ ဆိုတာ နေအပူဒဏ်ကို ခံခဲ့ရတဲ့ ရေခိုးရေငွေ့လေးတွေရဲ့ အစုအပေါင်းပါပဲ။ ရေခိုးရေငွေ့ဆိုပြီး အထင်မသေးလိုက်ကြပါနဲ့။ သူတို့ ပစ်ပေါက်စိုက်ပျိုးလို့ 'မိုးရာသီ' ဆိုတာ ဖြစ်လာရတာလေ။

**'ကျောင်းသားလူငယ်' ဆိုတာ တစ်ချိန်ချိန်မှာ မိုးရေ၊ မိုးပေါက်၊ မိုးစက်အေးအေးလေးတွေ ဖြစ်လာမယ့် ရေခိုးရေငွေ့လေးတွေပါပဲ။**

**အထင်မသေးလိုက်ကြပါနဲ့။**

■

# ဒါလေးများ အဆန်းလုပ်လို့

ဆရာကြီးရွှေဥဒေါင်း

(၂၄-၁၀-၁၈၈၉ မွေးဖွား၊ ၁၀-၈-၁၉၇၃ ကွယ်လွန်)



ဘယ်လောက်ပဲ သိလတွေယူယူ။
အလှူအတန်းတွေ
ဘယ်လောက်ပဲလုပ်လုပ်။
ကိုယ်ချင်းစာတရား မရှိခြင်းဟာ
မယဉ်ကျေးခြင်းပဲ။

## ဒါလေးများ အဆန်းလုပ်လို့

"ဒီမြေနေရာက 'ဆရာကြီးရွှေဥဒေါင်း' နေထိုင်သွားခဲ့တဲ့ မြေနေရာဗျ"

ပြီးခဲ့သော ဩဂုတ်လက 'မြတောင်'ကျေးရွာသို့ စာပေဟောပြောပွဲ သွားရောက်ခဲ့ရသည်။ ထိုကျေးရွာရှိ ပရဟိတလူငယ်များက ဝမ်းပန်းတသာ ကြိုဆိုကြလေ၏၊ ပြုစုကြလေ၏။ တိုင်းရေးပြည်ရေး နိုင်ငံရေးအကြောင်း ပြောနေကြရင်း 'ဆရာကြီး ရွှေဥဒေါင်း' အကြောင်းကို ရောက်သွားကြသည်။ ယခု ကျွန်တော်တို့ စကားပြောနေသည့် မြေနေရာသည် 'ဆရာကြီးရွှေဥဒေါင်း' နေထိုင်သွားခဲ့သော မြေနေရာဖြစ်သည်တဲ့။ နားထဲတွင် ကြားကြားချင်း စိမ့်ခနဲ ဖြစ်သွားရသည်။

"ဒါဆိုရင် မြတောင်သူတွေက အတော်ချောတယ်ပေါ့နော်"

"ဟုတ်တယ်ရှင့်၊ ဒါကြောင့် 'ဆရာကြီးရွှေဥဒေါင်း' တစ်ယောက် 'မကြီးစိုး' နဲ့တွေ့မှ ခြေလည်း ငြိမ်သွားတယ်။ ပိုပြီးတော့လည်း စာတွေ ရေးလာနိုင်တယ်။ နာမည်လည်း ပိုကြီးလာတယ်"

မြတောင်သူတစ်ယောက်က ကျေကျေနပ်နပ်ကြီး ဝင်ပြီး ပြောလေတော့သည်။ ဤသို့ဖြင့် 'ဆရာကြီးရွှေဥဒေါင်း' အကြောင်းကို တစ်ညလုံး ပြောဖြစ်ခဲ့ကြလေ၏။

မြတောင်သူ၊ မြတောင်သားများသည် 'ဆရာကြီး ရွှေဥဒေါင်း' ကို အလွန်ချစ်ကြလေသည်။ ဂုဏ်လည်း အလွန်ယူကြ၏။ ဆရာကြီးရေးခဲ့သည့် စာပေများကို သည်ကနေ့အထိ မက်မက်စက်စက် ဖတ်နေကြသည်။ သည် စကားပြောပွဲတွင် ကျွန်တော်က နားထောင်သူ၊ မေးမြန်းသူ။

"ဆရာကြီးက အလွန်စမတ်ကျတဲ့သူ"

''စမတ်ကျတယ်ဆိုတာ ဘာလဲဗျ''

''ဝတ်တာ၊ စားတာ၊ နေတာ၊ ထိုင်တာကအစ အလွန်စည်းကမ်းကြီးတယ်။ ကျွန်တော့်အမေရဲ့ အဘွားက 'မကြီးစိုး' ရဲ့ သူငယ်ချင်းလေ''

''မကြီးစိုးက အတော်ချောလား''

''ဧရာဝတီမြစ်တစ်ရိုးက ဧရာဝတီရေချိုသောက်ပြီး ကြီးပြင်းလာတဲ့ ဧရာဝတီမြစ်ကမ်းနံဘေးက မြန်မာအမျိုးသမီး မှန်ရင် ချောကြ၊ လှကြတာချည်းပဲ။ ဖြူဖြူဖွေးဖွေး၊ အရပ်ရှည်ရှည်၊ တကယ့် မြန်မာ့အမျိုးသမီးတွေဗျ''

''ဆိုလှပါလား''

''မြတောင်သူတွေတင် မကဘူး။ ဟိုးအထက်ဘက်က ဗန်းမော်၊ ကသာ၊ အင်းရွာ၊ ထီးချိုင့်။ ပြီးတော့ အောက်ဘက်က တကောင်း၊ ကြာညှပ်၊ တွင်းငယ်၊ မလယ်၊ သပိတ်ကျင်း၊ ကျောက်မြောင်း၊ စဉ့်ကူး၊ ထုံးကြီး…။ အကုန် အချောအလှတွေချည်းပဲ။ မြန်မာဆန်ဆန်၊ နန်းဆန်ဆန်အလှကို မြင်ချင်ရင် ဧရာဝတီမြစ်တစ်ရိုးကိုသာ လာခဲ့''

သူတို့၏ အဖြေစကားကြောင့် နားထောင်ရင်း ပျော်လာမိသည်။

''ကဲ… ဆိုစမ်းပါဦး''

'' 'ဆရာကြီးရွှေဥဒေါင်း' က မန္တလေးသား။ မန္တလေးမြို့၊ ချိုင့်အရပ်မှာ မွေးတယ်။ ဆရာ သိမှာပါ''

''သိတယ်၊ ချိုင့်အရပ်ဆိုတာ ၈၄ လမ်းနဲ့ ၂၃ လမ်းထောင့်ကို ခေါ်တာ''

''ဆရာကြီးက ၁၈၈၉၊ အောက်တိုဘာ (၂၄)မှာ မွေးတယ်။ သူ့ရဲ့ အဖေက ဝက်လက်နဲ့ လှတောရွာကြားက မန်ကျည်းတုံရွာသား။ ဦးဇရာတဲ့။ အမေကတော့ မန္တလေးသူ ဒေါ်ရွှေတဲ့''

''ဟုတ်လား''

''ဆရာကြီးရဲ့ ငယ်နာမည်က 'မောင်ဖေသိန်း' တဲ့။ အသက် (၂၁)နှစ်မှာ ပထမအိမ်ထောင်ကျတယ်။ ပြီးတော့ ကွဲတယ်။ (၂၄)နှစ်မှာ ဒုတိယအိမ်ထောင် ထပ်ပြုတယ်။ အဲဒီအချိန်မှာ 'ရန်ကြီးအောင်ဝတ္ထု' ကို စပြီး ရေးနေပြီ။ 'သူရိယသတင်းစာ' တိုက်က ထုတ်ဝေခဲ့တယ်''

''ဆရာကြီးက စွံလှချေလား''





''ကျွန်တော်ကတော့ ဆရာကြီးကို စွံတယ်လို့ မပြောချင်ဘူး။ အိမ်ထောင်ရေး ကံနည်းတယ်လို့ပဲ ပြောချင်တယ်။ မြတောင်ရွာကို ရောက်လာမှ မကြီးစိုးနဲ့တွေ့ပြီး တတိယအကြိမ်မြောက် အိမ်ထောင်ပြုလေတော့တယ်။ ဒီတော့မှ သူ့ဘဝ တည်ငြိမ်သွားတော့တယ်''

''ညွှန်းလှချေလား''

''ဟုတ်တယ်၊ 'မောင်ဖေသိန်း' ဆိုတဲ့ နာမည်ကနေပြီး ဘာ့ကြောင့် 'ရွှေဥဒေါင်း' ဖြစ်လာရသလဲဆိုတာ ဆရာဘုန်း သိသလား''

''ပြောပြရင် နားထောင်စမ်းပါရစေ''

''ဒီလိုဗျ၊ 'ရန်ကြီးအောင်ဝတ္ထု' နဲ့ 'ရတနာပုံဝတ္ထု' ထုတ်ဝေအပြီးမှာ 'ရွှေဥဒေါင်း' ဆိုတဲ့ ကလောင်နာမည်ကို သုံးတယ်။ ဆရာကြီးက 'သူရိယသတင်းစာ' တိုက်မှာ အယ်ဒီတာလုပ်နေတဲ့ အချိန်ပေါ့။ 'သူရိယ' ဆိုတာ 'နေမင်း'။ ကျွန်တော်တို့ မြန်မာတွေက 'နေ' ကို 'ဥဒေါင်း' နဲ့ တင်စားကြတယ်။ ဒါ့ကြောင့် 'သူရိယသတင်းစာ' တိုက်ကို အစွဲပြုပြီး 'ရွှေဥဒေါင်း' ဖြစ်လာရတော့တာပဲ''

''အခုမှပဲ ရှင်းတော့တယ်''

''အဲဒီ 'သူရိယ' မှာပဲ 'စုံထောက်မောင်စံရှား' ဆိုတဲ့ ဇာတ်ကောင်ကို မွေးဖွားလိုက်ပြီး 'ကြိုးကြာကန် လူသတ်မှု' ဆိုတဲ့ စုံထောက်ဝတ္ထုကို ရေးတော့တာပဲဗျ''

''စုံထောက်မောင်စံရှား ဝတ္ထုတွေက 'ရှားလော့ဟုမ်း' ရဲ့ ဝတ္ထုတွေဆို''

''ဟုတ်တော့ဟုတ်တယ်။ ဒါပေမဲ့ ဆရာကြီးက 'ရှားလော့ဟုမ်း' ရဲ့ ဝတ္ထုတွေကို ဘာသာပြန်ခဲ့တာ မဟုတ်ဘူး။ မြန်မာမှု ပြုခဲ့တာ''

''မြန်မာမှုပြုတယ်ဆိုတာ ဘာလဲ''

''ဒီလိုဗျ၊ ဘာသာပြန်တယ်ဆိုတာက မူရင်းရေးသားတဲ့ ဝတ္ထုထဲက ဇာတ်ကောင်နာမည်တွေ၊ တည်နေရာတွေအတိုင်း ပြန်ဆိုကြရတယ်။ ရေးသားကြရတယ်။ ဒီတော့ ဖတ်ရတဲ့သူအဖို့ အဆင်မပြေဘူး။ မြန်မာမှုပြုတယ်ဆိုတာ မူရင်းဝတ္ထုရဲ့ကျောရိုးကို မှီငြမ်းပြီး ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ဓလေ့၊ ကိုယ့်သဘာဝအတိုင်း အဆင်ပြေချောမွေ့အောင် 'စု၊ တု၊ ပြု' ရတယ်။

ပြီးတော့ ဖတ်ချင့်စဖွယ်ဖြစ်အောင် ပြန်လည်ဖန်တီးရေးသားရတယ်။ မြန်မာမှု ပြုရတာက ဘာသာပြန်ရတာထက် ပိုပြီးခက်တယ်''

''ဘာ့ကြောင့်လဲဗျ''

''မြန်မာမှုပြုတယ်ဆိုတာ အင်္ဂလိပ်စာကို မြန်မာလို သိရုံမျှမက မြန်မာ့ရေမြေသဘာဝတွေနဲ့ စာပေဓလေ့တွေကိုပါ ကျွမ်းကျင်မှ ရေးသားလို့ ရတဲ့အရာပဲ။ ဒါ့ကြောင့် ဆရာကြီးရဲ့စာပေတွေက ဒီကနေ့အထိ ခိုင်မာနေ တာပေါ့''

''ဖြစ်နိုင်ပါတယ်''

''ဆရာကြီးရဲ့ 'ဘဝတစ်သက်တာမှတ်တမ်း' ကို လူ တော်တော် များများ ဖတ်ဖူးကြတယ်။ ဆရာကြီးရဲ့ ဘဝဒဿနတွေကို အဲဒီစာအုပ်ထဲမှာ မြင်တွေ့နိုင်တယ်''

''ဖတ်ဖူးပါတယ်''

''ဆရာကြီးက ဟောဒီ 'မြတောင်' နဲ့ 'ကမ်းနီ' ရွာမှာ ရှိတဲ့ကလေး တွေကို အင်္ဂလိပ်စာ သင်ပေးသေးတယ်။ အလွတ်ပညာသင်ကျောင်းမှာ ကျောင်းဆရာ ဝင်လုပ်ဖူးတယ်တဲ့။ ဆရာကြီးရဲ့ တပည့်တွေက မွေးတဲ့ မြေးတွေ၊ မြစ်တွေကတော့ မြတောင်မှာ အများကြီးပဲ''

''ကံကောင်းလိုက်တာနော်''

''ပြောရဦးမယ်၊ 'ဆရာကြီးရွှေဥဒေါင်း' ရဲ့ ဘဝတစ်သက်တာ မှတ်တမ်းထဲမှာ ပါတယ်လေ''

''ဘာများတုံး''

''ဒီဇင်ဘာလကိုရောက်ရင် ကြောက်တယ်တဲ့''

''ဘာဖြစ်လို့လဲဗျ''

''အိမ်ထောင်သုံးဆက် ပြုခဲ့တယ်။ အိမ်ထောင်သုံးဆက်လုံး ဒီဇင် ဘာလမှာချည်းပဲ ယူခဲ့ရတာတဲ့။ ဒါ့ကြောင့် ဆရာကြီးက ဒီဇင်ဘာလရောက် တိုင်း ရင်ခုန်သတဲ့။ ကြောက်သတဲ့လေ။ 'မြတောင်သူ မကြီးစိုး' ကိုလည်း ဒီဇင်ဘာလမှာ ကောက်ညှင်းကျည်တောက် ဖုတ်ရင်း၊ စားရင်းနဲ့ ညားခဲ့ကြတာ တဲ့၊ တောင်းရမ်းခဲ့ကြတာတဲ့''

''အခု… ကောက်ညှင်းကျည်တောက် စားရရင် ကောင်းမှာပဲနော်''





အားလုံးက ကျွန်တော့်စကားကြောင့် 'တခစ်ခစ်' ဖြင့် ရယ်သွမ်းသွေး ကြလေသည်။

''ဆရာက နားပဲထောင်နေတော့တယ်၊ ဝင်ပြီး ဆွေးနွေးပါဦးဗျ''

ကျွန်တော့်ကို သူတို့က ဖိတ်ခေါ်သည်။ ဒါ့ကြောင့် ဝင်ပြီး ဆွေးနွေးရ လေသည်။

'' 'ဆရာကြီး ရွှေဥဒေါင်း' ရဲ့ စာတွေကို ကျွန်တော်လည်း အလွန် ကြိုက်ပါတယ်။ ငယ်ငယ်တုန်းကတော့ 'စုံထောက် မောင်စံရှား' ကို အသည်းစွဲ ဖတ်ခဲ့တာပေါ့။ အရွယ်ကလေးရလာတော့ 'ဆရာကြီးရွှေဥဒေါင်း' ရေးတဲ့ ကိုယ်ကျင့်တရားနဲ့ ပတ်သက်တဲ့ စာပေတွေကို ပိုပြီး ကြိုက်တတ် လာတယ်''

''ဘာ့ကြောင့်လဲ ဆရာ''

''ဆရာကြီး ရေးသားတဲ့ စာတွေဟာ ရိုးတယ်၊ ရှင်းတယ်၊ ထိမိတယ်။ မသိရင် မရေးဘူး။ ရေးရင်လည်း တစ်ဖက်လူသိအောင်၊ နားလည်အောင် ရေးတတ်တယ်။ ဥပမာဗျာ…''

''ဟုတ်ကဲ့၊ ပြောပါဆရာ''

''နိုင်ငံခြားဝတ္ထုတွေကို ဖတ်ဖို့ ဆရာကြီးက ညွှန်းတယ်။ နိုင်ငံခြားဝတ္ထု တွေထဲမှာ လူတစ်ယောက် လူဖြစ်လာဖို့အတွက် ထားရှိအပ်တဲ့ သတ္တိတွေ၊ စိတ်ဓာတ်တွေ၊ အပြုအမူတွေ၊ ရဲရင့်ခြင်းတွေ၊ ကိုယ်ချင်းစာတရားတွေ၊ စည်းကမ်းရှိမှုတွေ၊ ရိုးသားမှုတွေ၊ ကြိုးစားမှုတွေ အမြဲပါတယ်။ အဲဒါတွေကို ဖတ်ချင့်စဖွယ်ဖြစ်အောင် အကွက်ချပြီး စနစ်တကျရေးတတ်တယ်၊ ရေး ကြတယ်။

ကျွန်တော်တို့ဆီက စာပေတွေမှာတော့ လူပီသဖို့၊ ကိုယ်ချင်းစာဖို့ ထက် ကိုယ်လွတ်ရုန်းဖို့၊ ကိုယ်ကောင်းစားဖို့၊ ကိုယ့်တစ်ကိုယ်ရည် အောင်မြင်မှု တွေကို အသားပေးပြီး ရေးတတ်ကြတယ်လို့ ဆရာကြီးက ဆိုတယ်''

''ကျွန်တော်လည်း အဲဒီအကြောင်းကို ဖတ်ဖူးတယ် ဆရာ''

''ဆရာကြီးက ပြောဖူးတယ်။ ယဉ်ကျေးမှုနဲ့ ကိုယ်ကျင့်တရားဆိုတာ မေတ္တာစိတ်အပေါ် အခြေခံတဲ့ ကိုယ်ချင်းစာတရားရဲ့ အသီးအပွင့်တွေပဲတဲ့။ ဘယ်လောက်ပဲ သီလတွေယူယူ၊ အလှူအတန်းတွေ ဘယ်လောက်ပဲလုပ်လုပ်၊

ကိုယ်ချင်းစာတရားမရှိခြင်းဟာ မယဉ်ကျေးခြင်းပဲတဲ့။ ယဉ်ကျေးမှုကို တချို့က ဝတ်စားနေထိုင်သွားလာမှုနဲ့ ဆုံးဖြတ်တတ်ကြတယ်။

တချို့ကတော့ ယဉ်ကျေးမှုကို ကိုးကွယ်တဲ့ဘာသာအပေါ်မှာ အခြေခံပြီး တွေးတောတတ်ကြတယ်။ တချို့များကျတော့ နိုင်ငံ၊ လူမျိုးနဲ့ အသားအရောင်ကြည့်ပြီး ယဉ်ကျေးမှု ဆိုတာကို အဓိပ္ပာယ်ဖွင့်တတ်ကြတယ်။ တကယ်တော့ ယဉ်ကျေးမှုဆိုတာ ကိုယ်ချင်းစာစိတ်ကသာ ပေါက်ဖွားနိုင်တာ။ ကိုယ်ချင်းစာတရား နည်းပါးခြင်းဟာ ရိုင်းစိုင်းခြင်းပဲ။ တစ်နည်းပြောရရင် မယဉ်ကျေးခြင်းပဲ''

''လက်ခံပါတယ် ဆရာ''

''ဆရာကြီးက ၁၉၇၃ ခုနှစ်၊ ဩဂုတ်လ (၁၀) ရက် မန္တလေးနေအိမ်မှာပဲ ကွယ်လွန်ရှာတယ်။ ဆရာကြီးရေးခဲ့တဲ့ စာတွေကတော့ အများကြီးပဲ။ အကုန်တော့ မဖတ်ဖူးသေးဘူး။ ဆရာကြီးကို အားကျတယ်''

''ကျွန်တော်တို့လည်း အတူတူပါပဲ ဆရာ''

''အေးကွာ၊ ဝမ်းသာတယ်။ 'ဆရာကြီးရွှေဥဒေါင်း' နေခဲ့တဲ့ 'မြတောင်' ကျေးရွာကို ရောက်ခွင့်ရလို့။ ပြီးတော့ 'ဆရာကြီး ရွှေဥဒေါင်း' နေခဲ့တဲ့ မြေပေါ်မှာ 'ဆရာကြီးရွှေဥဒေါင်း' အကြောင်း ပြောခွင့်ရလို့''

''ဒါပဲလား ဆရာ''

''ပြီးတော့ ရှိသေးတယ်ကွ၊ ငါ စဉ်းစားနေတာ''

''ဘာများလဲ ဆရာရဲ့''

''ဆရာကြီးရွှေဥဒေါင်းက မြတောင်ကျေးရွာမှာ ၁၉၂၀ ကနေပြီး ၁၉၂၆ အထိ နေခဲ့တယ်တဲ့။ ငါးနှစ်၊ ခြောက်နှစ်လောက် ကြာမှာပေါ့။ အဲဒီအချိန်မှာ ဆရာကြီးက ဆေးတံကြီးကို ပါးစပ်မှာကိုက်ပြီး ဝတ္ထုတွေ၊ စာတွေရေးမှာကွ''

''အဲဒီတော့ ဘာဖြစ်လဲ ဆရာ''

''မင်းတို့ပဲ စဉ်းစားကြည့်။ အဲဒီအချိန်တုန်းက ဒီရွာမှာ လျှပ်စစ်မီး မရှိဘူးကွ။ အောက်လင်းမီးအိမ်ကြီးကို 'မကြီးစိုး' က ရေနံဆီထည့်မယ်။ လေထိုးပေးမယ်။ မီးစာကို မီးညှိပေးမယ်။ ပြီးတော့ ဆရာကြီးက စာရေးမယ်။ တစ်ခါတလေဆိုရင် ဖယောင်းတိုင်မီးထွန်းပြီး အဲဒီ မီးရောင်အောက်မှာ စာရေးမယ် ထင်တယ်။ ငါ တွေးကြည့်တာပါ''





ကျွန်တော်တို့ စကားဝိုင်းကို နားထောင်နေကြသော လူငယ်များထဲမှ လူငယ်လေးတစ်ယောက်က ဝင်ပြီးပြောသည်။ သူ့စကားကြောင့် နားထောင်နေသူ အားလုံးက မပြုံးဘဲ 'ဝုန်းခနဲ' ရယ်လိုက်မိကြလေ၏။

''မြတောင်မှာ ဟိုးလွန်ခဲ့တဲ့ နှစ်(၉၀)တုန်းက လျှပ်စစ်မီး မရှိဘူး။ အခုလည်း ဘာထူးလို့လဲ၊ ဟိုတုန်းက အတိုင်းပါပဲ။ အခုထိ လျှပ်စစ်မီး မရှိပါဘူးဗျာ။ မြတောင်ရဲ့အရှေ့ဘက်မှာရှိတဲ့ သဗ္ဗာမြိုင်းမှာတော့ လျှပ်စစ်မီးက ထိန်ထိန်ကို လင်းလို့။ မြတောင်မှာ လျှပ်စစ်မီးမလင်းတာများ ဆရာရယ်၊ ဒါလေးများ အဆန်းလုပ်လို့''

■

## အကောင်ဖြစ်ချင်ရင် ဥခွံကို ဖောက်ထွက်

ဆရာကြီး မန်းဘခိုင်

(၂၆-၁၀-၁၉၀၃ မွေးဖွား၊ ၁၉-၇-၁၉၄၇ ကျဆုံး)



ကြက်ဥတော်တော်များများက
ရေနွေးနဲ့ အပြုတ်ခံကြရတယ်။
တချို့ကတော့ ဒယ်အိုးထဲထည့်ပြီး အကြော်ခံကြရတယ်။
အကောင်ပေါက်သွားတဲ့ ကြက်ဥဆိုတာ ရှားတယ်။
ကြက်ဥအနည်းစုကသာ
အကောင်ဘဝကို ရောက်သွားကြရတယ်။

## အကောင်ဖြစ်ချင်ရင် ဥခွံကို ဖောက်ထွက်

"ငါ့ပန်းကန်ထဲကို ငှက်ပျောအူ များများထည့်ပေးဟာ"

၂၆-၁၀-၂၀၁၂။

သည်နေ့မနက် အဆောင်တွင် 'မုန့်ဟင်းခါး' ချက်ပြီး စားကြသည်။ ကြက်သွန်နီ နွှာသူက နွှာ။ ငှက်ပျောအူ လှီးသူက လှီး။ ငါးရံ့ကို ပြုတ်ပြီး အသားနွှင်သူက နွှင်။ မြေပဲစိမ်းကို လှော်ပြီး ထောင်းသူက ထောင်း။ မီးမွေးသူက မွေး။ ပန်းကန်ဆေးသူက ဆေး။ အလွန် ပျော်စရာကောင်းပါသည်။ သီတင်းကျွတ် ကျောင်းပိတ်ရက် အိမ်ပြန်ကြရတော့မည်ဖြစ်၍ အမှတ်တရ မုန့်ဟင်းခါး ချက်စားဖြစ်ကြသည်။

မုန့်ဟင်းခါး ကျက်ပြီ။ ဟင်းရည် မွှေးမွှေးသင်းသင်းလေးကြောင့် ကျောင်းသူ၊ ကျောင်းသားများက စားချင်နေကြပြီ။ ကိုယ့်ပန်းကန်ကို ကိုယ်ယူပြီး မုန့်ဖတ် ထည့်ကြသည်။ ဟင်းရည်ကို ကျောင်းသားတစ်ယောက်က ထည့်ပေးနေသည်။ ထိုသို့ ဟင်းရည်ထည့်ပေးနေစဉ်တွင် ကျောင်းသူ 'နော်အဲဖော' က ငှက်ပျောအူ များများထည့်ပေးရန် တောင်းဆိုသည်။ သူတို့တစ်တွေ ပျော်ပျော်ပါးပါး မုန့်ဟင်းခါးစားနေကြသည်ကိုကြည့်ပြီး ကျွန်တော့်စိတ်ထဲတွင် ကြည်နူးနေမိသည်။

"မုန့်ဟင်းခါးစားပြီးရင် ကိုယ့်ပန်းကန်ကို ကိုယ်ဆေးရမယ်။ ဒီနေ့ညစာကျက်ပြီးရင် အမှတ်တရစကားပြောပွဲ ရှိတယ်ဟေ့။ ဒီနေ့ဟာ တို့နိုင်ငံအတွက် အရေးကြီးတဲ့ လူတစ်ယောက်ရဲ့ မွေးနေ့ပဲ။ ဘယ်သူ့မွေးနေ့လဲဆိုတာ ညပိုင်းမှာ ဆရာ ပြောပြမယ်"

သည်လိုနှင့်… ညပိုင်းကို ရောက်လာခဲ့ပြီ။ ထိုညက 'လ' သာ၏။ 'လ' ထွက်စော၏။ လရောင်အောက်တွင် လူစုံနေပြီ။

ကျွန်တော်က စကားကိုစလိုက်သည်။

"ဒီနေ့ စကားပြောပွဲမှာ ကျောင်းသူတစ်ယောက်ကို ဆရာ ရွေးချယ်ထားတယ်။ သူ ပြောရမယ့် စကားတွေအတွက် ကြိုပြီးတော့ စာအုပ်တွေကို ဆရာ ပေးထားတယ်၊ ဖတ်ခိုင်းထားတယ်။ ဒီအကြောင်း ဘယ်သူ့ကိုမှ အသိပေးမထားဘူး။ ဆရာ့ကို ခွင့်လွှတ်ကြပါ"

အားလုံး အံ့သြသွားကြသည်။ ဘယ်သူများ ဖြစ်မလဲပေါ့။

"အဲဒီကျောင်းသူကတော့ 'ခင်ကြည်'။ ကဲ… 'ခင်ကြည်'၊ သမီးရှေ့ကို ထွက်ခဲ့ပါ၊ စကားပြောပါ။ သူငယ်ချင်းတွေမေးရင် ဖြေပေးပါ"

ပြုံးရွှင်သော မျက်နှာဖြင့် 'ခင်ကြည်' တစ်ယောက် သူငယ်ချင်းတွေရှေ့သို့ ဖျတ်ဖျတ်လတ်လတ် ရောက်လာသည်။

"ငါ့နာမည်က 'ခင်ကြည်'။ ငါ့ကို နင်တို့က 'ဗိုလ်ချုပ်ကတော်' လို့ ခေါ်ကြတယ်။ သီတင်းကျွတ်ကျောင်းပိတ်ချိန် အိမ်အပြန်မှာ စကားပြောပွဲရှိတယ်လို့ ဆရာကပြောတယ်။ အဲဒီ စကားပြောပွဲအတွက် ဆရာက 'အမျိုးသားအာဇာနည်ပုဂ္ဂိုလ်ကြီး ဆရာမန်းဘခိုင်' အကြောင်းကို ကြိုတင်ပြီး လေ့လာခိုင်းထားတယ်။ ငါ သိသလောက် ပြောပြမယ်၊ မရယ်ကြနဲ့ဟာ"

မရယ်ကြနဲ့ပြောမှ သူငယ်ချင်းတွေက ရယ်ကြတော့သည်။

"ဆရာကြီးမန်းဘခိုင်က ၁၉၀၃ ခုနှစ်၊ အောက်တိုဘာလ (၂၆)မှာ မွေးတယ်။ ဒီနေ့ဟာ 'ဆရာကြီးမန်းဘခိုင်' ရဲ့ (၁၀၉) နှစ်မြောက်မွေးနေ့။ သူက ကရင်အမျိုးသားကြီး။ တနင်္လာသား။ ငါလည်း တနင်္လာသမီးပဲ"

'ခင်ကြည်' က တနင်္လာသမီးဖြစ်ရတာကို ကြွဖန်ပြီး ဂုဏ်ယူလိုက်သေးသည်။ နားထောင်နေသူအားလုံးက တပြုံးပြုံးနှင့်။

"ဟင်္သာတမြို့နဲ့ (၁၅)မိုင်လောက်ဝေးတဲ့ ဟင်္သာတ-ပုသိမ် မီးရထားလမ်းပေါ်က ယုန်သလင်းရွာသား။ သူ့အဖေက သူကြီး။ ကရင်အမျိုးသားကြီး 'မန်းပေကုန်း'။ အမေက 'ဒေါ်ပု'။ သူက ဟင်္သာတမြို့မှာရှိတဲ့ 'အေဘီအမ်' ကျောင်းမှာ ကျောင်းနေခဲ့တယ်။ 'ဘားမားရိုင်ဖယ်' တပ်ထဲကို ဝင်ခဲ့ဖူးတယ်တဲ့။ ၁၉၂၆ နောက်ပိုင်းမှာ ကရင်ရပ်သူရွာသားတွေ သက်သာချောင်ချိဖို့ ရည်ရွယ်ပြီး သူတို့ညီအစ်ကိုတစ်တွေက အစုစပ်ကုမ္ပဏီ ထောင်ကြတယ်။ ကရင်စာပေထွန်းကားဖို့ ရည်ရွယ်ပြီးတော့လည်း သူ့ပိုက်ဆံနဲ့ ကရင်ကျောင်း





တစ်ကျောင်းကို ဖွင့်လှစ်ခဲ့ဖူးတယ်။ ပြီးတော့ 'ကရင်လူငယ်များ အစည်းအရုံး' ကိုလည်း ဖွဲ့စည်းခဲ့တယ်။ ကရင်တိုင်းရင်းသား ဂျာနယ်ရဲ့ အယ်ဒီတာအဖြစ်လည်း လုပ်ခဲ့တယ်တဲ့"

'ခင်ကြည်' က အသားညိုညို၊ အရပ်ရှည်ရှည်၊ မျက်ခုံး မျက်လုံးကောင်းကောင်း။ အတန်းထဲတွင် မလှသော်လည်း ထင်ရှားသည်။ လူမကြောက်တတ်။ ပျော်ပျော်ရွှင်ရွှင် နေတတ်သည်။ စာစီစာကုံး အရေးကောင်းသည်။ လက်ရေးလှသည်။ အတော်ဆုံးမဟုတ်ပေမယ့် စာအကြိုးစားဆုံးသူတွေထဲက တစ်ယောက်ဖြစ်သည်။

"မနက်တုန်းက ငါတို့ မုန့်ဟင်းခါး ချက်စားကြတယ်။ ငှက်ပျောအူ ထည့်တယ် မဟုတ်လား။ မုန့်ဟင်းခါးထဲမှာ ငှက်ပျောအူ ထည့်တယ်ဆိုတာ ကရင်ရိုးရာ အစားအစာပဲ။ ဗိုလ်ချုပ်အောင်ဆန်းက ဧရာဝတီတိုင်းကို လာတယ်။ အဲဒီအချိန်မှာ ဗိုလ်ချုပ်အောင်ဆန်းကို မုန့်ဟင်းခါးနဲ့ ဧည့်ခံတယ်။ ဗိုလ်ချုပ်အောင်ဆန်းက ငှက်ပျောအူ များများထည့်ပေးပါလို့ ပြောတယ်။ အဲဒါကို ကရင်အမျိုးသားတွေက မြင်တွေ့ကြရပြီး 'ဗိုလ်ချုပ်အောင်ဆန်း' ဟာ ငါတို့ ကရင်အမျိုးသားတွေနဲ့ ရုပ်ရည်ချင်းကလည်း ဆင်တယ်၊ စိတ်ဓာတ်ကလည်း တူညီတယ်လို့ ခံစားကြရတယ်။ ဒီလိုနဲ့ ဗိုလ်ချုပ်အောင်ဆန်းကို ချစ်ပြီးရင်း ချစ်ရင်း ဖြစ်သွားကြတော့တယ်"

ငှက်ပျောအူ အကြောင်းကို ထည့်ပြော၍ နားထောင်နေကြသည့် သူငယ်ချင်းများက 'နော်အဲဖော' ကို လှမ်းပြီး ကြည့်လိုက်ကြသည်။

'နော်အဲဖော' က ကရင်အမျိုးသမီး ဖြစ်သည်။ သူက မတ်တတ်ရပ်ပြီး 'ခင်ကြည့်' ကို မေးခွန်းမေးသလိုနှင့် ပြောသည်။

"ခင်ကြည်မရေ၊ ငါက ဟင်္သာတသူ။ ကရင်။ ငါတို့ ကရင်အမျိုးသားတွေထဲမှာ ထင်ရှားတဲ့ အမျိုးသားခေါင်းဆောင်တွေ ရှိသေးတယ်ဟ။ 'ဆရာကြီးမန်းဘခိုင်'၊ တို့နိုင်ငံရဲ့ ဒုတိယမြောက် ရွေးချယ်ခံရတဲ့ 'နိုင်ငံတော် သမ္မတ မန်းဝင်းမောင်'၊ 'ဆရာကြီးစောစံဖိုးသင်'။ ငါ့ဦးလေးက ကျောင်းထားပေးလို့ ဒီကိုရောက်လာရတာ။ ငါသိချင်လို့မေးမယ်။ 'သဒ္ဒါကပိုသည်၊ ဆရာမကိုပဲ အသည်းစွဲအောင် ချစ်မိပြီ' ဆိုတဲ့သီချင်းအကြောင်း နင်သိသလောက် ပြောပြပါလား"

'ခင်ကြည်' က ပြုံးဖြဲဖြဲလုပ်ပြီး ဖြေသည်။

''ငါသိသလောက် ပြောမယ်နော်။ ဂျပန်တွေဝင်လာတော့ အင်္ဂလိပ်တွေ ပြေးတယ်ဟ။ ၁၉၄၂ မှာ ကရင်-ဗမာအဓိကရုဏ်း ဖြစ်တယ်၊ 'မြောင်းမြမြို့' မှာပေါ့။ ဗိုလ်ချုပ်အောင်ဆန်းက ကရင်-ဗမာ ချစ်ကြည်ရေး ပြန်လည်တည်ဆောက်ဖို့အတွက် မြောင်းမြမြို့ကို သွားခဲ့တယ်တဲ့။ ဗိုလ်ချုပ်နဲ့ ဒေါ်ခင်ကြည်တို့ ရပြီးစအချိန်လောက် ဖြစ်မယ်ထင်တယ်။ ဒေါ်ခင်ကြည်ကလည်း မြောင်းမြသူဆိုတော့ ကရင်သွေးပါနိုင်တယ်ဟ''

'ခင်ကြည်' တစ်ယောက် သိသလောက် ပြောနေရှာတော့သည်။

''ဗိုလ်ချုပ်အောင်ဆန်းက ဒီလိုပြောတယ်၊ ခါတော်မီ သခင်တွေ ရမ်းကားမှုကြောင့် ကရင်-ဗမာ ပြဿနာဖြစ်ရတာ။ ဒီအချိန်မှာ ညီညွတ်ရေးဆိုတာ သေရေးရှင်ရေးတမျှ အရေးကြီးတယ်။ အဲဒီလိုပြောပြီး ဧရာဝတီတိုင်းကို သွားခဲ့တယ်တဲ့။ ကရင်လူငယ်တွေပါတဲ့ လက်နက်ကိုင် ကရင်တပ်ရင်း တစ်ရင်းကိုလည်း ယုံယုံကြည်ကြည်နဲ့ ဖွဲ့စည်းပေးခဲ့တယ်တဲ့။ 'စောစံဖိုးသင်' ကိုလည်း တပ်ရင်းမှူးရာထူး ခန့်အပ်ခဲ့သတဲ့။ ဗိုလ်ချုပ်အောင်ဆန်းက ရောက်လေရာအရပ်မှာ ကရင်အစားအစာတွေကို နှစ်နှစ်ခြိုက်ခြိုက် စားသတဲ့လေ။ တကယ်လည်း ကြိုက်တယ်တဲ့ဟ။ ငါ ဖတ်ဖူးတာ ပြောပြဦးမယ်''

'ခင်ကြည်' က စကားစကို ဖြတ်လိုက်သည်။ ကျွန်တော့်ကို လှမ်းကြည့်လိုက်သည်။ ကျွန်တော်ကလည်း သိသလောက် ဆက်ပြော ဆိုသည့် အမူအရာဖြင့် မေးငေါ့ပြလိုက်သည်။

''ဗိုလ်ချုပ်အောင်ဆန်းက ကရင်ရွာတွေကိုသွားရင် သူ့လက်ထဲမှာ ဘယ်တော့မှ လက်နက်ကို ကိုင်မသွားဘူးတဲ့။ ရွာသူကြီးအိမ်ကို ရောက်ရင်လည်း သူတို့ စားသလိုပဲ စားတယ်တဲ့။ ငါးပိရည် ကောင်းကောင်း၊ တို့စရာ လတ်လတ်ဆတ်ဆတ်ကို ဗိုလ်ချုပ်အောင်ဆန်းက အလွန်ကြိုက်တယ်ဆိုပဲ။ အုန်းသီးကိုခွဲပြီး အုန်းရည်တိုက်တဲ့အခါမှာလည်း ဗိုလ်ချုပ်အောင်ဆန်းက ဒီအတိုင်းပဲ မော့သောက်တယ်တဲ့။ ကရင်-ဗမာအဓိကရုဏ်းဖြစ်တဲ့ အကြောင်းကို ပုံကြီးချဲ့ပြီး မပြောဘူး။ ကရင်လူမျိုးတွေရဲ့ ဓလေ့ထုံးစံအတိုင်း ရင်းရင်းနှီးနှီးနေတယ်၊ ထိုင်တယ်၊ စားတယ်၊ သောက်တယ်။ ဒါ့ကြောင့် ကရင်နဲ့ဗမာ ညီညွတ်ခဲ့ကြတယ်။





'ဆရာမ' သီချင်းက ဗိုလ်ချုပ်အောင်ဆန်းအတွက် ကရင်လူငယ်လေးတွေက ရေးပေးတာလို့ ငါလေ့လာဖူးတယ်။ ဒီသီချင်းဟာ ကရင်-ဗမာ ချစ်ကြည်ရေးရဲ့ အမှတ်အသားပဲ၊ သင်္ကေတပဲ၊ သမိုင်းပဲ''

'မောင်သန်းထွန်း' က ထိုင်နေရင်း 'ခင်ကြည်' ကို မေးလိုက်သည်။

''မန်းဘခိုင်က အာဇာနည် (၉)ဦးထဲမှာ ဘာတာဝန်ကို ယူရတာလဲ''

''စက်မှုလက်မှုနဲ့ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးအဖြစ် တာဝန်ယူခဲ့တယ်။ တကယ်တော့ 'မန်းဘခိုင်' က ဝန်ကြီးဖြစ်ဖို့ မဟုတ်ဘူးဟ။ ၁၉၄၆၊ စက်တင်ဘာလမှာပေါ့။ ဖ·ဆ·ပ·လ အဖွဲ့ချုပ်က ရရှိထားတဲ့ ဝန်ကြီးနေရာတွေထဲမှာ ကရင်-ဗမာသွေးစည်းရေးအတွက် ရည်ရွယ်ပြီး ကရင်အမျိုးသားတစ်ဦးဦးကို ဝန်ကြီးအဖြစ် ခန့်အပ်ဖို့ ဆုံးဖြတ်ခဲ့ကြတယ်တဲ့။ အဲဒီနေရာမှာ ကရင်အမျိုးသားကြီး 'မန်းဝင်းမောင်' ကို ရည်ရွယ်သတဲ့။

'ဗိုလ်ချုပ်အောင်ဆန်း' က အဆိုတင်တယ်။ 'ဦးနု' က ထောက်ခံတယ်။ ကျန်တဲ့အမှုဆောင်တွေကလည်း ထောက်ခံကြတယ်။ ဒါပေမဲ့ 'ဦးကျော်ငြိမ်း' နဲ့ 'ဦးဘဆွေ' တို့ကကန့်ကွက်တဲ့အတွက် ကရင်အမျိုးသားကြီး 'မန်းဝင်းမောင်' အစား ကရင်အမျိုးသားကြီး 'မန်းဘခိုင်' ဖြစ်လာရတော့တယ်။ အဲဒီအချိန်တုန်းက 'ဆရာကြီးမန်းဘခိုင်' ဟာ ဖ·ဆ·ပ·လ အဖွဲ့ရဲ့ အမှုဆောင်လူကြီးတစ်ဦး ဖြစ်သလို ကရင်လူငယ်များအစည်းအရုံးရဲ့ ဥက္ကဋ္ဌလည်း ဖြစ်နေတယ်။ ဒီလိုနဲ့ ၁၉၄၇၊ ဇူလိုင်လ (၁၉)ရက်၊ စနေနေ့နံနက် (၁၀) နာရီခွဲကျော်ကျော်မှာ ဗိုလ်ချုပ်အောင်ဆန်းတို့နဲ့အတူ ကျဆုံးခဲ့ရရှာတယ်။ ကျဆုံးသွားချိန်မှာ အသက် (၄၄)နှစ်ပဲ ရှိသေးတယ်၊ နှမြောစရာကောင်းလိုက်တာဟာ''

'ခင်ကြည်' က သူ့စကားကိုပြောနေရင်း ဝမ်းနည်းသည့် အမူအရာလုပ်ပြသည်။ လရောင်မှိန်မှိန်အောက်တွင် သူ့မျက်နှာကို ရေးတေးတေး မြင်နေရ၏။

''ငါပြောမယ်၊ အဲဒီနေ့ လုပ်ကြံခံရမှုမှာ 'ဗိုလ်ချုပ်အောင်ဆန်း' က ထိပ်ဆုံးအလယ်မှာ ထိုင်တယ်။ ဗိုလ်ချုပ်ရဲ့ ညာဘက်ထိုင်ခုံထိပ်မှာ ဗိုလ်ချုပ်နဲ့ ကပ်လျက်ထိုင်တာက 'ဆရာကြီး မန်းဘခိုင်'။ ဗိုလ်ချုပ်က ကျည် (၁၃)ချက်သင့်ပြီး ကျဆုံးရရှာတယ်။ 'ဆရာကြီးမန်းဘခိုင်' ကတော့ ကျည် (၁၅)ချက် သင့်ပြီး ကျဆုံးရရှာတယ်။ ကျဆုံးသွားရတဲ့ အာဇာနည် (၉)ဦးထဲမှာ 'ဆရာကြီး

မန်းဘခိုင်' ဟာ ကျည်အများဆုံး သင့်ခဲ့ရသူပဲ။ ဒီနေ့ဟာ 'ဆရာကြီးမန်းဘခိုင်' ရဲ့ (၁၀၉) နှစ်မြောက်မွေးနေ့။ ဒီအကြောင်းကို ငါပြောနိုင်ဖို့ လွှန်ခဲ့တဲ့ တစ်ပတ်လောက်ကတည်းက စာတွေ ကြိုပြီး ဖတ်ခွင့်ရခဲ့တယ်။ ငါလည်း ဒီလောက်ပဲ မှတ်မိတော့တယ်''

'ခင်ကြည်' က ကျွန်တော့်ကို လှမ်းကြည့်လိုက်သည်။

သူ့ကိုထိုင်ရန် အမူအရာပြလိုက်သဖြင့် သူငယ်ချင်းများ အကြား၌ ဝင်ပြီး ထိုင်တော့သည်။ ကျွန်တော်က နှုတ်ဆက်စကား ဆိုလိုက်သည်။

''ကဲ သားတို့၊ သမီးတို့။ ဒီနေ့ 'ဆရာကြီးမန်းဘခိုင်' ရဲ့ မွေးနေ့ကို ငါတို့ ဂုဏ်ပြုလိုက်ကြပြီ။ မင်းတို့ကို ပြောစရာရှိတယ်''

ကျွန်တော့်လက်ထဲတွင် ကြက်ဥတစ်လုံးကို အဆင်သင့်ယူလာခဲ့သည်။

''ဒီမယ်... ကြက်ဥတစ်လုံး၊ တွေ့လား။ ကြက်ဥ တော်တော်များများ က ရေနွေးနဲ့ အပြုတ်ခံကြရတယ်။ တချို့ကတော့ ဒယ်အိုးထဲထည့်ပြီး အကြော် ခံကြရတယ်။ အကောင်ပေါက်သွားတဲ့ ကြက်ဥဆိုတာ ရှားတယ်။ ကြက်ဥ အနည်းစုကသာ အကောင်ဘဝကို ရောက်သွားကြရတယ်''

ကြက်ဥကို လက်ညှိုးထိုးပြီး ကျွန်တော်က ပြောလိုက်သည်။

''ဒီကြက်ဥထဲမှာ အကောင်ဖြစ်နိုင်တဲ့ အရည်ကြည်တွေ၊ အနှစ်တွေ ပါတယ်။ အကောင်ဘဝရောက်ချင်ရင် ဘာလုပ်ရမလဲ သိလား''

အားလုံးက ငြိမ်ပြီး နားထောင်နေကြတော့သည်။

''အကောင်ဘဝရောက်ဖို့ ကြက်ဥဆိုတာ လိုအပ်တဲ့ အပူဒဏ်ကို ခံကြရတယ်။ ပြီးတော့ ဥခွံမာမာကြီးကိုလည်း ကိုယ့်ရဲ့ နှုတ်သီးနုနုလေးနဲ့ မကြောက်မရွံ့ ထိုးရတယ်၊ ဆိတ်ရတယ်၊ ဖောက်ရတယ်၊ ထွက်ရတယ်''

အမူအရာလုပ်ပြီး စကားကို ကျွန်တော်က ပြောသည်။

''ဥခွံထဲမှာပဲ ထာဝစဉ် နေသွားမယ်ဆိုရင်တော့ အကောင်မဖြစ် နိုင်တော့ဘူး။ အကောင်ဖြစ်ချင်တယ်ဆိုရင်တော့ ကိုယ့်အားကိုယ်ကိုးပါ။ ကိုယ့်ဥခွံကို နှမြောမနေပါနဲ့၊ မက်မောမနေပါနဲ့။ ဒီနေ့ဟာ ဥခွံကို ဖောက်ထွက် ခဲ့တဲ့ သူရဲကောင်းတစ်ယောက်ရဲ့ မွေးနေ့။ လသာသာညမှာ မင်းတို့မှတ်ထား ကြ၊ အကောင်ဖြစ်ချင်ရင် ဥခွံကို ဖောက်ထွက်။ ဒါပဲ''

■



## နိုဝင်ဘာ နေ့စွဲများ

၁။ ဆရာကြီးပီမိုးနင်း
(နိုဝင်ဘာ ၅ ရက် မွေးဖွားသူ)

၂။ ဆရာကြီးပါရဂူ
(နိုဝင်ဘာ ၁၀ ရက် မွေးဖွားသူ)

၃။ ကဗျာဆရာကြီး တင်မိုး
(နိုဝင်ဘာ ၁၉ ရက် မွေးဖွားသူ)

၄။ အမေ လူထုဒေါ်အမာ
(နိုဝင်ဘာ ၂၉ ရက် မွေးဖွားသူ)

# လမင်းကြီးရဲ့ စကားတစ်ခွန်း

## ဆရာကြီးပီမိုးနင်း

(၅–၁၁–၁၈၈၃ မွေးဖွား၊ ၆–၁–၁၉၄၀ ကွယ်လွန်)



အောင်မြင်ခြင်းဆိုတာ
ပန်းချီကားတစ်ချပ်ဖြစ်မယ်ဆိုရင်
အခက်အခဲဆိုတာ
အဲဒီ ပန်းချီကားရေးဖို့ ကင်းဘတ်အဝတ်စပဲ။
ပြဿနာဆိုတာ
အဲဒီ ပန်းချီကားကို ဆေးခြယ်ဖို့အတွက် ရောင်စုံဆေးဘူးတွေ။
အခက်အခဲနဲ့ ပြဿနာကို ကိုင်တွယ်တတ်သူဟာ
အောင်မြင်ခြင်းဆိုတဲ့
ပန်းချီကားလှလှတစ်ချပ်ကို ပိုင်ဆိုင်ရတော့တာပဲပေါ့။

## လမင်းကြီးရဲ့ စကားတစ်ခွန်း

"အေး… မင်းတို့က ငါ့ကို ကိတ်မုန့်တစ်လုံး၊ အချိုရည်တစ်ပုလင်းနဲ့ လာပြီး ကန်တော့ကြတယ်။ ငါကလည်း တစ်ခုခု ပြန်ပြီး လက်ဆောင်ပေးချင်တယ်။ ဒါကြောင့် မင်းတို့အတွက် 'ဆရာကြီး ဝီမိုးနင်း'ရဲ့စာအုပ်တွေ အဆင်သင့် ရှိတယ်။ ရော့… မင်းတို့ တစ်ယောက်တစ်အုပ်စီ ယူကြ"

သီတင်းကျွတ်လပြည့်နေ့။

ညနေ (၅) နာရီတွင် ဖြစ်သည်။ မြန်မာတို့၏ ဓလေ့ထုံးစံအတိုင်း သီတင်းကျွတ်လပြည့်နေ့တွင် မိဘ၊ ဆရာများကို သားသမီးများ၊ တပည့်များက အမှတ်တရ ကန်တော့ကြသည်။ ကျွန်တော်၏ အမေကိုလည်း နံနက်ပိုင်းက ကျွန်တော် ကန်တော့ခဲ့ပြီးပြီ။ အမေက ကျွန်တော့်ကို 'ဝီမိုးနင်း' ၏ 'လူနှင့် အလုပ်' စာအုပ်တစ်အုပ် လက်ဆောင် ပြန်ပေးသည်။

ထို့ကြောင့် ကျွန်တော်ကလည်း ကျွန်တော့်စာအုပ်စင်ရှိ 'ဝီမိုးနင်း' စာအုပ်များကို လက်ဆောင်ပြန်ပေးမည်ဟု စိတ်ကူးပေါ်ခဲ့ရသည်။

စာအုပ်လက်ဆောင်ရသဖြင့် ကျွန်တော့်တပည့် (၃) ယောက် အလွန် ပျော်သွားကြသည်။

"ဆရာ့ဘဝမှာ ပထမဦးဆုံး ဖတ်ဖူးတဲ့စာပေက 'ဆရာကြီး ဝီမိုးနင်း' ရေးတဲ့ 'သောကကင်းဝေးနည်း' ဆောင်းပါးပဲ။ ဆရာ မှတ်မိသေးတယ်။ တို့လူသားတွေက ဒုက္ခအတွက် အမြဲ သောက ရောက်နေတတ်ကြတယ်။ အခက်အခဲကို 'ဒုက္ခ' လို့ အဓိပ္ပာယ်ဖွင့်ဆိုတတ်ကြတယ်။ ပြဿနာကိုလည်း ဒုက္ခလို့ မြင်တတ်ကြတယ်တဲ့။ တကယ်တော့ အခက်အခဲနဲ့ ပြဿနာဆိုတာ

ယာယီအတားအဆီးသာ ဖြစ်တယ်။ 'အောင်မြင်ခြင်း' ဆိုတာ 'ပန်းချီကား' တစ်ချပ်ဖြစ်မယ်ဆိုရင် 'အခက်အခဲ' ဆိုတာ အဲဒီပန်းချီကားရေးဖို့ 'ကင်းဘတ်' အဝတ်စပဲ။ 'ပြဿနာ' ဆိုတာ အဲဒီပန်းချီကားကို ဆေးခြယ်ဖို့အတွက် 'ရောင်စုံဆေးဘူး' တွေ။ 'အခက်အခဲ' နဲ့ 'ပြဿနာ' ကို ကိုင်တွယ်တတ်သူဟာ 'အောင်မြင်ခြင်း' ဆိုတဲ့ 'ပန်းချီကား' လှလှတစ်ချပ်ကို ပိုင်ဆိုင်ရတော့တာ ပဲဟေ့''

ကျွန်တော်က လူငယ်လေးတွေကို စာဖတ်စေချင်သည်။ သက်ရှိသတ္တဝါအားလုံးထဲတွင် လူသည်သာ စာဖတ်တတ်သည်။ တိရစ္ဆာန်များ စာမဖတ်တတ်ကြ၊ စာမဖတ်ကြ။

''ဆရာ (၈) တန်းကျောင်းသားဘဝမှာ ကျောင်းစာကြည့်တိုက်ထဲက 'ဆရာကြီးပီမိုးနင်း' ရဲ့ စာပေတွေ အများကြီးဖတ်ခဲ့ဖူးတယ်။ ဆရာ မှတ်မိသေးတယ်။ 'ကြောက်လျှင်သေ' ဆိုတဲ့ဆောင်းပါးပဲ။ လူတွေကို ဒုက္ခရောက်စေတဲ့ အဓိကတရားခံဟာ 'ကြောက်စိတ်' ပဲ။ အကြောင်းရင်းကိုသိရင် မကြောက်တော့ဘူး။ 'ပညာမဲ့' ရင် ကြောက်တတ်လာတယ်။ 'စာရိတ္တမဲ့' ရင်လည်း ကြောက်တတ်လာတယ်။ 'ကြောက်စိတ်သွင်း ယဉ်ကျေးမှု' ကို အာဏာရှင်စနစ်ဆိုးက ဖန်တီးတတ်တယ်၊ မွေးဖွားတတ်တယ်။

ဒီတော့ အကြောက်တရား ကြီးစိုးတဲ့ လူ့အဖွဲ့အစည်းကြီး ဖြစ်လာဖို့အတွက် အာဏာရှင်တွေက လူတွေကို ပညာမတတ်အောင် လုပ်တော့တယ်။ စာရိတ္တပျက်အောင် လုပ်တော့တယ်။ ဒီလိုနဲ့ အပြန်အလှန် ကြောက်တတ်လာပြီး 'ကြောက်ခေတ်' ကို ရောက်လာတော့တယ်။ 'ကြောက်လျှင်သေ' ဆိုတဲ့ 'ဆရာကြီးပီမိုးနင်း' ရဲ့ စကားအတိုင်း တိုင်းပြည်ဟာလည်း တဖြည်းဖြည်းချင်း သေဆုံးသွားရတော့တယ်။ ငါတို့တွေရဲ့ ကိုယ်တွေ့ပဲ မဟုတ်လား''

လူငယ်တွေကို အကြောက်တရားမှ ကင်းဝေးဖို့ စာဖတ်စေချင်ပါသည်။ ထို့ကြောင့် ကျွန်တော်၏စာသင်တန်းများတွင် တစ်ကွက် ကာတွန်းများ၊ ဆောင်းပါးများနှင့် ကဗျာတချို့ကို ကြော်ငြာသင်ပုန်း၌ နေ့စဉ် ကပ်ပေးလေ့ရှိသည်။ လူငယ်များကလည်း စိတ်ဝင်တစား ဖတ်လေ့ရှိသည်။ တချို့လူငယ်များက ထိုကြော်ငြာသင်ပုန်းတွင် သူတို့စိတ်ကြိုက် တစ်ကွက်ကာတွန်းများ၊ ကဗျာများ ကပ်လေ့ရှိသည်။





''မင်းတို့သိလား၊ နတ်ပြည်မှာ နတ်သားဖြစ်ရင် နတ်သမီး တစ်ဖက်ငါးရာစီနဲ့ ပျော်စရာကြီးလို့ မင်းတို့က ထင်ကြမယ်။ နတ်ပြည်မှာ နတ်သမီးတွေပဲ ရှိတယ်။ တွေးကြည့်ရင် 'အားကုန်' ချင်စရာကြီး။ နတ်ပြည်မှာ စာကြည့်တိုက်ရှိတယ်လို့ မကြားဖူးဘူး။ စာအုပ်မရှိဘူး။ ဂျာနယ်မရှိဘူး။ မဂ္ဂဇင်း မရှိဘူး။ သတင်းစာ မရှိဘူး။ စာသင်ကျောင်း မရှိဘူး။ ဒီတော့ ပျင်းစရာကြီးကွာ။ ငါကတော့ နတ်ပြည်မှာ နတ်သားမဖြစ်ချင်ဘူး။ လူ့ပြည်မှာပဲ လူပြန်ပြီး ဖြစ်ချင်တယ်။ ဘာကြောင့်လဲဆိုတော့ စာဖတ်ချင်လို့ပဲ''

တပည့် (၃)ယောက်က 'ဟုတ်လို့လား' ဆိုသည့် အကြည့်ဖြင့် ကျွန်တော့်ကို ကြည့်ကြလေတော့သည်။

''ပြောရဦးမယ်၊ ၁၉၃၄ လမ်းညွှန်ဂျာနယ်ထဲမှာ 'ဆရာကြီးပီမိုးနင်း' ရေးတဲ့ 'နံပြားနှင့်ကုလား' ဆိုတဲ့ ဆောင်းပါး ပါလာတယ်။ အဲဒီဆောင်းပါးထဲမှာ 'မယ်ကြွေ' ဆိုတဲ့ မြန်မာအမျိုးသမီးလေးက မြန်မာရောင်းတဲ့ လက်ဖက်ရည်ဆိုင်ကို အားမပေးဘဲ ကုလားရောင်းတဲ့ လက်ဖက်ရည်ဆိုင်ကို အားပေးတယ်။ ဒီလိုနဲ့ ကုလားရောင်းတဲ့ လက်ဖက်ရည်ဆိုင်က 'တန်ဘီ' ဆိုတဲ့ လက်ဖက်ရည်ဖျော်တဲ့ ကုလားလေးနဲ့ ညားသွားတဲ့ ဇာတ်လမ်း''

''ဒီလိုဆိုရင် လွန်ခဲ့တဲ့ နှစ် (၈၀) လောက်ကတည်းက ဘာသာရေးနဲ့ အမျိုးသားရေးကို 'ဆရာကြီးပီမိုးနင်း' က သတိပေး နှိုးဆော်ခဲ့တာပေါ့၊ ဟုတ်လား ဆရာ''

တပည့်တစ်ယောက်က စိတ်ပါလက်ပါဖြင့် ဝင်ပြီး ဆွေးနွေးသည်။ သူ့စိတ်ထဲတွင် လတ်တလောဖြစ်ပေါ်နေသော ရခိုင်ပြည်နယ် ပြဿနာကို ပြေးပြီး မြင်လိုက်ပုံရသည်။

''ဟုတ်တာပေါ့၊ 'နာချစ်တယ်' ဆိုတဲ့ ဝတ္ထုမှာလည်း ဒီအတိုင်းပဲ။ 'နာ... နင်းဂို အများကြီးတနားတယ်။ တနားတယ်...' လို့ မြန်မာစကားကို မပီမသပြောတတ်တဲ့ ကုလားတစ်ယောက်ရဲ့ မယားငယ်ဖြစ်သွားရရှာတဲ့ မြန်မာအမျိုးသမီးစစ်စစ် 'ငွေစိန်' တို့ ဇာတ်လမ်း။ ဘာသာရေး၊ အမျိုးသားရေးကို မီးမောင်းထိုးပြတဲ့ ဇာတ်လမ်း။ ဒီနေ့ခေတ် မြန်မာအမျိုးသမီးငယ်လေးတွေ ဖတ်ဖူးစေချင်တယ်''

''အဲဒီ ဝတ္ထုက ဘယ်ထဲမှာ ပါတာလဲ ဆရာ''

“ဖတ်ချင်တယ်ဆိုရင်တော့ ‘ရှုမဝ’ စာအုပ်တိုက်ကထုတ်တဲ့ ‘ပီမိုးနင်း’ ဝတ္ထုတိုများပေါင်းချုပ်မှာ ပါတယ်။ ငါ့စာအုပ်စင်မှာ ရှိတယ်။ အချိန်မရွေး လာဖတ်ကြ။ ‘ဆရာကြီးပီမိုးနင်း’ ရေးတဲ့ ဆောင်းပါးတွေ၊ ဝတ္ထုတွေကတော့ အများကြီးပဲ။ ရေးတဲ့သူက ရေးနိုင်လိုက်တာ။ ငါတို့ကတော့ ဆရာကြီးရေးတဲ့ စာတွေ အကုန် မဖတ်ဖြစ်ပါဘူး။ ဖတ်မိသလောက် စာတွေအားလုံးမှာ ‘ဆရာကြီး ပီမိုးနင်း’ ရဲ့ စေတနာတွေကို တွေ့နေရတယ်။ စာတွေက အကုန် ကောင်းတယ်။

‘ဗိုလ်ကတော်ကြီး’ ဝတ္ထုတိုကို ဆရာ (၁၀) တန်း ကျောင်းသား ဘဝမှာ ဖတ်ဖြစ်ခဲ့ဖူးတယ်။ ရည်ရွယ်ချက် ကောင်းတယ်။ အရေးအသား ကောင်းတယ်။ တင်ပြပုံကလည်း ဆန်းသစ်တယ်”

“ပြောပြပါလား ဆရာ”

“ဒီလိုကွ၊ အဲဒီဇာတ်လမ်းထဲမှာ ‘မဖြူ’ ဆိုတဲ့ အမျိုးသမီးက အတော် ချော၊ အတော်လှ၊ အတော်တောင့်၊ အတော်တင်းဆိုပဲ။ မင်းကြီးကြိုက်ပေါ့။ ဒီတော့ အင်္ဂလိပ်မျက်နှာဖြူ အရာရှိတစ်ယောက်က သူ့ကို သဘောကျတော့ တယ်။ ဒီတော့ ယူတယ်။ အတူနေတယ်။ ညားတယ်ပေါ့ကွာ။ တရားဝင် ယူတာတော့ မဟုတ်ဘူး။ အရာရှိ အင်္ဂလိပ်တို့ရဲ့ ထုံးစံ Living together ပေါ့”

"Living together" ဟု ဆိုလိုက်သဖြင့် နားထောင်နေသော တပည့် (၃)ယောက် ခေါင်းထောင်သွားကြလေတော့သည်။

“အဲဒီခေတ်တုန်းက မြန်မာပြည်သူပြည်သားတွေဟာ ရာဇဝတ်ဝန်ကြီး တွေ၊ အင်္ဂလိပ်-မြန်မာအရာရှိ ကြီးငယ်မှန်သမျှကို လူဆိုးလူမိုက်ကြီးတွေလို ရွံ့ကြောက်ကြီး ကြောက်ကြသတဲ့။ ဒါပေမဲ့ မျက်နှာဖြူကတော်၊ ဗိုလ်ကတော် ဖြစ်ချင်တဲ့ မိန်းမတွေကလည်း တစ်ပုံတစ်ပင်ကြီး ရှိသတဲ့လေ။

မျက်နှာဖြူတွေက ‘မြန်မာမ’ တွေကိုယူရင် ‘ပွဲတက်မယား’ အဖြစ် ယူတာမဟုတ်ဘူး။ ဂုဏ်သိက္ခာရှိရှိ ပေါင်းသင်းနေထိုင်ဖို့ ယူတာမဟုတ်ဘူး။ ‘အိပ်ဖော်မယား’ အဖြစ် ယူကြတာ။ ‘အိပ်ဖော်’ လို့ ပြောတာနော်။ ‘အိမ်ဖော်’ လို့ ပြောတာ မဟုတ်ဘူး။ အဲဒါကို ‘ဗိုလ်ကတော်’ ဘွဲ့ခံယူပြီး ကျေနပ်နေကြတဲ့ အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ခေါင်းပါးနေကြသူ မြန်မာ





အမျိုးသမီးတွေကို သရော်ထားတဲ့ဝတ္ထု။ ရေးချက်ကတော့ ပြောင်မြောက် တယ်ဟေ့”

“အိပ်ဖော်မယားတဲ့။ စကားလုံးအသုံးအနှုန်းလေးက လှလိုက်တာ နော်။ ဒီခေတ်လည်း ဒါမျိုးတွေဖြစ်လာနေပြီ ဆရာ”

ခေတ်ကို လူတွေက ဖန်တီးနေတာလား။

ခေတ်က လူတွေကို ဖန်တီးနေတာလား။

သူ့စကားကြောင့် ကျွန်တော့်မှာ တွေးစရာရလိုက်သည်။

“အေး…၊ အခု မင်းတို့ကိုပေးလိုက်တဲ့ ‘ဆရာကြီး ပီမိုးနင်း’ ရဲ့ စာအုပ်တွေက အသစ်ပြန်ပြီး ရိုက်ထားတာ။ ‘စိတ်ကူးချိုချို’ စာအုပ်တိုက်က ပြန်ပြီး ထုတ်ဝေတာ။ တန်ဖိုး ရှိတယ်။ မင်းတို့ ဖတ်ဖြစ်အောင်တော့ ဖတ် ကြနော်”

“ဟုတ်ကဲ့ ဆရာ။ ‘ဆရာကြီးပီမိုးနင်း’က ‘သာယာဝတီ၊ သုံးဆယ်’ သားဆို။ မိုးနှင်းတွေ ထူထူထဲထဲ ကျတဲ့အချိန်မွေးလို့ ‘မိုးနှင်း’ လို့ ခေါ်ကြ တာတဲ့။ ကျွန်တော်တို့သင်ရတဲ့ စကားပြေထဲမှာ ပါတယ်ဆရာ”

နားထောင်နေသူ တပည့်တစ်ယောက်က မေးပြန်သည်။

“ ‘ဆရာကြီးပီမိုးနင်း’ ရဲ့ ဘဝဖြစ်စဉ်အကြောင်း သိသလောက် ပြောပြပါဦးလား ဆရာ”

“အေးကွ၊ ငါလည်း (၁၀)တန်းကျောင်းသား ဘဝတုန်းက ‘ဆရာကြီး ပီမိုးနင်း’ ရဲ့ စာတွေကို မြန်မာစကားပြေမှာ သင်ခဲ့ရဖူးတယ်။ ‘ပီမိုးနင်း၏ ပီမိုးနင်း’ စာအုပ်ကိုလည်း တက္ကသိုလ်ကျောင်းသားဘဝမှာ ဖတ်ခဲ့ရဖူးတယ်။ ‘ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ’ ပေါ့။ ဆရာကြီးက သာယာဝတီအပိုင် သုံးဆယ်မြို့၊ ရွာမရပ်မှာ မွေးတယ်။ ၁၈၈၃၊ နိုဝင်ဘာလ (၅)ရက်နေ့မှာ မွေးတာ။

အခုလာမယ့် နိုဝင်ဘာလ (၅)ရက်နေ့ဟာ ဆရာကြီးရဲ့ (၁၂၉) နှစ် မြောက်မွေးနေ့။ ဆရာကြီးရဲ့ အဘိုးအဘွားတွေက ချမ်းသာတယ်။ ဒါပေမဲ့ ဓားပြတိုက်ခံရ၊ မီးလောင်ခံရလို့ ဆင်းရဲသွားသတဲ့။ မောင်မိုးနှင်းရဲ့ အမေက အိမ်ဖော်လုပ်ပြီး သားသမီးတွေကို ရှာကျွေးခဲ့တယ်။ မောင်မိုးနှင်းကို သုံးဆယ် မြို့၊ ခရစ်ယာန် ကျောင်းအုပ်ကြီးကမွေးစားပြီး ခေတ်ပညာသင်ပေးတယ်။ မော်လမြိုင်တို့၊ ပီနန်တို့အထိ သွားရောက်ပြီး စာသင်ခဲ့ဖူးတယ်။ ဒီလိုနဲ့

မြန်မာစာပေ၊ အင်္ဂလိပ်စာပေအပြင် 'လက်တင်' စာပေတွေကိုပါ လေ့လာခွင့်ရခဲ့တယ်။ ခရစ်ယာန်ကျောင်းမှာ နေတာဆိုတော့ မောင်မိုးနှင်းကို Phillip (ဖီးလစ်) လို့ အမည်ပေးတယ်။ မင်းတို့သိလား၊ 'ဆရာကြီးပီမိုးနှင်း' က အိမ်ထောင် (၂)ခါ ကျခဲ့ဖူးသတဲ့"

"အဲဒီခေတ်တုန်းက ယောကျ်ားတွေဟာ မိန်းမတစ်ယောက်မက ယူတတ်ကြတယ်နော်"

"ဒီလိုရှိတယ်ကွ၊ 'ဆရာကြီးပီမိုးနှင်း' ရဲ့ ငယ်ရည်းစားက 'မဟန်' တဲ့၊ သုံးဆယ်သူ။ ဆရာကြီးကို ဗုဒ္ဓဘာသာဖြစ်မှ ယူမယ်ဆိုလို့ ဆရာကြီးက တစ်လလောက် သင်္ကန်းဝတ်ပြရသတဲ့လေ။ ဒါပေမဲ့ ငယ်ရည်းစားနဲ့ မညားခဲ့ပါဘူး။ ပြည်မြို့သူ 'မေမေ' ဆိုတဲ့ အမျိုးသမီးနဲ့ ပထမအိမ်ထောင်ကျတယ်။ (၂)လလောက် ပေါင်းလိုက်ရတယ်။ ဒုတိယအိမ်ထောင်ကတော့ 'မစိန်တင်' တဲ့။ ဟင်္သာတ၊ အင်္ဂပူနယ်သူပေါ့။ သားသမီး (၇) ယောက် ထွန်းကားခဲ့တယ်။ (၃)ယောက်ပဲ အဖတ်တင်တယ်။ ဆရာကြီးရဲ့ဘဝမှာ မလုပ်ဖူးတဲ့ အလုပ် မရှိသလောက်ပဲ"

"ကျောင်းဆရာ လုပ်ခဲ့ဖူးတယ်လို့တော့ ကျွန်တော် ဖတ်ဖူးတယ် ဆရာ"

"အေး··· ဟုတ်တယ်။ ဆရာကြီးက သီချင်းလည်း ရေးဖူးတယ်။ တူရိယာဂီတတွေကိုလည်း တီးမှုတ်တတ်တယ်။ ပြည်မြို့ဆေးရုံကြီးမှာလည်း စာရေးအလုပ် ဝင်လုပ်ခဲ့ဖူးတယ်။ ပြီးတော့ 'လယ်တီဆရာတော်ဘုရားကြီး' နောက်ကို တကောက်ကောက်လိုက်ပြီး ပညာယူခဲ့ဖူးတယ်။ ရဟန်းဝတ်တယ်။ လယ်အလုပ်လည်း လုပ်ဖူးတယ်။ သုံးဆယ်မြို့၊ မင်းလှမြို့တွေမှာ ကျောင်းဆရာလည်း လုပ်ခဲ့ဖူးတယ်။ ဘိန်းဆိုင်မှာလည်း 'ဘိန်းစာရေး' လုပ်ခဲ့ဖူးတယ်။ မဂ္ဂဇင်းလည်း ထုတ်ခဲ့ဖူးတယ်။ 'သူရိယ' သတင်းစာတိုက်မှာ လက်ထောက်အယ်ဒီတာလည်း လုပ်ဖူးတယ်။ ရုပ်ရှင်ဇာတ်ညွှန်း ရေးဖူးတယ်။ 'လောကီလမ်းပြနီတိကျမ်း'၊ 'နိုင်ငံရေးအခြေပြုကျမ်း'၊ 'ကမ္ဘာ့အလင်းကျမ်း' တွေကိုလည်း ပြုစုခဲ့ဖူးတယ်။

ကလောင်အမည်တွေကလည်း အများကြီးပဲကွ။ မှတ်မိသလောက်ပြောရရင် 'ကြွက်စုတ်ကြီး'၊ 'လေပွေကြီး'၊ 'ပေါက်ဆိန်'၊ 'လူမင်း' ဆိုတာ





ဆရာကြီးရဲ့ ကလောင်ခွဲတွေပဲ။ 'ပီမိုးနှင်း'ဆိုတဲ့ ကလောင်ကတော့ လူသိအများဆုံးပေါ့။

'ပီ' ဆိုတာက Phillip ကို အတိုကောက် ယူထားတာ။ ငယ်နာမည် 'မိုးနှင်း' ကို 'မိုးနှင်း' လို့ လုပ်လိုက်တယ်။ ဒီလိုနဲ့ 'ပီ-မိုးနှင်း' ဖြစ်လာခဲ့တာတဲ့။ 'ခေတ်စမ်း' စာပေရဲ့ ရှေ့ပြေးသူရဲကောင်းကြီးပေါ့။ ဆရာကြီးရေးခဲ့တဲ့စာတွေက မဖတ်နိုင်လောက်အောင်ကို များတယ်။ လူတိုင်းလိုလို ဆရာကြီးရဲ့ စာပေကျေးဇူးနဲ့ လူတစ်လုံး သူတစ်လုံး ဖြစ်ခဲ့ကြရတယ်"

"ဆရာကြီးက စက်ဘီးအတိုက်ခံရလို့ သေတာဆို"

"အေး··· ဟုတ်တယ်၊ 'မြန်မာ့အလင်း' သတင်းစာတိုက်ရဲ့ အမျိုးသားအောင်ပွဲနေ့ အလှူကိုအလာ၊ စက်ဘီးအတိုက်ခံရတယ်။ ၅-၁၂-၁၉၃၉ နေ့ကပေါ့။ တစ်လလောက် အိပ်ရာထဲမှာ လဲတော့တယ်။ နာလန် မထူနိုင်တော့ဘူး။

၁၉၄၀၊ ဇန်နဝါရီလ (၆)ရက်နေ့ ရန်ကုန်ဆေးရုံကြီးမှာ ကွယ်လွန်ရှာတယ်။ ကွယ်လွန်ချိန်မှာ ဆရာကြီးရဲ့အသက်က (၅၇) နှစ်ပဲ ရှိသေးတယ်။ နမြောစရာကောင်းလိုက်တာ။ ဆရာကြီးရဲ့ ဘဝတစ်လျှောက်လုံးမှာ ငွေကြေးအားဖြင့်တော့ လုံးဝ မချမ်းသာခဲ့ဘူး။ ဒါပေမဲ့ မြန်မာ့စာပေသမိုင်းမှာတော့ သူရဲကောင်းတစ်ယောက်အဖြစ် ထာဝရ ရှင်သန်နေမယ့်သူပဲ"

ထိုနေ့က 'ဆရာကြီးပီမိုးနှင်း' အကြောင်း လူငယ်များကို ပြောလိုက်ရသဖြင့် စိတ်ထဲတွင် ကျေနပ်နေမိသည်။

သီတင်းကျွတ်လပြည့်ညဖြစ်၍ ကောင်းကင်တွင် လမင်းကြီးက ထိန်ထိန်သာ၍ နေလေသည်။ လမင်းကြီးကို ကျွန်တော်က မော့၍ ကြည့်လိုက်သည်။ လမင်းကြီးကလည်း ကျွန်တော့်ကို ငုံ့ကြည့်ပြီး စကားတစ်ခွန်း ပြောလေသည်။

*"**သေနတ်**ကိုင်တဲ့ စစ်သူရဲကောင်းထက်*
***ကလောင်**ကိုင်တဲ့ စာပေသူရဲကောင်းကို*
*လူတွေက ပိုပြီး ချစ်တယ်၊ လေးစားတယ်။*
*ကိုယ့်လက်ထဲမှာရှိတဲ့ **သေနတ်**ကို*

အလွဲသုံးစားမလုပ်သင့်သလို
ကိုယ့်လက်ထဲက **ကလောင်**ကိုလည်း
အလွဲသုံးစား မလုပ်မိစေနဲ့...”

■



**စာဖတ်တဲ့ ခေါင်းဆောင်တွေနဲ့ ကြုံဆုံရပါလို၏**

ဆရာကြီးပါရဂူ

(၁၀-၁၁-၁၉၂၁ မွေးဖွား၊ ၉-၄-၂၀၁၁ ကွယ်လွန်)



ဘုရင်ဆိုတာ ပြည်သူ့ရိက္ခာတော်ကို
စားခွင့်ရတဲ့ ပုဂ္ဂိုလ်မျှသာ ဖြစ်တယ်။
ပြည်သူ့ရိက္ခာကိုစားပြီး အသက်ရှင်ရတဲ့အတွက်
ပြည်သူကို စော်ကားခြင်းဟာ ကျေးဇူးရှင်ကို ပြစ်မှားခြင်းပဲ။
ပြည်သူ့ရိက္ခာကိုစားပြီး ပြည်သူကို ဒုက္ခပေးတဲ့ဘုရင်တိုင်း
သမိုင်းမလှကြဘူး။

## စာဖတ်တဲ့ ခေါင်းဆောင်တွေနဲ့ ကြုံဆုံရပါလို၏

သီတင်းကျွတ်လပြည့်ကျော်သည်နှင့် ဆောင်းရနံ့ သင်းလေပြီ။ နံနက်ပိုင်းတွင် အနည်းငယ်မျှ အေး၍လာပြီ။

၁၀-၁၁-၂၀၁၁။

ကျွန်တော့်အဖေ ကွယ်လွန်သည်မှာ ယနေ့ဆိုလျှင် (၁)နှစ် တင်းတင်းပြည့်ပြီ။ ထို့ကြောင့် အိမ်သို့ ဆွမ်းခံကြွလေ့ရှိသည့် ဦးပဥ္ဇင်းများထဲမှ ဦးပဥ္ဇင်းတစ်ပါးကို 'အရဏ်ဆွမ်း' ကပ်လှူဖြစ်ခဲ့ပါသည်။ ထိုနေ့နံနက် ဆွမ်းကပ်လှူပွဲအပြီးတွင် ဦးပဥ္ဇင်းက မမျှော်မလင့် 'ဆရာပါရဂူ' ၏ အကြောင်းကို ကျွန်တော်နှင့် ပြောဖြစ်ခဲ့ကြလေသည်။ ကျွန်တော့်အိမ်ရှိ ကျောင်းသား၊ ကျောင်းသူများလည်း နားထောင်ခွင့်ရခဲ့ကြသည်။

"ဒီနေ့က 'ဆရာပါရဂူ' ရဲ့ မွေးနေ့ပဲ။ 'ဆရာပါရဂူ'က (၁၀-၁၁-၁၉၂၁) မှာ မွေးတယ်။ ဒီနေ့ဟာ 'ဆရာပါရဂူ' ရဲ့ နှစ် (၉၀) ပြည့်မွေးနေ့ပဲ။ ဦးဘုန်းရဲ့အဖေ ကွယ်လွန်တဲ့နေ့နဲ့ တိုက်ဆိုင်နေတယ်နော်"

ဦးဇင်းပြောမှ ကျွန်တော်လည်း မှတ်သားမိလိုက်သည်။

"ဒကာကြီးဦးဘုန်းလည်း 'ဆရာပါရဂူ' ရဲ့စာတွေကို ဖတ်ဖူးမှာပါ"

"ဖတ်ဖူးပါတယ် ဘုရား၊ အကုန်တော့ မဖတ်ဖူးပါ"

"ဦးဇင်းကတော့ တော်တော်များများ ဖတ်ဖူးတယ်။ ကြိုက်တယ်။ အထူးသဖြင့် 'ဗုဒ္ဓဒိုင်ယာရီ' ကို ကြိုက်တယ်"

"ဒါဆိုရင် ဦးဇင်းနဲ့တပည့်တော် အကြိုက်တူသွားပြီ ဘုရား"

"ဘာဖြစ်လို့ ကြိုက်တာလဲ"

"ဗုဒ္ဓဝင်ကို လူနဲ့ အနီးဆုံးဖြစ်အောင် ရေးသားတင်ပြထားလို့ပါ ဘုရား"

"မှန်တယ် ဒကာကြီး။ 'ဗုဒ္ဓဒိုင်ယာရီ' မှာ ဗုဒ္ဓနဲ့ပတ်သက်တဲ့… ရဲရင့်တဲ့ အတွေး၊ သဘာဝကျတဲ့ အယူအဆ၊ ဆန်းသစ်တဲ့ အမြင်၊ တောက်ပြောင်တဲ့ စကားလုံး၊ တော်လှန်ရေးကျတဲ့ အဓိပ္ပာယ်တွေနဲ့ ရေးသားထားတယ်။ အဲဒီစာအုပ်ကို 'ဆရာပါရဂူ' က အလွန်နှစ်သက်တယ်လို့လည်း ဝန်ခံထားတယ် ဒကာကြီးရဲ့"

"တပည့်တော်က 'ဗုဒ္ဓဒိုင်ယာရီ' ကို တက္ကသိုလ်ကျောင်းသားဘဝမှာ စပြီး ဖတ်ဖြစ်ခဲ့ဖူးတယ်။ အဲဒီကတည်းက ကြိုက်တာ။ အခုဆိုရင် အကြိမ်ကြိမ် ရိုက်နှိပ်နေရတဲ့စာအုပ် ဖြစ်နေပါပြီ ဘုရား"

ကျောင်းသား၊ ကျောင်းသူအားလုံးက မျက်လုံးအဝိုင်းသားဖြင့် နားထောင်နေကြသည်။ စိတ်ဝင်စားပုံ မပေါ်။

"ဒါဆိုရင် 'စိတ္တရလေခါ' ကိုတော့ ဒကာကြီး ဖတ်ဖူးမှာပေါ့"

"ဖတ်ဖူးတာပေါ့ ဘုရား။ ဇာတ်အိမ်တည်ဆောက်ပုံကလည်း အလွန်ကောင်း။ ဇာတ်ကောင်စရိုက်တွေကလည်း ပီပြင်။ စကားလုံးတွေကလည်း 'ဒဿနအား' ပါ။ ရေးသားတင်ပြပုံကလည်း ဘယ်တော့မှ မရိုးနိုင်။ ဝတ္ထုရေးမယ့်သူတွေ လေ့လာသင့်တဲ့ လမ်းညွှန်စာအုပ်ပါပဲ ဘုရား"

"ညွှန်းလှချေလား ဒကာကြီးရဲ့။ ဒါဆိုရင် 'စိတ္တရလေခါ' ထဲက မှတ်မိတဲ့စကားလုံးတွေ ရှိမှာပေါ့နော်"

"ရေးတေးတေးလောက်တော့ မှတ်မိပါတယ် ဘုရား"

"ဘာများတုံး ဒကာကြီးရဲ့"

"ဇာတ်ကောင် နာမည်တွေတော့ မမှတ်မိတော့ပါဘူး ဘုရား။ 'အာသာရမ္မက်' ဆိုတာ မကောင်းမှုဖြစ်တယ်။ ဘဝကို ညစ်နွမ်းအောင်၊ စွန်းထင်းအောင် လုပ်နိုင်စွမ်းရှိတဲ့ ကိရိယာ တန်ဆာပလာတဲ့။ 'အာသာရမ္မက်' က စေ့ဆော်လိုက်ပြီဆိုတာနဲ့ လူတွေဟာ လူ့ကျင့်ဝတ်ကို ဖောက်ဖျက်ကျူးလွန်ကြတော့တာပဲတဲ့"

"မှန်လိုက်လေ ဒကာကြီးရယ်။ ကလေးတွေ နားလည်အောင် ပြောရရင် … လှတယ်ဆိုရင် လှတယ်လို့ အသိအမှတ်ပြုတဲ့ စိတ်အဆင့်ဟာ အမှားကို ကျူးလွန်လိုက်တာ မဟုတ်သေးဘူး။ အဲဒီ အလှပေါ်မှာ သာယာတဲ့စိတ်ဖြစ်မိရင်တော့ အမှားကို စပြီး ကျူးလွန်တော့တာပဲ။ လူဆိုတာ အရာရာကို





တွေးတောခွင့်၊ ခံစားခွင့်ရှိတယ်။ ဒါပေမဲ့ အရာအားလုံးကို သာယာခွင့် မရှိဘူး။ သာယာသင့်တဲ့ အမှုကိစ္စကိုပဲ သာယာသင့်တယ်"

ဦးဇင်းနှင့် ကျွန်တော်သည် လေပေးဖြောင့်လျက်ရှိ၏။

"အရှင်ဘုရား မှတ်မိတာလေးလည်း မိန့်ကြားပါဦး ဘုရား"

"ဦးဇင်းက 'ဆရာပါရဂူ' ရဲ့ 'မင်းနဲ့ပြည်သူ' စာအုပ်ကို မနေ့ညကမှ ဖတ်လာခဲ့တာ။ သိပ်ကောင်းတဲ့စာအုပ်။ အဲဒီစာအုပ်မှာ 'မဃဒေဝပြည့်ရှင်ဘုရင်အသောက' ကို အခြေခံပြီး ရေးဖွဲ့ထားတယ်။ ဘုရင်ဆိုတာ မှူးမတ်အဖွဲ့၊ ဝန်ကြီးအဖွဲ့တွေရဲ့ အဆုံးအဖြတ်ကို လိုက်နာကျင့်သုံးရတဲ့သူသာ ဖြစ်တယ်။ ဘုရင်ဆိုတာ ပြည်သူ့အသံကို တန်ဖိုးထားတတ်မှ သမိုင်းလှတယ်"

"ကောင်းလိုက်တာ ဘုရား"

"အာဏာဆိုတာ ပြည်သူတွေရဲ့ လက်ထဲမှာပဲရှိတယ်။ ဘုရင်ဆိုတာ မိမိသဘောဆန္ဒတစ်ခုတည်းနဲ့ ဘယ်သားတော်ကိုမှ ထီးနန်းအရိုက်အရာ တင်မြှောက်ခွင့်မရှိ။ မြို့ပြနဲ့ကျေးရွာ နှစ်ခုစလုံးမှာရှိနေကြတဲ့ ပြည်သူပြည်သားတွေ၊ အဖွဲ့အစည်းတွေ၊ နိုင်ငံက လေးစားဂုဏ်ပြုအပ်တဲ့ ပုဂ္ဂိုလ်တွေ၊ ပြည်သူ့ခေါင်းဆောင် အကြီးအကဲတွေရဲ့ သဘောဆန္ဒတူညီမှုရယူပြီးမှ အိမ်ရှေ့မင်း အရိုက်အရာကို အပ်နှင်းခွင့်ရှိတယ်"

"အတုယူသင့်လိုက်တာ ဘုရား"

"နောက်ပြီး ရှိသေးတယ်။ ဘုရင်ဆိုတာ အာဏာရှင် မဖြစ်ရဘူး။ ဘုရင်ဆိုတာ ပြည်သူ့ရိက္ခာတော်ကို စားခွင့်ရတဲ့ ပုဂ္ဂိုလ်မျှသာ ဖြစ်တယ်။ ပြည်သူ့ရိက္ခာကို စားပြီး အသက်ရှင်ရတဲ့အတွက် ပြည်သူကို စော်ကားခြင်းဟာ ကျေးဇူးရှင်ကို ပြစ်မှားခြင်းပဲ။ ပြည်သူ့ရိက္ခာကိုစားပြီး ပြည်သူကို ဒုက္ခပေးတဲ့ ဘုရင်တိုင်း သမိုင်းမလှကြဘူး။

ကြီးကြပ်သူ မှူးမတ်အဖွဲ့၊ ဝန်ကြီးအဖွဲ့ ဆိုတာကလည်း ပြည်သူ့ဘဏ္ဍာကို ထိန်းသိမ်းကြရသူသာ ဖြစ်တယ်။ ပြည်သူ့ဘဏ္ဍာကို မသိနိုးနားစာရင်းလိမ်ပြီး ခိုးဝှက်ခွင့်ရကြသူများ မဟုတ်။ ဘုရင်၊ မှူးမတ်၊ ဝန်ကြီးဆိုတာ ပြည်သူတို့အတွက် အကျိုးဆောင်မျှသာ ဖြစ်တယ်။ အစေအပါးမျှသာဖြစ်တယ်။ သက်ဦးဆံပိုင် မဖြစ်သင့်ဘူးလို့ အဲဒီ စာအုပ်မှာ ရေးသားထားတယ် ဒကာကြီး"

"ဒီစာအုပ်ကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တွေ၊ အစိုးရအဖွဲ့ ဝန်ကြီးတွေ ဖတ်သင့်တာပေါ့ ဘုရား"

"ဟုတ်တာပေါ့ ဒကာကြီး။ 'အသောကမင်းကြီး' ဟာ ဒီကနေ့အထိ နာမည်ကောင်းနဲ့ ကျော်ကြားတယ်။ သူဟာ တရားဓမ္မကို အလေးထားသူ ဖြစ်တယ်။ သူ့ကျောက်စာမှာ ဒီလို ရေးထားတယ်။ 'တရားဓမ္မ ဟူသည်မှာ မကောင်းမှုကို ရှောင်ကြဉ်ခြင်း၊ ကောင်းမှုကို ပြုခြင်း၊ ကြင်နာသနားခြင်း၊ အလှူဒါနပေးခြင်း၊ မှန်ကန်ခြင်းအပေါ် အခြေခံသည့် ရဲရင့်ခြင်း၊ စင်ကြယ်ခြင်းအပေါ် အခြေခံသည့် တည်ကြည်ခြင်းတို့ ဖြစ်သည်' တဲ့။ 'အသောကမင်းကြီး' ရဲ့ တရားဓမ္မဝါဒဟာ ဘာသာတရားတိုင်းရဲ့ အခြေခံအနှစ်ချုပ် ဖြစ်တယ်။ အဲဒီ 'မင်းနဲ့ပြည်သူ' ဝတ္ထုထဲမှာ 'အသောကမင်းကြီး' ရဲ့ တရားဓမ္မအပေါ်မှာထားရှိတဲ့ သစ္စာနဲ့စေတနာကို မြင်တွေ့ခွင့်ရနိုင်တယ်"

နားထောင်နေကြသော ကျောင်းသား၊ ကျောင်းသူများက ကျွန်တော်တို့ ပြောကြားနေသည့် စကားများကို နိုင်ငံရေးစကားဟု ထင်မှတ်နေနိုင်သည်။ အမှန်မှာ နိုင်ငံရေးစကား မဟုတ်။ နိုင်ငံတစ်နိုင်ငံတွင်ရှိသော မင်းနှင့်ပြည်သူတိုင်း ထားရှိအပ်သည့် ဓမ္မစကားများသာ ဖြစ်သည်။

"အရှင်ဘုရားပြောလို့ 'ဆရာပါရဂူ' ရေးတဲ့ 'ရာဇာနှင့် သာသနာ' ဆိုတဲ့ စာအုပ်ကိုလည်း တပည့်တော် သတိရမိပါတယ် ဘုရား"

"မှတ်မိသလောက် ပြောပြနိုင်မလား ဒကာကြီး"

"အများကြီးတော့ မမှတ်မိပါဘူး ဘုရား၊ အနှစ်ချုပ်လောက်တော့ မှတ်မိပါတယ်"

"ဆိုစမ်းပါဦး"

"ဒီလိုပါဘုရား။ ဗုဒ္ဓဟောကြားတော်မူတဲ့ မင်္ဂလသုတ်၊ သိင်္ဂါလောဝါဒသုတ်၊ ပရာဘဝသုတ်၊ အပရိဟာနိယတရားတို့ဟာ နိုင်ငံတစ်နိုင်ငံ တည်ဆောက်ခြင်းရဲ့ အခြေခံတရားတော်များ ဖြစ်သလို နိုင်ငံတော်ရဲ့ သရဖူလည်း ဖြစ်တယ်။ နိုင်ငံကို အရောင်တင်ပေးတဲ့ အရောင်တင်ဆေး ဖြစ်တယ်လို့ ဆိုပါတယ် ဘုရား။ ဗုဒ္ဓဟောကြားတော်မူတဲ့ နှုတ်ထွက်စကားတွေဟာ နိုင်ငံတည်ဆောက်ရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးတို့မှာ လွှမ်းစွာ အသုံးဝင်ပါတယ် ဘုရား"





"မှန်လိုက်လေ ဒကာကြီးရယ်။ ဗုဒ္ဓဘာသာဝင်ဖြစ်တဲ့ ခေါင်းဆောင်တွေက မင်္ဂလသုတ်တော်ကိုမှ မလိုက်နာရင်၊ သိင်္ဂါလောဝါဒသုတ်တော်ကိုမှ မကျင့်ကြံရင်၊ အပရိဟာနိယတရားကိုမှ မလေးစားရင် သူတို့ဟာ အမှားသမိုင်းကို ကိုယ်တိုင်ရေးထိုးသူ ဖြစ်သွားကြတော့တာပဲ။ ဦးဇင်းတို့ ကိုယ်တွေ့ပဲလေ"

ဆောင်းရနံ့သင်းတဲ့ နံနက်ခင်းတွင် ဆောင်းရနံ့သင်းသော စကားများကို ကျွန်တော်တို့ ပြောနေမိကြသည်။ ကျောင်းသား၊ ကျောင်းသူများကတော့ စိတ်ဝင်စားမည် မထင်။

"နောက်ထပ် ဒကာကြီး ဖတ်မိ၊ မှတ်မိတာတွေများ ရှိသေးသလား"

"ရေးတေးတေးလောက် မှတ်မိတာပဲ ရှိပါတယ် ဘုရား"

"ဦးဇင်းမှတ်မိတဲ့ ခေါင်းစဉ်တစ်ခုရှိတယ်။ 'စိန္တာနယ' စာအုပ်ထဲက 'ငြိမ်းချမ်းရေး' ဆိုတဲ့ အကြောင်းအရာလေးပဲ"

"မိန့်တော်မူပါဦး ဘုရား"

"ငြိမ်းချမ်းရေးရဲ့အဓိပ္ပာယ်ဟာ တင်းတိမ်ရောင့်ရဲခြင်းရဲ့ ဒုတိယစကား ဖြစ်တယ်။ လောဘနဲ့အတ္တအပေါ် အခြေခံတဲ့ ဆာလောင်မွတ်သိပ်ခြင်း စိတ်ဓာတ်ဟာ ငြိမ်းချမ်းရေးကို ဖျက်ဆီးတတ်တယ်"

"ကောင်းလိုက်တဲ့ စကားပါလား ဘုရား"

"ငြိမ်းချမ်းရေးကို လိုချင်ရင် စေတနာအပေါ် အခြေခံတဲ့ တာဝန်ကျေမှု၊ တာဝန်ယူမှု ရှိရမယ်။ ဥပမာ–ပန်းပင်ကို ရေလောင်းမယ်။ နေရောင်ရအောင် လုပ်ပေးမယ်။ မြေဩဇာ ကျွေးမယ်။ ဒါဆိုရင် ပန်းတွေကို အတင်းပွင့်ခိုင်းစရာ မလိုတော့ဘူး။ သူ့အလိုလို ပွင့်လာလိမ့်မယ်။ ပန်းတွေကို ပွင့်စေချင်ရင် အမိန့်ပေးလို့ မရဘူး။ တုတ်နဲ့ရိုက်လို့ မရဘူး။ အတင်းဖန်တီးပေးလို့ မရဘူး။

ဥယျာဉ်မှူးဆိုတာ ပန်းတွေ ပွင့်လာအောင် အမိန့်ပေး စေခိုင်းသူ မဟုတ်ဘူး။ ပန်းပွင့်တွေအပေါ်မှာ စေတနာထားတဲ့သူ၊ တာဝန်ကျေတဲ့သူ၊ တာဝန်ယူတဲ့သူသာ ဖြစ်တယ်။ ဒီလိုပဲ ငြိမ်းချမ်းရေးကို လိုချင်ရင် မေတ္တာရေကိုလောင်းပါ။ စေတနာဆိုတဲ့ နေရောင်ခြည်ကိုပေးပါ။ ညီညွတ်မှုတခြင်းဆိုတဲ့ မြေဩဇာကို ကျွေးပါ။ ငြိမ်းချမ်းရေးဆိုတဲ့ပန်း သူ့အလိုလို ပွင့်လာပါလိမ့်မယ်"

"အရှင်ဘုရားရဲ့စကားက တရားအစစ်ပါဘုရား။ အရှင်ဘုရားစကားကို ငြိမ်းချမ်းရေးဖော်ဆောင်နေကြတဲ့ ခေါင်းဆောင်ကြီးတွေ ကြားစေချင်လိုက်တာ"

"နားနဲ့ ကြားပေမယ့် နှလုံးသားနဲ့ ခံစားတတ်မှ ဖြစ်မယ်။ ဦးနှောက်နဲ့ အာရုံစိုက်တတ်ဖို့လည်း လိုတယ်။ ဒါမှ အသိဉာဏ် ဖြစ်မယ်"

"အရှင်ဘုရားနဲ့ တပည့်တော်လည်း စကားက ပြောလို့ မကုန်နိုင်ဘူး။ တပည့်တော် အလွန်ကြိုက်တဲ့ 'ဆရာပါရဂူ' ရဲ့ စာအုပ်တစ်အုပ် ရှိသေးတယ် ဘုရား။ 'ဟိတောပဒေသ' တဲ့။ အဲဒီစာအုပ်ကို တပည့်တော် အလွတ်ရသည်အထိ ဖတ်ပါတယ်ဘုရား။ တွေးခေါ်တဲ့နေရာ၊ စာရေးတဲ့နေရာ၊ စကားပြောတဲ့နေရာမှာ အလွန် အသုံးဝင်ပါတယ် ဘုရား။ နောက်တစ်ခါကြုံမှ ဆွေးနွေးကြရအောင် ဘုရား"

"ဦးဇင်းလည်း တခြားအိမ်တွေ ဆွမ်းခံကြွရဦးမယ်။ ဒကာကြီးဦးဘုန်းရဲ့ တပည့်တွေလည်း ပျင်းနေလောက်ပြီ။ ကလေးတွေက ငယ်သေးတော့ 'ဆရာပါရဂူ' ရဲ့ဂုဏ်ကို ဘယ်သိနိုင်လိမ့်မလဲ။ ဒါပေမဲ့ သူတို့ ဒီနေ့ 'ဆရာပါရဂူ' ရဲ့ စာပေတချို့ကို ကြားနာခွင့်ရလိုက်ကြပြီ။ ဒကာကြီးဦးဘုန်းရဲ့ အဖေ (၁)နှစ်ပြည့် ဆွမ်းကပ်လှူပွဲမှာ ဦးဇင်းတို့ တကယ့်တရားစကားကို ပြောဖြစ်ခဲ့ကြပြီ"

"မှန်လှပါ ဘုရား။ 'ဆရာပါရဂူ' က ၉-၄-၂၀၁၁ မှာ ကွယ်လွန်တယ်ဆိုတော့ ဒီနေ့ဟာ (၇)လနဲ့ (၂)ရက်ပြည့်တဲ့ နေ့။ တပည့်တော်ရဲ့ ဖခင်နဲ့ အတူ 'ဆရာပါရဂူ' ကိုလည်း အမျှအတန်း ပေးဝေပါတယ် ဘုရား"

အားလုံးက 'သာဓု…' ခေါ်ကြလေတော့သည်။

"ကဲ… ဒကာကြီးဦးဘုန်း၊ ဦးဇင်းကို ခွင့်ပြုဦး။ စာပေကို ချစ်တဲ့သူနဲ့ ခင်မင်ခွင့်ရတာ မင်္ဂလာရှိလိုက်တာ။ ဒီလိုပဲ … 'စာပေကို ချစ်တဲ့ခေါင်းဆောင်၊ စာဖတ်တဲ့ ခေါင်းဆောင်တွေနဲ့ ကြုံဆုံရပါလို၏' လို့ ဦးဇင်းတို့ ဆုတောင်းကြရအောင်"

■



## ကဗျာတို့သည် ခေတ်သမိုင်းတစ်ခု၏ ပန်းချီကားချပ်များ ဖြစ်သည်

ကဗျာဆရာကြီးတင်မိုး

(၁၉-၁၁-၁၉၃၃ မွေးဖွား၊ ၂၂-၁-၂၀၀၇ ကွယ်လွန်)



စကားလုံးတွေကို
ခံစားချက်နဲ့ တည်ဆောက်တယ်။
ကာရန်တွေကို စေတနာနဲ့ ဖွဲ့သီတယ်။
နောက်ဆုံးမှာတော့
ကဗျာတွေ ဖြစ်လာတယ်။
ကဗျာဆိုတာ
ခံစားချက်တွေကို စကားလုံးတွေနဲ့ စီခြယ်ထားတဲ့
စေတနာပန်းချီကားတစ်ချပ်ပဲ။

## ကဗျာတို့သည် ခေတ်သမိုင်းတစ်ခု၏ ပန်းချီကားချပ်များ ဖြစ်သည်

"နှောင်းကြိုးတွေပြေ
တိမ်တွေက ရွှေ့လျား
တို့တိုင်းပြည် အမှောင်တွင်းက
လွတ်ကင်းစေသား"

"ဒီကဗျာဟာ ဆုတောင်းကဗျာတစ်ပုဒ်။ ဒါမှမဟုတ် အားမလို အားမရဖြစ်ပြီး ညည်းတွားတဲ့ တမ်းချင်းကဗျာတစ်ပုဒ်။ ဒီကဗျာကို 'ဆရာတင်မိုး' က အမေရိကားမှာ ရေးခဲ့တယ်"

'ပန်းချီဆရာ အောင်သန်းညို' က 'ဆရာတင်မိုး'၏ ကဗျာကို ရွတ်ဆိုပြီး သင်တန်းကို နှုတ်ဆက်လိုက်သည်။ ကျွန်တော့် စာသင်ခန်း၏ စိတ်ဓာတ်ဖွံ့ဖြိုးရေးချိန်တွင် 'ပန်းချီအောင်သန်းညို' က ပန်းချီပညာအကြောင်း သင်ကြားလာခဲ့သည်မှာ ယနေ့နှင့်ဆိုလျှင် ငါးချိန်မြောက်လေပြီ။

"ကျွန်တော်က ပန်းချီဆရာ။ စုတ်တံတွေ၊ ဆေးတွေကို အသုံးပြုပြီး ကင်းဘတ်စတွေ၊ စက္ကူတွေပေါ်မှာ အရောင်တင်တယ်။ အရောင်တွေကို စပ်တယ်။ ပြီးတော့ အနီးအဝေး အယူအဆတွေ၊ အပူအအေး သဘာဝတွေနဲ့ ပေါင်းစပ်တယ်။ နောက်ဆုံးတော့ ပန်းချီကားတစ်ချပ် ဖြစ်လာတော့တယ်။ အဲဒီ ပန်းချီပညာရဲ့ အခြေခံအယူအဆတွေကို လေးချိန် ပို့ချပြီးခဲ့ပြီ။

ဒီနေ့တော့ ကလောင်ကိုကိုင်ပြီး ပန်းချီကားချပ်တွေလို လှပတဲ့ကဗျာတွေ ရေးဖွဲ့တတ်တဲ့ 'ဆရာတင်မိုး' အကြောင်းကို ပြောပြမယ်။ 'ဆရာတင်မိုး' က ကလောင်ကို ကိုင်တယ်။ စကားလုံးတွေကို ခံစားချက်နဲ့ တည်ဆောက်တယ်။ ကာရန်တွေကို စေတနာနဲ့ ဖွဲ့သီတယ်။ နောက်ဆုံးမှာတော့ ကဗျာတွေ

ဖြစ်လာတယ်။ ကဗျာဆိုတာ ခံစားချက်တွေကို စကားလုံးတွေနဲ့ စီခြယ်ထားတဲ့ စေတနာပန်းချီကားတစ်ချပ်ပဲ။ ဒီနေ့ဟာ နိုဝင်ဘာလ (၁၉) ရက်။ 'ဆရာတင်မိုး' ရဲ့ မွေးနေ့။

ဒါ့ကြောင့် 'ဆရာတင်မိုး' ရဲ့ခံစားချက်တွေ၊ စကားလုံးတွေနဲ့ စီခြယ်ထားတဲ့ စေတနာကဗျာ ပန်းချီကားချပ်တွေကို မင်းတို့ရဲ့ နှလုံးသားထက်မှာ ဒီနေ့ချိတ်ဆွဲဖို့ ကျွန်တော် ပြင်ဆင်ထားတယ်''

စာသင်ခန်းထဲရှိ ကျောင်းသား၊ ကျောင်းသူများသည် 'ပန်းချီအောင်သန်းညို' ၏ ပန်းချီဆန်သော စကားလုံးများအောက်၌ ပြုံးပျော်သွားကြလေတော့သည်။ 'ပန်းချီအောင်သန်းညို' က သင်တန်းသားများကို စကားပြောလျှင် 'ဆရာ' ဆိုသော နာမ်စားကို မသုံး။ လူငယ်များကို လေးစားသည့်အနေဖြင့် 'ကျွန်တော်' ဆိုသော နာမ်စားကို သုံးတတ်သည်။

'' 'နှောင်ကြိုးတွေပြေ' ဆိုတာ 'ငြိမ်းချမ်းရေး' ကို ဆိုလိုတယ်။ 'တိမ်တွေက ရွှေ့လျား' ဆိုတာ 'လွတ်မြောက်ခြင်း' ကို ဆိုလိုတယ်။ 'တို့တိုင်းပြည် အမှောင်တွင်းက လွတ်ကင်းစေသား' ဆိုတာ 'ဒီမိုကရေစီ' ကို တမ်းတခြင်းပဲ''

ပန်းချီဆရာက ကဗျာအကြောင်းကို ပြောနေလေသည်။

'' 'ဦးပုညတမ်းချင်း' ဆိုတဲ့ ကဗျာတစ်ပုဒ်ကို ၁၉၈၅ ဇန်နဝါရီလ (၁၀) ရက်နေ့မှာ 'ဆရာတင်မိုး' က ရေးဖွဲ့ခဲ့ဖူးတယ်။ သိပ်ကောင်းတဲ့ကဗျာ။ ကျွန်တော် ရွတ်ဆိုပြမယ်''

- မြို့ဝန်လူဆိုး၊ ဦးသာအိုးက
  သူခိုးဉာဏ်နှင့်၊ အနိုင်ကျင့်လျက်
  ဘုရင့်အလို၊ လောကွတ်ပိုကာ
  စာဆိုကြီးကို သတ်ခဲ့ပြီ။
- မင်းတုန်းဘုရင်၊ သိလျှင်သိချင်း
  ရင်တွင်းမသာ၊ လွန်စွာနှမြော
  ကြေကွဲသောကြောင့်
  သြော်…
  လူကို ခွေးသတ်လေခြင်း… တဲ့။





- ဘုရင့်ကျေးကျွန်၊ အာဏာမွန်သည့်
  မြို့ဝန်လူယုတ်၊ မျက်နှာလုပ်၍
  အထွတ်ပွတ္တိ၊ ရှက်ဖွယ်လိနှင့်
  မချိတင်ကဲ… ရေးရပြီ။
- စာဆိုကွယ်လျှင်
  မျိုးနွယ်နစ်နာ၊ နိုင်ငံနာကြောင်း
  တစ်ခါမသိ၊ တစ်ခါသိလိမ့်။
  သိသည့်ခဏ၊ အရှက်ရလည်း
  ကာလ လက်လွန်ခဲ့လေပြီ။

'ပန်းချီအောင်သန်းညို' က ကဗျာကို အသံထည့်ပြီး ရွတ်ဖတ်သည်။ ဟန်ပန်အမူအရာထည့်ပြီး ရွတ်ဆိုသည်။ နားထောင်နေကြရသူအပေါင်း ကြေကွဲပြီး ကြည်နူးစွာ ခံစားလိုက်ရသည်။

'' 'ဘုရင့်အလို၊ လောကွတ်ပိုကာ၊ စာဆိုကြီးကို သတ်ခဲ့ပြီ' လို့ ရေးဖွဲ့ခဲ့တဲ့ 'ဆရာတင်မိုး' ဟာ ၁၉၃၃၊ နိုဝင်ဘာလ (၁၉) ရက်နေ့မှာ မွေးတယ်။ တောင်သာမြို့နယ်၊ ကန်မြဲရွာဇာတိ ဖြစ်တယ်။ မြန်မာ့စာပေနဲ့ မြန်မာ့ကဗျာကို မြန်မာ့သွေးနဲ့ ခံစားပြီး ရေးဖွဲ့နိုင်စွမ်းရှိတဲ့ ပါရမီရှင်တစ်ယောက်ပဲ။

စက်ချုပ်ဆရာကြီး ဦးဘအို့နဲ့ ဒေါ်စံထယ်တို့ရဲ့သား ဖြစ်တယ်။ ၁၉၅၇ ခုနှစ်မှာ ဆယ်တန်းအောင်တယ်။ မန္တလေးတက္ကသိုလ်နဲ့ ရန်ကုန်တက္ကသိုလ်မှာ ပညာသင်တယ်။ ၁၉၆၅ မှာ မန္တလေးတက္ကသိုလ်ကနေပြီး ဝိဇ္ဇာဘွဲ့ရခဲ့တယ်။ 'စာဆိုကွယ်လျှင်၊ မျိုးနွယ်နစ်နာ၊ နိုင်ငံနာ' တတ်ကြောင်းကို သတိပေး ပြောကြားခဲ့တဲ့ 'ဆရာတင်မိုး' ဟာ ခေတ်စနစ်ရဲ့ အမြင်ကျဉ်းမြောင်းမှုတွေကြောင့် ထောင်အကြိမ်ကြိမ် ကျခံခဲ့ရတယ်။ နောက်ဆုံးမှာတော့ အမေရိကန်နိုင်ငံကို ထွက်ခွာသွားခဲ့ရတယ်''

'ပန်းချီအောင်သန်းညို' က ခံစားချက်အပြည့်ဖြင့် သူ ရွတ်ဆိုသည့် ကဗျာကို အဓိပ္ပာယ်ဖွင့်လေသည်။

''ကျွန်တော် နှစ်သက်တဲ့ 'ဆရာတင်မိုး' ကဗျာတွေ အများကြီးပဲ ရှိသေးတယ်။ ကျွန်တော် ဆယ်တန်းကျောင်းသားဘဝတုန်းက 'အလှကိုယ်စီ'

ဆိုတဲ့ ကဗျာကို သင်ယူခဲ့ရဖူးတယ်။ ဘဝအတွက် အားမာန်ပါတဲ့ ကဗျာ တစ်ပုဒ်ပဲ''

- ဖိုးလမင်းလည်း
  သူ့အဆင်းနှင့်၊ အလင်းနှင့်။
- မီးတိုင်ငယ်လည်း
  သူ့အရွယ်နှင့်၊ အစွယ်နှင့်။
- စံပယ်ဦးလည်း
  သူ့ဂုဏ်ထူးနှင့်၊ ငုံဖူးနှင့်။
- ပိတောက်ဝါလည်း
  သူ့အခါနှင့်၊ နံ့သာနှင့်။
- မြစ်ပြင်နက်လည်း
  သူ့သိုင်းကွက်နှင့်၊ လှိုင်းယက်နှင့်။
- စမ်းချောင်းခွေလည်း
  သူ့ချောင်းရေနှင့်၊ လောင်းလေ့နှင့်။
- မည်သည့်အရာ၊ မဆိုသာတည်း
  သူ့မှာ ကိုယ့်မှာ၊ အလှသာတည့်။
- သဘာဝလျှင်၊ အလှကိုယ်စီ
  စွမ်းရည်ကိုယ်င၊ လက်ဆောင်ငှ၏။
- အလှဝန်တို၊ မငြင်ငြိုနှင့်
  ဝန်တိုမှုသာ၊ မလှရာတည့်။
- သူ့ဂုဏ် သူ့သိန်၊ သူ့အရှိန်နှင့်
  အချိန်အခါ၊ နေရာ ဒေသ
  ဌာနအလျောက်၊ အရေးရောက်သည်
  စွမ်းလောက်နိုင်သူ ချည်းပါတကား။

ကဗျာရွတ်သံအဆုံးတွင် အားလုံးက တိုင်ပင်မထားဘဲ လက်ခုပ်တီးပြီး အားပေးလိုက်ကြသည်။

''ဒီကဗျာကြောင့် အရာရာကို တန်ဖိုးထားတတ်တဲ့ အသိဉာဏ်တွေ ကျွန်တော် ရရှိခဲ့တယ်။ ဒီလိုပဲ၊ ကိုယ်ကိုယ်တိုင်လည်း အသုံးဝင်တဲ့သူ၊ တန်ဖိုး





ရှိတဲ့သူတစ်ယောက်လို့ သိလာခဲ့ရတယ်။ မင်းတို့လည်း အားမငယ်ကြနဲ့ဟေ့။ **အား**လုံးမှာ သူ့အစွမ်းနဲ့သူ ရှိတယ်။ ကြိုးစားကြ။ ကိုယ့်မှာရှိတဲ့ အစွမ်း **အစ**ကို လူသိအောင် ဖော်ထုတ်ပြကြ''

ကဗျာကို ရွတ်ဆိုပြီး လူငယ်များကို အားပေးနေပြန်သည်။

''သတိရလို့ ရွတ်ပြရဦးမယ်။ 'အဖိုးသခင် ကိုယ်တော်မှိုင်းသို့' ဆိုတဲ့ ကဗျာပဲ။

ကဗျာက (၁၂) ပိုဒ် ရှိတယ်။ (၆) ပိုဒ် ရွတ်ပြမယ်''

- ကွမ်းအစ်တစ်လုံး၊ သျှောင်တစ်ထုံးနှင့်
  ရင်ဖုံးအင်္ကျီ၊ ဖျင်ပင်နီနှင့်
  ယောထည်ပုဆိုး၊ မင်ကြောင်ထိုးနှင့်
  အဖိုးကဝိ၊ ပညာရှိ။
- ကဝိ၏ဉာဏ်၊ ရဲစွမ်းမှန်လည်း
  တော်လှန်ရာ၌ ထက်ခဲ့၏။
- ကဝိ၏ဓား၊ နှုတ်စကားလည်း
  ထောင်ထားရာ၌ ထက်ခဲ့၏။
- ကဝိ၏သွေး၊ ကျွန်နံ့ဆေး၍
  အားမွေးရာ၌ ထက်ခဲ့၏။
- သူ့ကျွန်မခံ၊ မျိုးမာန် မချ
  မခ သူ့အောက်၊ မမြှောက် သူ့လက်
  မမက် ကျွန်ဆု၊ မမှု ကျွန်ဘွဲ့
  မငဲ့ ကိုယ်ကျိုး၊ ဤအဖိုးကား
  အမျိုးနှင့်တူ၊ အေးတူ ပူမျှ
  သူ့ဘဝကို၊ သမ ရောမွှေခဲ့လေပြီ။
- အဖိုး၏သွေး၊ အမျိုးသွေးတည့်။
  အဖိုး၏စိတ်၊ အမျိုးစိတ်တည့်။
  အဖိုး၏ဂုဏ်၊ အမျိုးဂုဏ်တည့်။

ကဗျာကို ဝမ်းနည်းသံ၊ အာလုတ်သံကြီးဖြင့် ရွတ်ဖတ်လိုက်သောကြောင့် ငိုချင်သလိုလို ရင်ထဲမှာ ခံစားလိုက်ရသည်။

"ဒီကဗျာတွေကို ဆယ်တန်းကျောင်းသားဘဝတုန်းက သင်ယူခဲ့ရတယ်။ အခုတော့ 'ဆရာတင်မိုး' ရဲ့ကဗျာတွေကို ပြဋ္ဌာန်းစာအုပ်ထဲက ဖယ်ထားကြတယ်။ အလွန်ဝမ်းနည်းစရာ ကောင်းတယ်။ စဉ်းစားဖို့တော့ ကောင်းပြီ"

'ပန်းချီအောင်သန်းညို' က သူ့ခံစားချက်ကို ရဲဝံ့စွာ ထုတ်ဖော် ပြောလေသည်။

"တတိယတန်း မြန်မာဖတ်စာထဲမှာပါတဲ့ 'အောင်ဆန်းဇာနည်' ကဗျာကလည်း 'ဆရာတင်မိုး' ရေးထားတာပဲ။ ဒါပေမဲ့ ရေးသူအမည်ကို ဖော်ပြမထားဘူး။ ဒါမျိုးတွေက မဖြစ်သင့်ဘူး"

စကားကို ရိုးရိုးရှင်းရှင်းကြီး ပြောချလိုက်သဖြင့် နားထောင်နေကြရသူအပေါင်း ရင်ထဲတွင် လှိုက်ခနဲ ခံစားလိုက်ရသည်။

" 'တို့တိုင်းပြည်' ဆိုတဲ့ 'ဆရာတင်မိုး' ရဲ့ ကဗျာတစ်ပုဒ်ကိုလည်း ကျွန်တော် အလွန်နှစ်သက်တယ်"

- ဒါတို့ပြည်
  တည်ကြည်တဲ့စိတ်ထား။
  မှိုင်းစာဆို ပုဂ္ဂိုလ်ထူးကို
  ဖူးကြည့်ပါလား။
- ဒါတို့ပြည်
  ဇာနည်ကွဲ့ယောကျ်ား။
  အောင်ဆန်းမောင် မင်းရောင်သွေးကို
  တွေးကြည့်ပါလား။
- ဒါတို့ပြည်
  မှန်သည်ကွဲ့တရား။
  သမိုင်းမြေခံက
  ရွှေလုံ့ပိုင် ကျွန်စစ်သားယယ်တို့
  တရားကို အခြေတည်၍
  ဒါတို့ပြည် အောင်လံလွှင့်ခဲ့တယ်
  ချင့်ကြည့်ပါလား။





ကဗျာကို အားနှင့်မာန်နှင့် ရွတ်ဆိုပြလိုက်သောကြောင့် နားထောင်နေကြရသူအပေါင်း ကြက်သီးများပင် 'ဖြန်းခနဲ' ထသွားရတော့သည်။

"ကျွန်တော်နှစ်သက်တဲ့ 'ဆရာတင်မိုး' ရဲ့ကဗျာတွေ အများကြီး ရှိပါသေးတယ်။ 'ဆရာတင်မိုး' က ၁၉၅၉ မှာ 'ဖန်မီးအိမ်'၊ ၁၉၆၃ မှာ 'လေ့တစ်စင်းနှင့်သီချင်းသည်'၊ ၁၉၆၇ မှာ 'ပန်းဈေးခင်း'၊ ၁၉၆၉ မှာ 'စိမ်းလန်းသောအိပ်မက်'၊ ၁၉၇၃ မှာ 'နှင်းဆီပွင့်ပေါ် အိပ်ပျော်ခြင်း'၊ ၁၉၇၇ မှာ 'ပုဂံကျောင်းက ခေါင်းလောင်းသံ'၊ ၁၉၉၈ မှာ 'ကန္တာရနှစ်များ' ဆိုတဲ့ ကဗျာစာအုပ်တွေ ထုတ်ဝေခဲ့တယ်။ ကလေးကဗျာတွေအနေနဲ့တော့ ၁၉၆၅ မှာ 'အမေ့ကျောင်း'၊ ၁၉၇၀ မှာ 'ထီးကလေးနဲ့မနီ'၊ ၁၉၇၁ မှာ 'မိုးခင်းတေးသံ' ကဗျာတွေကို ထုတ်ဝေခဲ့တယ်။ 'ကိုရင်ဂျမ်း' အမည်နဲ့လည်း စာပေယဉ်ကျေးမှုဆောင်းပါးတွေ ရေးခဲ့ဖူးတယ်"

'ဆရာတင်မိုး' ရဲ့ ကဗျာစာအုပ်တွေအကြောင်းကို ဗဟုသုတရစေဖို့ ပြောကြားနေပြန်ပါသည်။ သူ့အပြောနှင့် သူ့ဟန်ကို ကြည့်ပြီး သူ့ကို စိတ်ထဲက အထင်ကြီးနေမိ၏။

" 'ဆရာတင်မိုး' အမေရိကားရောက်မှ ရေးခဲ့တဲ့ ကဗျာတွေ အများကြီး ရှိတယ်။ မြန်မာပြည်ကို လွမ်းတဲ့ကဗျာတွေ၊ ကိုယ့်တိုင်းပြည်ကို အားမလို အားမရဖြစ်လို့ ကရုဏာဒေါသောနဲ့ ရွတ်ဆိုရေးဖွဲ့ခဲ့တဲ့ ကဗျာတွေ။ အဲဒီကဗျာတွေကို အင်တာနက်ထဲမှာ ကျွန်တော် တွေ့ဖူးတယ်။ ရွတ်ဆိုခွင့်ပြုပါ။ ခေါင်းစဉ်က 'တို့တိုင်းပြည်' တဲ့။ ကဗျာက (၃) ကြောင်းတည်းရယ်"

- မငံ့မရဲ
  မချစ်ရဲပြီ
  စစ်သရဲတွေ စီးနေ၍။

သူက ထိုကဗျာတိုတိုလေးကို ဝမ်းနည်းကြေကွဲသော မျက်နှာဖြင့် တိုးညင်းစွာ ရွတ်ဆိုပြပါသည်။ အားလုံး၏စိတ်ထဲတွင် ထိရှစွာ ခံစားလိုက်ကြရသည်။ ကိုယ်တွေ့ကိုး။

"ဒီကဗျာမှာ 'ရဲ' ဆိုတဲ့ ကာရန်ကို သုံးထားတာ လှလိုက်တာ။ 'မငံ့မရဲ' ဆိုတာ မကြောက်ချင်ဘဲ ကြောက်နေရတယ်လို့ အဓိပ္ပာယ်ရတယ်။ 'မချစ်ရဲပြီ' ဆိုတဲ့ အသုံးအနှုန်းကတော့ ချစ်ခွင့်ရှိပါလျက်နဲ့ ချစ်ခွင့်တွေ

ဆုံးရှုံးနေရတယ် ဆိုတဲ့ လူ့အခွင့်အရေးမရှိမှုကို ရည်ညွှန်းတယ်။ 'စစ်သူရဲ' လို့မသုံးဘဲ 'စစ်သရဲ' လို့ သုံးနှုန်းတာကိုကြည့်ရင် ကျွန်တော်တို့ကို သူတို့က ကြောက်အောင် ခြောက်လှန့်ထားတယ်လို့ ဆိုလိုချင်ဟန်ရှိတယ်။ 'ဆရာတင်မိုး' က ပန်းချီကားတစ်ချပ်ကို ဆေးခြယ်သလိုမျိုး ကဗျာတစ်ပုဒ်မှာလည်း ကာရန်တွေ ထိထိမိမိ သုံးတတ်တဲ့ မော်ဆရာတစ်ယောက်ပဲ။

မြန်မာပြည်ကို သိပ်ချစ်ပြီး မြန်မာပြည်ကို သိပ်လွမ်းတဲ့ 'ဆရာတင်မိုး' ဟာ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ (၂၂) ရက်နေ့က အမေရိကန်နိုင်ငံ၊ လော့အင်ဂျလိစ်မြို့မှာ ကွယ်လွန်သွားရှာတယ်။ ကွယ်လွန်ချိန်မှာ ဆရာ့အသက်က (၇၄) နှစ်ပဲ ရှိပါသေးတယ်။ ကျွန်တော်က ပန်းချီဆရာပါ။ ဒါပေမဲ့ ကဗျာတွေကို ချစ်တယ်။ ကဗျာဆိုတာ ခံစားချက်စာလုံးတွေနဲ့ ခြယ်သထားတဲ့ စေတနာပန်းချီကားချပ်တွေပဲလေ''

'ဆရာတင်မိုး' အကြောင်းကို ဂုဏ်ယူဝင့်ကြွားစွာဖြင့် ဂဃနဏ ပြောကြားနေလေ၏။

''နောက်ဆုံးအနေနဲ့ 'ဆရာတင်မိုး' ရဲ့ 'ပြိုင်မြင်း' ဆိုတဲ့ ကဗျာလေးကို ရွတ်ဖတ်ရင်း အားလုံးကို နှုတ်ဆက်ပါရစေ။ ဒီကဗျာလေးဟာ ခေတ်အဆက်ဆက်မှာ လူကြီးနဲ့လူငယ် မညီညွတ်လို့၊ အသင်းအပင်းတွေ ကွဲကြ၊ ပြဲကြတာကို မခံစားနိုင်လွန်းလို့ ပေါက်ကွဲခံစားပြီး ရေးဖွဲ့ထားတဲ့ ကဗျာတစ်ပုဒ်အဖြစ် ကျွန်တော် ထင်မြင်မိပါတယ်။ ကဗျာလေးက ဒီလိုပါ''

- လူကြီးက လူငယ်
  ဉာဏ်ကျယ်သည် မထင်။
- လူငယ်က လူကြီး
  အချိန်စီးသည် မထင်။
- ခေတ်တိုင်းမှာ
  အရွယ်ပဋိပက္ခ
  ရှိကြစမြဲပင်။
- သူ့နေရာ အခါသင့်
  အခွင့်တဲ့ ပေါ်လာရင်
  တူယှဉ်လို့ ဆောင်စတမ်း။





- အနိုင်မငြင်းလေနဲ့
  ပြိုင်မြင်းလို ပန်းဝင်ဦးအောင်
  ကိုယ်ထူးရာ ကိုယ့်ကဏ္ဍ
  ပြေးကြခြေလှမ်း။

ကဗျာအဆုံးတွင် ကျောင်းသား၊ ကျောင်းသူ အားလုံးက လက်ခုပ်သံဖြင့် ကဗျာကို ဂုဏ်ပြုကြလေသည်။

''ဒီနေ့ဟာ ကာရန်တွေ၊ စကားလုံးတွေ၊ ခံစားချက်တွေ၊ စေတနာတွေနဲ့ စီခြယ်ထားတဲ့ 'ဆရာတင်မိုး' ရဲ့ ကဗျာတွေကို ကျွန်တော်က ပန်းချီပညာအမြင်နဲ့ ဂုဏ်ပြုလိုက်တယ်။ ခံစား နားလည်နိုင်ကြပါစေ။ အားလုံးကို ကျေးဇူးတင်ပါတယ်''

ပန်းချီကို ချစ်တဲ့ ပန်းချီဆရာက ကဗျာကို ပန်းချီကား တစ်ချပ်လို ခံစားပြီး လူငယ်များကို အသိအမြင် ဖွင့်ပေးသွားသည်။

ကျေးဇူးပါ။

တကယ်တော့…

ကဗျာတို့သည် စာလုံးတွေ၊ ကာရန်တွေနဲ့ စီခြယ်ထားတဲ့ ခေတ်သမိုင်းတစ်ခု၏ ပန်းချီကားချပ်များ ဖြစ်ကြပါသည်။

■

# လူငယ်တွေကို ဖီးနှစ်ငှက်တွေ ဖြစ်စေချင်ပါသည်

အမေ လူထုဒေါ်အမာ

(၂၉-၁၁-၁၉၁၅ မွေးဖွား၊ ၇-၄-၂၀၀၈ ကွယ်လွန်)



စာပေသမားဆိုတာ သူတစ်ပါးအပေါ် မေတ္တာစေတနာအပြည့်နဲ့
ကိုယ်မြင်တဲ့ အလှတရားကို ကိုယ်တတ်နိုင်သလောက် ဝေမျှနေတဲ့သူတဲ့။
ကုသိုလ်အလုပ်တဲ့။
စာရေးဆရာဆိုတာ စာကို နေ့တိုင်း ရေးနေရမယ်တဲ့။
စာဆိုတာ ရေးမှ ထွက်တာတဲ့။

## လူငယ်တွေကို ဖီးနစ်ငှက်တွေ ဖြစ်စေချင်ပါသည်

နိဝင်ဘာလ (၂၉)။

ထိုနေ့က ကျောင်းသား၊ ကျောင်းသူလေးများ အိမ်ရှေ့တွင် ဘုံဆွမ်းလောင်းလှူကြသည်။ ဘုံဆွမ်းလောင်းရန်အတွက် လိုအပ်သည့် ငွေကြေးနှင့် ပစ္စည်းများကို သူတို့လေးတွေက စုပေါင်း ထည့်ဝင်ကြသည်။ ပူးပေါင်းဆောင်ရွက်ကြသည်။ ဘုံဆွမ်းလောင်းလှူရသည့် ရည်ရွယ်ချက်မှာ နိုဝင်ဘာလ (၂၉) ရက်နေ့သည် အမေ 'လူထုဒေါ်အမာ' ၏ မွေးနေ့ ဖြစ်သောကြောင့်တည်း။

ထိုနေ့က စာရေးဆရာ 'ဇော်ခိုင်ဦး' နှင့် စာပေဟောပြောပွဲ ခရီးသွားရန် ရှိသည်။ သူက ကျွန်တော့်အိမ်သို့ နံနက်စောစော ရောက်လာသည်။ ထို့ကြောင့် အမေ 'လူထုဒေါ်အမာ' အကြောင်း လူငယ်များသိစေရန် သူ့ကို စကားပြောပေးဖို့ ကျွန်တော်က တောင်းဆိုခဲ့သည်။ သူက လူထုမိသားစု၏ 'လူထု စာကြည့်တိုက်' တွင် စာပေများကို အမြဲ ဖတ်ရှုနေတတ်သူတစ်ဦး ဖြစ်သည်။

"ကျွန်တော်က မန္တလေးအခြေစိုက် စာရေးဆရာပါ။ 'ဇော်ခိုင်ဦး' လို့ ခေါ်ပါတယ်။ မြန်မာစာအဓိကနဲ့ ကျောင်းပြီးခဲ့တယ်။ ဂုဏ်ထူးတန်း ဆက်မတက်ခဲ့ဘူး။ ဒီနေ့ဟာ အမေ 'လူထုဒေါ်အမာ' ရဲ့ (၉၆) နှစ်ပြည့် မွေးနေ့။

အမေ့မွေးနေ့ကို ရည်မှန်းပြီး မင်းတို့ 'ဆရာဦးဘုန်း' က သံဃာတော်တွေကို ဆွမ်းလောင်းတယ်။ ဒီပွဲမှာ စကားပြောပေးဖို့ မင်းတို့ဆရာက ခရီးသွားဟန်လွှဲ ဖိတ်ခေါ်တယ်"

'ဇော်ခိုင်ဦး' က မိတ်ဆက်စကားဖြင့် နှုတ်ဆက်သည်။

" 'ဆရာရွှေကိုင်းသား' စာပေတွေကို လေ့လာဖို့ အမေက ကျွန်တော့်ကို တာဝန်ပေးခဲ့ဖူးတယ်။ ကျွန်တော်တို့ မန္တလေးသူ၊ မန္တလေးသားတွေက အမေ 'လူထုဒေါ်အမာ' ကို 'အမေ' လို့ ခေါ်ကြတယ်။ ကျွန်တော်တို့ရဲ့ အဖေအရွယ်တွေ၊ ဦးလေးအရွယ်တွေကတော့ အမေ 'လူထုဒေါ်အမာ' ကို 'ဒေါ်ဒေါ်' လို့ ခေါ်ကြတယ်။ ဒါဟာ မန္တလေးရဲ့ ယဉ်ကျေးမှုတစ်ခုပါပဲ"

'ဇော်နိုင်ဦး' က အသားညိုညို၊ သွားကြီးကြီး၊ မျက်ရစ်ထူထူနှင့် အညာသားပုံစံ။ ရယ်ရယ်မောမောဖြင့် စကားပြောလေ့ ရှိသည်။

"အမေရေးတဲ့စာအုပ်တွေ အများကြီးရှိတယ်။ မင်းတို့လေးတွေ ကြီးလာရင် ဖတ်ဖြစ်မယ်လို့ မျှော်လင့်တယ်။ အမေရေးသမျှစာတွေကို ကျွန်တော် ဖတ်ဖူးတယ်။ အမေက စာရေးရင် စကားပြေနဲ့ မရေးဘူး။ စကားပြောနဲ့ ရေးတယ်။ စကားပြောနဲ့ ရေးတာကြောင့် ဖတ်နေရတဲ့သူအဖို့ ကိုယ့်အနားမှာထိုင်ပြီး စကားပြောနေသလို ခံစားရတယ်။ ဒါကြောင့် အမေ့စာတွေက ဖတ်ရတာ အဆင်ချောတယ်။

ပြောရဦးမယ်၊ 'အမေ့ရေးစကား' ဆိုတဲ့ စာအုပ်ထဲမှာ လူငယ်တွေအတွက် ရေးထားတဲ့ စာတွေရှိတယ်။ 'မမလေးတို့ ထဘီ'။ 'အမျိုးသမီးဝတ်စုံ'။ 'ယနေ့ခေတ်နှင့် လူငယ်'။ 'သမီးပျိုများရဲ့ လုပ်စာ'။ 'မိန်းကလေးဆိုတာ'။ 'မိန်းမတို့ဣန္ဒြေ'။ 'သမီးမိန်းကလေးတို့ရဲ့ အနေအထိုင်'… စတာတွေပေါ့"

'ဇော်နိုင်ဦး' က အမေ့စာဖြင့် လူငယ်များကို မိတ်ဆက်လေသည်။

"ခေတ်တစ်ခေတ်မှာရှိတဲ့ လူငယ်တွေရဲ့ ဝတ်စားဆင်ယင်ပုံဟာ အဲဒီခေတ်ရဲ့ မျိုးချစ်စိတ်ဓာတ်ပဲ။ ပုဆိုးတိုတို၊ ထဘီတိုတို၊ ခံဖိနပ်စီးပြီး ကျောင်းတက်တဲ့ခေတ် ရှိခဲ့ဖူးတယ်။ အဲဒီလို ဝတ်စားဆင်ယင်ခြင်းဖြင့် ကိုယ့်အမျိုးကို ကိုယ်ချစ်ကြောင်း ဗြိတိသျှအစိုးရသိဖို့ ဆန္ဒဖော်ထုတ်ကြတာပဲ။

ဒီနေ့ခေတ်မှာတော့ ရုပ်ရှင်ကားတွေပဲကြည့်ကြည့်၊ မဂ္ဂဇင်း မျက်နှာဖုံးတွေမှာပဲကြည့်ကြည့်၊ မိန်းကလေးတွေရဲ့ ခါးပေါ်မှာ ထဘီမရှိကြတော့ဘူး။ **ထဘီမရှိခြင်းဟာ မျိုးချစ်စိတ်ဓာတ် ကင်းမဲ့ခြင်းကို ဖော်ပြနေတာပဲ။ ယောကျ်ားလေးတွေလည်း အတူတူပဲ။ ဆံပင်ကို ဂျယ်လိမ်းပြီး ဘောင်းဘီအတို၊ ဘောင်းဘီအရှည်ကို မက်မောခြင်းဟာ မျိုးချစ်စိတ်ဓာတ် ကျဆုံးလာခြင်းကို**





**ဖော်ပြတဲ့ သင်္ကေတပဲ။** အခုဆိုရင် ကျေးရွာတွေအထိ စကပ်တိုတို မိန်းကလေးတွေကို တွေ့နေကြရပြီ။ 'အမေ' သာ ရှိရင် ရင်ကွဲမှာ"

ထိုအချိန်တွင် ကျောင်းသူတစ်ယောက်က လက်ညှိုးထောင်ပြီး မတ်တတ်ရပ်လိုက်သည်။

"ဆရာရှင့်၊ အခုဆိုရင် ချည်ထဘီ၊ ချည်အင်္ကျီကို ပြန်ဝတ်တဲ့ မိန်းကလေးတွေ အများကြီး ရှိလာပါပြီရှင့်။ ဒေါ်အောင်ဆန်းစုကြည်က ချည်ထဘီလေးနဲ့၊ လှတယ်၊ ကျက်သရေ ရှိတယ်။ လူငယ်တွေ ဘောင်းဘီဝတ်ချင်အောင်၊ စကပ်တိုဝတ်ချင်အောင် ကိုရီးယားကားတွေက စည်းရုံးနေကြတယ်။ အဝတ်အစားဟာ မျိုးချစ်စိတ်ဓာတ်နဲ့ ဆက်နွယ်နေတယ်ဆိုတာ သမီး လက်ခံပါတယ်။ ဒါပေမဲ့ လူငယ်တွေ အတုယူမှားအောင် ရုပ်သံမီဒီယာက လုပ်ပေးနေတယ်။ ဒါကိုလည်း စဉ်းစားသင့်ပါတယ် ရှင့်"

'ဇော်နိုင်ဦး' သွားပေါ်အောင် ပြုံးသွားသည်။

"ဦးဘုန်းတပည့်တွေက သတ္တိရှိလှချေလားကွ။ ထပြီး ဆွေးနွေးရဲတယ်။ ပြန်ပြောရဲတယ်ဟေ့။ ကဲ… ပြောရဦးမယ်။ 'ဆင်းရဲသားနဲ့ လောင်းကစား' ဆိုတဲ့ ဆောင်းပါး။ ကျွန်တော်တို့မန္တလေးမှာ ဘုရားပွဲဈေးတန်းကို ကြည့်လိုက်ကြစမ်း။ လောင်းကစားပွဲတွေ အမြဲပါဝင်တယ်။ အဲဒါ ကုန်းဘောင်ခေတ်နှောင်းပိုင်းကတည်းက စခဲ့တာ။ မန္တလေးမှာ (၃၆) ကောင်ထီ နေ့တိုင်းဖွင့်တဲ့ဒိုင် ရှိခဲ့ဖူးတယ်။ တရုတ်တန်းက ဦးမြတဲ့။ ဒီနေ့ခေတ်လိုပေါ့။ နှစ်လုံးထီတို့၊ ချဲတို့ ထိုးသလိုပေါ့။ အများအားဖြင့် သူဌေးတွေက ဒိုင်လုပ်ကြတယ်။ ဆင်းရဲသားတွေက ထိုးသားလုပ်ကြတယ်။ နောက်ဆုံးတော့ ထိုးသားမွဲတယ်။ ဒိုင်ချမ်းသာတယ်။

ဒီပြဿနာဟာ ခေတ်တိုင်းမှာ ရှိတယ်။ ဆင်းရဲလို့ လောင်းကစားလုပ်တာလား။ လောင်းကစားလုပ်လို့ ဆင်းရဲတာလား။ ခွဲခြားလို့ မရနိုင်ဘူး။ ဒါကြောင့် လောင်းကစားမလုပ်ရင် မဆင်းရဲဘူး။ 'ရတနာပုံ မန္တလေး' ဆိုတဲ့ စာအုပ်ထဲမှာလည်း ထီအကြောင်းကို ပြည့်ပြည့်စုံစုံ ရေးထားတယ်။ ထီထိုးလို့ လူတွေ စာရိတ္တပျက်ကြ၊ မွဲကြ။ တိုင်းပြည်က အခွန်ဘဏ္ဍာရတယ်ဆိုပေမယ့်လည်း လူထုရဲ့ လုပ်အားဆုံးရှုံးမှု ဖြစ်ပေါ်လာတာကြောင့် ထီဆိုတာ လူမွဲဆေး၊ တိုင်းပြည်မွဲဆေး ဖြစ်တယ်။ ဒီအကြောင်းတွေကို 'အမေ'

က စာနဲ့ရေးပြီး လူငယ်တွေကို ဆုံးမတယ်၊ တိုင်းပြည်ကို သတိပေးတယ်။ မင်းတို့ ဖတ်ကြည့်သင့်တယ်''

သည်နေ့ခေတ် ပညာရေးသည် ဗဟုသုတရရန်အတွက် ပြင်ပစာပေများ ဖတ်ရှုရန် အချိန်မပေး။ စာဖတ်ရန်လည်း မတိုက်တွန်း။ အာသီသ မရှိ။ ထို့ကြောင့် စာပေပညာရှင်များကို စာသင်ခန်းသို့ ဖိတ်ခေါ်ပြီး ယဉ်ကျေးမှုကို တန်ဖိုးထားတတ်ဖို့၊ မြန်မာစာပေကို ချစ်မြတ်နိုးတတ်ဖို့ စကားပြောပွဲများ တစ်လလျှင် နှစ်ကြိမ်ခန့် ကျွန်တော်က ပြုလုပ်ပေးတတ်ပါသည်။

''အမေ 'လူထုဒေါ်အမာ' ရဲ့ စာတွေကို ဖတ်ခြင်းဖြင့် မန္တလေးမြို့ကြီးရဲ့ အတိတ်သမိုင်းကြောင်းကို သိခွင့်ရနိုင်တယ်။ 'အမေ' ဟာ မြန်မာစာပေရဲ့ စာပေဘဏ်တိုက်ကြီး ဖြစ်တယ်။ အမျိုးသားစာဆိုကြီးလည်း ဖြစ်တယ်။ သပြေလို လန်းဆန်းတဲ့ အမေ။ ကြာပန်းလို တင့်တယ်တဲ့ အမေ။ စံပယ်လို ဖြူစင်တဲ့အမေ။ သဇင်လို မြင့်မြတ်တဲ့အမေ။ ရင်ခတ်ပန်းလို ဝင်းပတဲ့ အမေ။ ဒေါနပန်းလို ကြိုင်သင်းတဲ့အမေ။ နှင်းဆီပန်းလို ရဲရင့်တဲ့အမေ။ အဲဒီလို တင်စားခေါ်ဝေါ်ခြင်းခံခဲ့ရတဲ့ မျိုးချစ်စာဆိုကြီးပဲ''

'ဇော်ခိုင်ဦး' က သူ့စကားကို ရပ်လိုက်ပြီး မေးခွန်းတစ်ခု မေးလိုက်လေသည်။

''မင်းတို့အိမ်ရဲ့ စာအုပ်စင်မှာ အမေ 'လူထုဒေါ်အမာ' ရဲ့ စာအုပ်ရှိနိုင်တယ်။ ရှိတဲ့သူ မတ်တတ်ရပ်ပြီး ဖြေပေးပါ''

မေးခွန်းဆုံးသည်နှင့်တစ်ပြိုင်နက် ကျောင်းသူနှစ်ဦးနှင့် ကျောင်းသားတစ်ဦး မတ်တတ်ရပ်လိုက်ကြသည်။

ကျောင်းသူတစ်ဦးက ဖြေသည်။

''သမီးတို့ရဲ့အိမ်မှာ အမေ 'လူထုဒေါ်အမာ' ရဲ့ စာအုပ်တွေ အများကြီးပဲ ရှိပါတယ်။ သမီးအဖေက စာဖတ်တယ်။ 'ဆေးလိပ်နဲ့လူသား'၊ 'ထိုင်းဝတ္ထုတိုများ' ဆိုတဲ့ စာအုပ်ကို သမီးမြင်ဖူးတယ်။ ဒါပေမဲ့ မဖတ်ဖူးဘူး''

နောက်ထပ် ကျောင်းသူတစ်ဦးက ဖြေသည်။

''သမီးက အမေ 'လူထုဒေါ်အမာ' ရဲ့ စာအုပ်တစ်အုပ် ဖတ်ဖူးတယ်။ 'ကျွန်မတို့မန္တလေးက မန္တလေးတောင်' ဆိုတဲ့စာအုပ်ပဲ''

''ဘာကြောင့် ဖတ်ဖြစ်ရတာလဲ''





''ဆရာ့ကျောင်းက နံရံကပ်စာစောင်မှာ မန္တလေးတောင်အကြောင်း ရေးချင်လို့ သမီးက ဖတ်ဖြစ်သွားတာပါ''

''မှတ်မိသလောက် ပြောပြနိုင်မလား''

''အများကြီးတော့ မမှတ်မိပါဘူးရှင့်။ သမီး စိတ်ဝင်စားတာက ရသေ့ကြီး ဦးခန္တီအကြောင်းပဲ။ ဦးခန္တီက မန္တလေးတောင်ကို ၁၉၀၈ ခုနှစ်လောက်မှာ ရောက်တယ်လို့ သိရတယ်။ နှစ် (၄၀)ကျော်လောက် သီတင်းသုံးသွားတယ်။ မန္တလေးတောင်ကြီးကို တိုးတက်အောင် ပြုပြင်ခဲ့တယ်။ ဦးခန္တီက ရဟန်းဘဝ (၁၂) ဝါရပြီးမှ ရသေ့ဘဝကို ကူးလိုက်တာတဲ့''

''ရဟန်းဘဝကနေပြီး ရသေ့ဘဝကို ဘာလို့ ကူးတာလဲကွဲ့''

''သာသနာပြုဖို့ ငွေလိုအပ်တယ်။ မန္တလေးတောင်ကြီး ပြုပြင်ဖို့ ငွေလိုတယ်။ ရဟန်းဘဝနဲ့ ငွေမကိုင်ချင်ဘူး။ ဒါ့ကြောင့် ရသေ့ဘဝကို ကူးလိုက်တာလို့ မှတ်သားမိပါတယ်ရှင့်။ ဦးခန္တီနဲ့ ပတ်သက်လို့ အဘိုးတွေ၊ အဘွားတွေ ပြောပြတဲ့ ပုံပြင်တွေလည်း အများကြီး ကြားဖူးပါတယ်''

''ကဲ… သမီး ထိုင်နိုင်ပြီ။ မတ်တတ်ရပ်နေတဲ့သားလေး ပြောပါဦး''

''ကျွန်တော်က အမေ 'လူထုဒေါ်အမာ' ရဲ့ စာကိုတော့ မဖတ်ဖူးဘူး။ စာအုပ်တွေကိုတော့ တွေ့ဖူးတယ်။ မမှတ်မိပါဘူး''

သူ့အဖြေစကားကြောင့် အားလုံး ပြုံးစိစိဖြစ်သွားကြသည်။

''ဒါဆိုရင် မင်းက ဘာဖြစ်လို့ မတ်တတ်ရပ်နေရတာလဲ''

''ကျွန်တော်က လမ်း ၈၀ ကျုံးဘေးမှာ နေပါတယ်။ တစ်နေ့တော့ အလွန်စည်ကားတဲ့ အသုဘတစ်ခုကို ကျွန်တော် တွေ့လိုက်ရတယ်။ လမ်း ၈၀ ဆိုတာ 'ကြာနီကန်သင်္ချိုင်း' ကိုသွားဖို့ အသုဘကားတွေ အမြဲဖြတ်သွားနေကျလမ်းပါ ဆရာ။ အဲဒီနေ့က အလွန်စည်ကားတဲ့ အသုဘကို မြင်ရတော့ ကျွန်တော့်အဖေက ပြောတယ်။ အမေ 'လူထုဒေါ်အမာ' ရဲ့ ဈာပနတဲ့''

''အေး… မင်းထိုင်နိုင်ပြီ။ မင်းပြောလို့ 'အမေ့ရဲ့ဈာပန' အကြောင်း ပြောပြရဦးမယ်။ အမေက ၁၉၁၅၊ နိုဝင်ဘာလ (၂၉)ရက်နေ့ မန္တလေးမှာ မွေးတယ်။ မန္တလေးသူစစ်စစ်။ 'အမေ' ဆုံးတာက ၂၀၀၈၊ ဧပြီလ (၇)ရက်နေ့။ ဧပြီလ (၉)ရက်နေ့မှာ ဈာပနပွဲ ကျင်းပတယ်။ ဈာပနကို လိုက်ပြီး ပို့ဆောင်ကြတဲ့ မော်တော်ကားအစီးပေါင်း (၁၆၀) ကျော်တယ်။ လွမ်းသူ့ပန်းခွေ

ပန်းခြင်းတင်တဲ့ကားက (၅) စီးရှိတယ်။ မော်တော်ဆိုင်ကယ်တွေကလည်း အစီးပေါင်း (၈၀၀)၊ (၁၀၀၀) လောက် ရှိမယ်ထင်တယ်။ စက်ဘီးဆိုတာကတော့ ရေတွက်လို့ကို မရဘူး။ အမေ့ရုပ်ကလာပ်တင်လာတဲ့ကားကို တွေ့မြင်ရတဲ့သူတိုင်းက လက်အုပ်ချီမိုးပြီး ကန်တော့ကြတယ်။ တချို့များ မြေပြင်ပေါ်မှာတောင် ထိုင်ပြီး ကန်တော့ကြတယ်''

''ဘာ့ကြောင့် ဒီလောက်အထိ စည်ကားရတာလဲဗျ''

ကျောင်းသားတစ်ဦးက ထိုင်လျက် မေးသည်။

''ပြည်သူချစ်လို့ပေါ့ကွ။ 'အမေ' က လူထုစာအုပ်တိုက်ရဲ့ ပဲ့ကိုင်။ လူထုစာအုပ်တိုက်ဆိုတာ မြန်မာ့စာပေရဲ့ မီးရှူးတန်ဆောင်။ လူထုစာအုပ်တိုက်က မွေးထုတ်ပေးလိုက်တဲ့ စာပေသူရဲကောင်းတွေကလည်း အများကြီး။ ဒီတော့ မြန်မာ့စာပေရဲ့ ဦးသျှောင်၊ မြန်မာ့စာပေရဲ့ မော်ကွန်း၊ တစ်နည်းအားဖြင့် မြန်မာ့စာပေရဲ့နေမင်းကြီး 'ကွယ်ပျောက်' ခဲ့ရတာကို နှမြောတသကြလွန်းလို့ ယူကျုံးမရ ဖြစ်ခဲ့ကြရတယ်''

'ဖော်နိုင်ဦး' အသံက ဝမ်းနည်းသံ ပေါက်လာသည်။

'' 'အမေ' က ပြောဖူးတယ်။ စာပေသမားဆိုတာ သူတစ်ပါးအပေါ် မေတ္တာ စေတနာအပြည့်နဲ့ ကိုယ်မြင်တဲ့ အလှတရားကို ကိုယ်တတ်နိုင်သလောက် ဝေမျှနေတဲ့သူတဲ့။ ကုသိုလ်အလုပ်တဲ့။ စာရေးဆရာဆိုတာ စာကို နေ့တိုင်းရေးနေရမယ်တဲ့။ စာဆိုတာ ရေးမှထွက်တာတဲ့။ ဒီနေ့ဟာ 'အမေ့' ရဲ့ (၉၆)နှစ်မြောက် မွေးနေ့ပဲ။

'အမေ့မွေးနေ့' ရောက်တိုင်း ဦးပိန်တံတားအနီး တောင်လေးလုံးကျောင်းဝင်းအတွင်း သူဌေးဘုရားရင်ပြင်တော်ပေါ်မှာ မွေးနေ့ပွဲ ကျင်းပလေ့ရှိတယ်။ 'အမေ့မွေးနေ့' ရောက်ပြီဆိုရင် မြန်မာတစ်ပြည်လုံးမှာ ရှိကြတဲ့ စာပေပညာရှင်တွေ အကုန်လုံးနီးပါးရောက်လာတတ်ကြတယ်။ 'အမေ့' ကို ဂုဏ်ပြုကြတယ်။

ကျွန်တော်က 'အမေ့မွေးနေ့' တိုင်း 'အမေ' နဲ့ အတူရှိနေတဲ့သူ။ 'အမေ့' အကြောင်းပြောရမယ်ဆိုရင် အများကြီးပါပဲဗျာ။ 'အိပ်မက်မခြေ၊ သံလွင်ချွေနှင့်၊ စာပေတန်ဆောင်၊ ရွှေဒေါင်းတောင်နှင့်၊ ကလောင်သွားဝင့်၊ အလင်းမြှင့်ခြေ၊ ကျွန်တော်တို့ အားလုံးချစ်တဲ့အမေ' လို့ စာပေပညာရှင်





တွေက တင်စားကြတယ်။ စကားပြောချိန်ကလည်း သိပ်မရဘူး။ ခရီးကလည်း ထွက်ရဦးမှာဆိုတော့ ဒီလောက်နဲ့ပဲ ကျေနပ်ကြပါ''

'ဖော်နိုင်ဦး' က သူ့စကားကို အဆုံးသတ်လိုက်သည်။

သူ စကားပြောနေချိန်တွင် ကျွန်တော်က စဉ်းစားနေမိသည်။

ကျွန်တော့်စာသင်ခန်းထဲမှ ကဗျာဆရာ၊ စာရေးဆရာ၊ ပန်းချီဆရာ၊ အနုပညာရှင်များ ထွက်ပေါ်စေချင်သည်၊ ဖြစ်စေချင်သည်။

ဘာကြောင့်လဲဆိုတော့...

တကယ့် ကဗျာဆရာ၊ တကယ့် စာရေးဆရာ၊

တကယ့် ပန်းချီဆရာ၊ တကယ့် အနုပညာရှင်ဆိုတာ

မီးပုံထဲကနေပြီး ရှင်သန်ထမြောက်နိုင်စွမ်းရှိကြတဲ့

ဖီးနစ်ငှက်တွေပါပဲ။

လူငယ်တွေကို ဖီးနစ်ငှက်တွေ ဖြစ်စေချင်ပါသည်။

■

## ဒီဇင်ဘာ နေ့စွဲများ

၁။ ကျောင်းသားသမဂ္ဂ အုတ်မြစ်ချသောနေ့
**(ဒီဇင်ဘာ ၅ ရက်)**

၂။ စုဖုရားလတ်
**(ဒီဇင်ဘာ ၁၃ ရက် မွေးဖွားသူ)**


၃။ ဗိုလ်အောင်ကျော်
**(ဒီဇင်ဘာ ၂၇ ရက် မွေးဖွားသူ)**

၄။ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး အရှင်ဇနကာဘိဝံသ
**(ဒီဇင်ဘာ ၂၇ ရက် ပျံလွန်တော်မူသူ)**

# စစ်မှန်တဲ့ နိုင်ငံရေးဆိုတာ အမွန်မြတ်ဆုံး ပရဟိတလုပ်ငန်းပဲ

## ကျောင်းသားသမဂ္ဂ အုတ်မြစ်ချသောနေ့

(၅-၁၂-၁၉၂၇ အုတ်မြစ်ချ၊ ၈-၇-၁၉၆၂ ဖြိုချဖျက်ဆီး)



ကျောင်းသားသမဂ္ဂမှာ ရည်ရွယ်ချက်တွေ ရှိတယ်။
တိုင်းပြည်အနာဂတ်အတွက် ကိုယ်ကျင့်တရားကောင်းမွန်ပြီး
လုပ်ရည်ကိုင်ရည်ပြည့်စုံတဲ့ တိုင်းပြည်ခေါင်းဆောင်ကောင်းတွေ
သန္ဓေတည် မွေးဖွားပေးဖို့၊
မတရားတဲ့ အုပ်ချုပ်သူ လူ့အဖွဲ့အစည်းတစ်ရပ်
တိုင်းပြည်မှာ ဖြစ်ထွန်းပေါ်ပေါက်နေပြီဆိုရင်
တရားသဖြင့် ဖြစ်လာစေဖို့အတွက်
ရဲရင့်စွာ ပြောဆိုနိုင်တဲ့သူတွေ မွေးထုတ်ပေးဖို့၊
ဒီလို ရည်ရွယ်ချက်တွေနဲ့ သမဂ္ဂကို ဖွဲ့စည်းကြတယ်။

## စစ်မှန်တဲ့ နိုင်ငံရေးဆိုတာ အမွန်မြတ်ဆုံး ပရဟိတလုပ်ငန်းပဲ

နာရီကို ငုံ့ကြည့်လိုက်မိသည်။

ညနေ (၆း၄၅)။

စာသင်ချိန်ပြီးရန် (၁၅)မိနစ်ခန့် လိုသေးသည်။

ယနေ့အဖို့ ယခုစာသင်ချိန်သည် နောက်ဆုံးအချိန် ဖြစ်လေသည်။ ကျောင်းသား၊ ကျောင်းသူ အားလုံးသည်လည်း တစ်နေကုန် စာသင်ထားကြရ၍ အားအင်ကုန်ခန်း နွမ်းလျနေကြလေပြီ။ (၁၅) မိနစ်ခန့် အတန်းစောပြီး မဆင်းချင်ပါ။ ဘာကြောင့်လဲဆိုတော့ ဒီဇင်ဘာလဖြစ်၍ အပြင်မှာက မှောင်နေလေပြီ။ ကျောင်းသား၊ ကျောင်းသူများကို လာကြိုကြသော မိဘများကလည်း မစုံကြသေး။ အချိန်အတိအကျဆင်းမှ သင့်တော်မည်။

ကျွန်တော်က စကားစလိုက်သည်။

"အတန်းပြီးဖို့ (၁၅) မိနစ် လိုသေးတယ်။ ဒီနေ့ သင်ထားတဲ့စာတွေကို ပြန်ပြီးရွတ်ဆိုကြမလား၊ ဗဟုသုတဖြစ်ဖွယ်စကားကို နားထောင်ကြမလား။ တစ်ခုခုကို ရွေးချယ်ကြကွာ"

အားလုံးက ဗဟုသုတဖြစ်ဖွယ်စကားကို နားထောင်ချင်ကြောင်း ပြန်ပြောကြသည်။ သည်လိုနှင့်…။

*

"ဒီနေ့က ၂၀၁၁၊ ဒီဇင်ဘာလ (၅)ရက်နေ့။ ဟိုးလွန်ခဲ့တဲ့ ၁၉၂၇ တုန်းက ဒီလိုလ၊ ဒီလိုရက်မှာပေါ့။ ရန်ကုန်တက္ကသိုလ် ပရဝဏ်အတွင်းမှာ 'ကျောင်းသားသမဂ္ဂအသင်းတိုက်' ကို အုတ်မြစ်ချခဲ့တယ်"

'ကျောင်းသားသမဂ္ဂ' ဟု ပြောလိုက်သဖြင့် လူငယ်ကျောင်းသားတချို့ ခေါင်းထောင်သွားကြ၏။ တချို့ကတော့ ခေါင်းငုံ့သွားကြ၏။

“ငါတို့နိုင်ငံမှာ ‘သမဂ္ဂ’ လို့ ကြားလိုက်ရင် အုပ်ချုပ်ရေးပိုင်း ပုဂ္ဂိုလ်တွေက နိုင်ငံရေးစကားလို့ ထင်ကြတယ်။ တကယ်တော့ ‘သမဂ္ဂ’ ဆိုတာ ပါဠိစကား။ မြန်မာလိုအဓိပ္ပာယ်ကတော့ စိတ်ရောကိုယ်ပါ အလုံးစုံညီညွတ်ပြီး တစ်ပေါင်းတစ်စည်းတည်း စုစည်းပေါင်းစုထားခြင်းပဲ”

အရွယ်ခပ်ကြီးကြီး နှစ်ကျကျောင်းသားတစ်ယောက်က မတ်တတ်ရပ်ပြီး ကျွန်တော့်ကို မေးသည်။

“ကျောင်းသားသမဂ္ဂလို့ မသုံးဘဲ ကျောင်းသား အဖွဲ့အစည်းလို့ သုံးရင်ကော မရဘူးလားဆရာ”

“ရတော့ရတယ်။ ဒါပေမဲ့ အနှစ်သာရကတော့ မတူဘူး။ ‘သမဂ္ဂ’ ဆိုတာ စိတ်ရောကိုယ်ပါ ညီညွတ်စွာ စုပေါင်းပြီးထားတဲ့ သဘော။ ဒါ့ကြောင့် ‘သမဂ္ဂ’ ဆိုတဲ့ဝေါဟာရဟာ ‘အဖွဲ့အစည်း’ ဆိုတဲ့ သဘောထားထက် ပိုပြီး လေးနက်တယ်၊ ပိုပြီး အသက်ဝင်တယ်”

ကျွန်တော်က စကားပြောလျှင် တစ်ဖက်သတ်ကြီး ပြောနေရသည်ကို သဘောမကျပါ။ အမေး၊ အဖြေ ပုံစံဖြင့် ပြောရမှ အရသာရှိသည်။

“၁၉၀၀ ပြည့်နောက်ပိုင်းမှာ သမဂ္ဂတွေအများကြီး ပေါ်ပေါက်ခဲ့ရတယ်။ သံဃာသမဂ္ဂ၊ တောင်သူလယ်သမားသမဂ္ဂ၊ အလုပ်သမားသမဂ္ဂ၊ ကျောင်းသားသမဂ္ဂ။ ဒီလိုပဲ…။ ကမ္ဘာပေါ်မှာဆိုရင်လည်း ဒီကနေ့အထိ ရှိနေတဲ့ ကမ္ဘာ့ကုလသမဂ္ဂ။ ဒါ့ကြောင့် ‘သမဂ္ဂ’ ဆိုတာ အဖွဲ့အစည်းသဘော ဆိုတာထက် ပိုပြီး လေးနက်တယ်”

“ဆရာခင်ဗျ၊ ကျွန်တော့်အဖေက ပြောဖူးတယ်။ သူ ရန်ကုန်တက္ကသိုလ် ကျောင်းသားဘဝမှာတဲ့၊ ‘ဦးသန့်အရေးအခင်း’ ဖြစ်တယ်။ အဲဒီအချိန်မှာ ကျောင်းသားသမဂ္ဂဆိုတာ ရှိနေသေးလား ဆရာ”

“ကျောင်းသားသမဂ္ဂဆိုတာကတော့ ခေတ်တိုင်းမှာ ရှိတယ်။ ပေါ်ပေါ်ထင်ထင် ဖွဲ့စည်းခွင့်မရတာ တစ်ခုပဲ။ ၁၉၆၂၊ ဇူလိုင်လ (၈) ရက်နေ့မှာ ရန်ကုန်တက္ကသိုလ် ကျောင်းသားများ သမဂ္ဂအဆောက်အအုံကို အဲဒီခေတ်အစိုးရက မိုင်းခွဲပြီး ဖြိုချဖျက်ဆီးလိုက်တယ်။ အဆောက်အအုံကိုသာ ဖျက်ဆီးလို့ရတယ်။ ကျောင်းသားသမဂ္ဂ စိတ်ဓာတ်ကိုတော့ ဒီကနေ့အထိ ဖျက်ဆီးပစ်လို့မရဘူး။





‘ဦးသန့်အရေးအခင်း’ ဆိုတာ ၁၉၇၄၊ ဒီဇင်ဘာလအတွင်းမှာ ဖြစ်ပျက်ခဲ့တဲ့ ပဋိပက္ခပဲ။ ဦးသန့်က ၁၉၇၄ ခုနှစ်၊ နိုဝင်ဘာလ (၂၅)ရက်နေ့ အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့မှာ အဆုတ်ကင်ဆာနဲ့ ကွယ်လွန်ရှာတယ်။ သူက ၁၉၆၁ ခုနှစ်ကနေပြီး ၁၉၇၁ ခုနှစ်အထိ (၁၀)နှစ်တာကာလမျှ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တာဝန်ကို ထမ်းဆောင်ခဲ့တယ်။ သူ့ရဲ့ရုပ်အလောင်းကို ဒီဇင်ဘာလ (၅)ရက်နေ့မှာ မိခင်တိုင်းပြည်ဖြစ်တဲ့ မြန်မာပြည်ကို ပြန်လည်သယ်ယူခဲ့တယ်။

ဦးသန့်ရုပ်အလောင်းကို သာမန်ပုဂ္ဂိုလ်တစ်ဦး ကွယ်လွန်သလိုမျိုး ‘ကြံတောသုသာန်’ မှာ မြှုပ်နှံဖို့ အဲဒီခေတ်အစိုးရက စီစဉ်တယ်။ အဲဒီအစီအစဉ်ကို ကျောင်းသားတွေက မကျေနပ်ကြဘူး။ ဒါကြောင့် ဖြစ်လာခဲ့ရတဲ့ ပြဿနာပဲ။ ကျောင်းသားသမဂ္ဂ အဆောက်အအုံဟောင်းနေရာမှာ ဂူဗိမာန်တည်ဆောက်ဖို့ ကျောင်းသားတွေက ကြိုးစားကြတော့တယ်။ ဒါပေမဲ့ နောက်ဆုံးတော့ ဒီဇင်ဘာလ (၁၁) ရက်နေ့၊ ရွှေတိဂုံဘုရား တောင်ဘက်မုခ်မှာ ဦးသန့်ရုပ်ကလာပ်ကို ဂူဗိမာန်ပြုလုပ်ပြီး မြှုပ်နှံခွင့်ရခဲ့တယ်”

ကျောင်းသူတစ်ယောက်က မေးသည်။

“ဆရာက အဲဒီအချိန်တုန်းက ဘယ်နှတန်းလဲ”

“ရှစ်တန်းကျောင်းသားပဲ ရှိသေးတာ။ အဲဒီအရွယ်တုန်းက ကျောင်းတွေ ပိတ်တာတော့ မှတ်မိတယ်။ သေချာတော့ မသိဘူး။ ကြီးလာမှ စာတွေဖတ်ရင်းနဲ့ ဆရာက သိလာခဲ့ရတာ”

ကျောင်းသူတစ်ယောက်က စိတ်ဝင်တစားဖြင့် မေးရှာပြန်သည်။

“ကျောင်းသားသမဂ္ဂ အဆောက်အအုံကို ဘယ်ကျောင်းအုပ်ကြီးလက်ထက်မှာ တည်ဆောက်ခဲ့တာလဲ ဆရာ”

“ဆရာ မှတ်မိသလောက်တော့ ကျောင်းသားသမဂ္ဂ အဆောက်အအုံကို ကျောင်းသားသမဂ္ဂ အသင်းတိုက်လို့ စတင်ပြီး ခေါ်ဝေါ်တယ်။ ရန်ကုန်တက္ကသိုလ်ရဲ့ အဓိပတိဖြစ်သူ ‘ဆာဟာကုတ်ဘတ်တလာ’ ရဲ့ မေတ္တာရပ်ခံချက်အရ ‘ဝံသာနု မြန်မာသူဌေးကြီး ဒေါက်တာဦးညို’ က ဆောက်လုပ်လှူဒါန်းခဲ့တယ်။ ငွေသား (၁)သိန်း (၇)သောင်းကျပ် ကုန်ကျတယ်လို့ ဆရာမှတ်သားဖူးတယ်။ ၁၉၂၇ ခုနှစ်၊ ဒီဇင်ဘာလ (၅)ရက်နေ့မှာ အုတ်မြစ်

ချတယ်။ (၃)နှစ်အကြာ (၁၉၃၀) မှာ ဆောက်လုပ်ပြီးစီးတယ်။ ၁၉၆၂ ခုနှစ်မှာ ဖြိုခွဲ ဖျက်ဆီးခံရတယ်။ အဆောက်အအုံရဲ့သက်တမ်း (၃၂)နှစ်ပဲ ကြာခဲ့တယ်''

ကျောင်းသားတစ်ယောက်က မေးပြန်သည်။

''ဗိုလ်ချုပ်အောင်ဆန်းက ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌ ဖြစ်ဖူးတယ်ဆို၊ ဟုတ်လား ဆရာ''

''အေး... ဟုတ်တယ်ကွ။ ၁၉၃၁၊ ဇန်နဝါရီလ (၉)ရက်နေ့မှာ 'ကျောင်းသားသမဂ္ဂ' ကို စတင်တည်ထောင်ခဲ့တယ်။ ဗိုလ်ချုပ်အောင်ဆန်းက (၉)ယောက်မြောက် 'ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌ' ဖြစ်တယ်။ မင်းတို့ ကြားဖူးတဲ့ သခင်ဗဟိန်းက (၁၀) ယောက်မြောက် ကျောင်းသားသမဂ္ဂဥက္ကဋ္ဌပေါ့။ (၃၂) နှစ်အတွင်း ဥက္ကဋ္ဌပေါင်း (၃၀)လောက် ရှိခဲ့တယ်''

ကျောင်းသူတစ်ယောက်က မတ်တတ်ထပြီး မေးသည်။

''ကျောင်းသားသမဂ္ဂအလံမှာ ဘာ့ကြောင့် ခွပ်ဒေါင်းပုံကို ရွေးချယ်ရတာလဲ ဆရာ''

''ဒီလိုရှိတယ်၊ တို့မြန်မာတွေရဲ့ ရှေးဘုရင်ခေတ် အလံတော်တွေမှာ 'ဒေါင်းတံဆိပ်'ကို သုံးစွဲကြတယ်။ 'ဒေါင်း' ဆိုတာ 'နေမင်း' ကို ကိုယ်စားပြုတယ်။ တို့မြန်မာတွေဟာ 'နေ' က ဆင်းသက်လာတဲ့ 'နေမျိုးနွယ်' ဆိုတဲ့ အတွေးအခေါ်နဲ့ပေါ့။ 'နေမင်း' ရဲ့ အဓိပ္ပာယ်တွေဖြစ်တဲ့ 'သူရိယ' တို့၊ 'ဒေါင်း' တို့ဆိုတာ မြန်မာတို့ရဲ့ သည်းခြေကြိုက်သင်္ကေတ။ ဒါ့ကြောင့် 'ဒေါင်း' ကို သုံးတာ။ ဒါပေမဲ့ 'ကဒေါင်း' မဟုတ်ဘဲ 'ခွပ်ဒေါင်း' ဖြစ်နေရတာကတော့ ဒီလိုကွ။ မတရားတာ၊ မမှန်တာ၊ နည်းလမ်း မကျတာ၊ ဗိုလ်ကျစိုးမိုးတာတွေ တွေ့ရင် ခွပ်မယ်၊ တိုက်မယ်ဆိုတဲ့သဘော။ မျှတတာ၊ မှန်ကန်တာ၊ နည်းလမ်းကျတာ၊ ကိုယ်ချင်းစာတာတွေ တွေ့ရင်တော့ ပျော်ပျော်ရွှင်ရွှင်နဲ့ ကပြမယ့်သဘော။ ဒါပေမဲ့ ဒီကနေ့အထိ 'ခွပ်ဒေါင်း' တွေ 'ကဒေါင်း' ဖြစ်ခွင့်မရကြသေးပါဘူး''

အားလုံးက စိတ်ဝင်တစားဖြင့် နားထောင်နေကြလေသည်။

''ကျောင်းသားသမဂ္ဂမှာ ရည်ရွယ်ချက်တွေ ရှိတယ်။ ကျောင်းသားအချင်းချင်းကြားမှာ တက်ကြွညီညွတ်တဲ့ ပူးပေါင်းဆောင်ရွက်မှု ရှင်သန်ဖို့၊





ပေါင်းသင်းဆက်ဆံရေးအပေါ် အခြေခံပြီး လူသားဆန်တဲ့ လူမှုဘဝ အခြေအနေတွေကို ဖန်တီးပေးဖို့၊ ညီညွတ်တဲ့၊ မျှတတဲ့၊ တရားနည်းလမ်းကျတဲ့၊ ငြိမ်းချမ်းရေးအပေါ် အခြေခံတဲ့ တာဝန်သိစိတ်၊ တာဝန်ယူစိတ်တွေ ဖန်တီးပေးဖို့၊ တိုင်းပြည်အနာဂတ်အတွက် ကိုယ်ကျင့်တရားကောင်းမွန်ပြီး လုပ်ရည်ကိုင်ရည်ပြည့်စုံတဲ့ တိုင်းပြည်ခေါင်းဆောင်ကောင်းတွေ သန္ဓေတည်မွေးဖွားပေးဖို့၊ မတရားတဲ့ အုပ်ချုပ်သူ လူ့အဖွဲ့အစည်းတစ်ရပ် တိုင်းပြည်မှာ ဖြစ်ထွန်းပေါ်ပေါက်နေပြီဆိုရင် တရားသဖြင့် ဖြစ်လာစေဖို့အတွက် ရဲရင့်စွာ ပြောဆိုနိုင်တဲ့သူတွေ မွေးထုတ်ပေးဖို့၊ ဒီလိုရည်ရွယ်ချက်တွေနဲ့ သမဂ္ဂကို ဖွဲ့စည်းကြတယ်''

နှစ်ကျ ကျောင်းသားကြီးတစ်ယောက်က ကျွန်တော့်ကို မေးပြန်လေသည်။

''အခုကော ကျောင်းသားသမဂ္ဂတွေ တရားဝင် ဖွဲ့စည်းခွင့် ရနေပြီလား ဆရာ''

''တရားဝင်ဖွဲ့စည်းခွင့်ရဖို့တော့ ကြိုးစားနေကြတယ်။ ဆရာ့အမြင်ကတော့ ဖွဲ့စည်းခွင့်ပေးသင့်တယ်။ ဘာကြောင့်လဲ ဆိုရင် 'ဒီမိုကရေစီဝါဒ' မှာ အစိုးရကို ထိန်းကျောင်းနိုင်ဖို့အတွက် အားကောင်းတဲ့ ပြည်သူ့လူ့အဖွဲ့အစည်းတွေ လိုအပ်တယ်။ ကျောင်းသားသမဂ္ဂ အားကောင်းလာရင် ခေတ်အဆက်ဆက် ဘယ်အစိုးရကိုမဆို ထိန်းကျောင်းပြီးသား ဖြစ်စေမယ်။ ဒါ့အပြင် ကျောင်းသားသမဂ္ဂကနေပြီး တိုင်းပြည်အတွက် နိုင်ငံရေးသမားကောင်းတွေ၊ ခေါင်းဆောင်ကောင်းတွေ၊ နိုင်ငံရေးမျိုးဆက်တွေကို လေ့ကျင့်မွေးထုတ်ပေးနိုင်တယ်''

'လူငယ်လေးတွေက လူငယ်လေးတွေနဲ့ ဖွဲ့စည်းထားတဲ့ ကျောင်းသားသမဂ္ဂကို စိတ်ဝင်စားနေကြပါလား' ဟု စကားပြောနေရင်း ကျွန်တော်တွေးတောမိလိုက်သည်။

''ကြုံလို့ ပြောရဦးမယ်၊ ဘယ်အဖွဲ့အစည်းမှာမဆို ခေါင်းဆောင်ကောင်းရှိဖို့ အရေးကြီးတယ်။ အဖွဲ့အစည်းတစ်ခု၊ နိုင်ငံတစ်ခု တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်း၊ အောင်မြင်ခြင်း၊ ကျဆုံးခြင်း ဆိုတာ ခေါင်းဆောင်တွေရဲ့ သတ္တိရှိမှု၊ စေတနာပါမှု၊ ပညာတတ်မှု၊ အကင်းပါးမှု၊ အတွေ့အကြုံရင့်ကျက်မှု၊

စီမံခန့်ခွဲနိုင်မှု၊ ကိုယ်ကျိုးစွန့် အနစ်နာခံနိုင်မှု၊ နောက်ထပ် နှစ်ပေါင်း (၅၀)၊ (၁၀၀)လောက်အထိ တွေးမျှော်ပြီး အရာရာကို လုပ်ဆောင်တတ်မှုအပေါ်မှာ မူတည်တယ်။

ခေါင်းဆောင်ကောင်းဆိုတာ ချစ်ခင်လေးစားလောက်တဲ့ သီလ၊ သမာဓိ၊ ပညာ ရှိရမယ်။ လေးစားလောက်တဲ့ ကိုယ်ကျင့်တရား ရှိရမယ်။ ချီးမွမ်းလောက်တဲ့ မေတ္တာစိတ် ရှိရမယ်။ အမှားကို အချိန်တိုအတွင်း သိရှိပြီး အမှန်ကို ပြုပြင်နိုင်စွမ်းရှိရမယ်။ အဝေဖန် ခံနိုင်ရမယ်။ ဝေဖန်တဲ့စကားကိုလည်း မာနကင်းစွာ၊ အာဃာတကင်းစွာ နားထောင်ပေးနိုင်ရမယ်။ ကောက်ကျစ်စဉ်းလဲတဲ့စိတ်ထား ကင်းရမယ်။ ဒါတွေဟာ ခေါင်းဆောင်ကောင်းတွေရဲ့ အရည်အချင်းပဲကွ”

ခုနကမေးသော ကျောင်းသားကြီးကပဲ ထပ်မေးပြန်သည်။

“ကျောင်းသားသမဂ္ဂထဲမှာ ပါဝင်တဲ့သူတွေက ‘လခ’ ရသလား ဆရာ”

သူ့မေးခွန်းကြောင့် ကျွန်တော် ပြုံးလိုက်မိသည်။

“မရဘူးကွ။ ကျောင်းသားသမဂ္ဂထဲမှာ ပါဝင်ဆောင်ရွက်ခြင်းဟာ ‘လစာ’ လိုချင်လို့၊ ‘ငွေ’ လိုချင်လို့ မဟုတ်ဘူး။ အလုပ်လုပ်ချင်လို့။ ငါတို့တိုင်းပြည်မှာ ငွေရှာတဲ့သူတွေပဲ များနေတယ်။ အလုပ်လုပ်တဲ့သူ နည်းတယ်။ ငွေရှာတာကိုပဲ အလုပ်လုပ်နေတယ်ဆိုပြီး ပြောနေကြတယ်။ မင်းတို့ပဲ စဉ်းစားကြည့်။ ငါတို့၊ မင်းတို့ ကိုးကွယ်တဲ့ ‘မြတ်စွာဘုရား’၊ ငွေမရှာဘူး။ လောကသုံးပါးအတွက် အလုပ်လုပ်သွားတယ်။ ဒီလိုပဲ၊ ‘ဗိုလ်ချုပ်အောင်ဆန်း’၊ ငွေမရှာဘူး။ တိုင်းပြည်အတွက် အလုပ်လုပ်သွားတယ်။ ‘ဆရာ ပီမိုးနင်း’၊ ‘ဦးဖိုးကျား’၊ ‘ဆရာရွှေဥဒေါင်း’၊ ‘ဆရာမြသန်းတင့်’၊ အများကြီး ရှိသေးတယ်။ သူတို့က မြန်မာ့စာပေနဲ့ မြန်မာ့လူ့ဘောင် တိုးတက်ရေးအတွက် အလုပ်လုပ်သွားတာကွ။ ငွေရှာနေကြတာ မဟုတ်ဘူး။

ငွေမှငွေဆိုပြီး ငွေကိုသာ ဘဝလို့ ထင်မှတ်တတ်ကြတဲ့ လူတွေကို သမိုင်းက အလွယ်တကူ မေ့ပစ်လိုက်ကြတယ်။ လောကအတွက်၊ အများအတွက် အလုပ်လုပ်သွားတဲ့သူတွေကိုတော့ လူ့သမိုင်းက အလွယ်တကူ မေ့မပစ်ကြဘူး၊ အစဉ် သတိရနေတတ်ကြတယ်”





ထိုအချိန်တွင် ကျောင်းသူတစ်ယောက်က စိုးရွံ့အားငယ်သည့် အမူအရာဖြင့် မတ်တတ်ရပ်ပြီး မေးလေသည်။

“သမီးက သိချင်လို့ မေးတာပါ။ ကျောင်းသားဆိုတာ နိုင်ငံရေးနဲ့ ဘာဆိုင်လို့လဲဆရာ။ ကျောင်းသားဆိုတာ ကျောင်းတက်ရမယ်၊ စာကျက်ရမယ်၊ စာကြိုးစားရမယ်၊ ဘွဲ့တွေ၊ ဒီဂရီတွေ ရရမယ်။ အလုပ်ရရမယ်။ ဒီလို မဟုတ်ဘူးလား ဆရာ”

“သမီးမေးခွန်းလေးက ကောင်းလိုက်တာ၊ ထိုင်တော့။ ဒီလိုရှိတယ်၊ ဒီနိုင်ငံမှာနေတဲ့ နိုင်ငံသားတိုင်းဟာ ကိုယ့်နိုင်ငံရဲ့ အရေးကို ကိုယ်ဉာဏ်မီသလောက်၊ ကိုယ်နိုင်သလောက် စိတ်ဝင်စားရမယ်။ ဒါမှ ကိုယ့်နိုင်ငံ တိုးတက်မယ်။ ပြီးခဲ့တဲ့ နှစ် (၅၀) အတွင်းမှာတော့ ‘နိုင်ငံရေး’ ဆိုတဲ့ စကားလုံးကို ညစ်နွမ်းအောင် အဓိပ္ပာယ် ဖွင့်ဆိုခဲ့ကြတယ်။ စစ်မှန်တဲ့နိုင်ငံရေးဆိုတာ အမွန်မြတ်ဆုံး ပရဟိတလုပ်ငန်းပဲ”

စကားပြော၍ ကောင်းနေစဉ်မှာပင် ည (၇) နာရီ ထိုးသွားလေပြီ။ အတန်းဆင်းဖို့ အချိန်တန်ပြီ။

“ကဲ့ဟေ့… အချိန်လည်း စေ့ပြီ။ လာကြိုတဲ့သူတွေလည်း စုံပြီ။ မှတ်ထားကြဟေ့၊ ဒီဇင်ဘာလ (၅)ရက်နေ့ဟာ ‘ကျောင်းသားသမဂ္ဂ အုတ်မြစ်ချခဲ့တဲ့နေ့’ ပဲ။ ကျောင်းသားရှိရင် ကျောင်းသားသမဂ္ဂ ရှိကို ရှိရမယ်လို့ ဆရာကတော့ ခံယူတယ်။ ကျောင်းသားသမဂ္ဂကို အခြေပြုမှသာ တိုင်းပြည်အတွက် ‘စံပြုနိုင်ငံ့ခေါင်းဆောင်’ တွေ ပေါ်ထွက်လာနိုင်မယ်လို့ ဆရာယုံကြည်တယ်။ အားလုံး မင်္ဂလာပါ။ နောက်တစ်ပတ်မှာ ပြန်တွေ့ကြမယ်”

■

# မိုးထစိမ့်စိမ့် ... ဒီဇင်ဘာ

## စုဖုရားလတ်

(၁၃-၁၂-၁၈၅၉ မွေးဖွား။ ၂၄-၁၁-၁၉၂၅ ကွယ်လွန်)



လူတစ်ယောက်အတွက် မာန်တို့၊ မာနတို့ဆိုတာ
သင်ယူမှုကို ပိတ်ပင်တားဆီးတတ်တဲ့ မောဟစိတ်ပဲ။
ငါသိတယ်၊ ငါတတ်တယ်၊ ငါ့လောက် သူတို့ မသိဘူး။
ဒီလို ထင်သွားတာဟာ သင်ယူမှု သေဆုံးခြင်းပဲ။
သင်ယူမှု သေဆုံးခြင်းဟာ လူ့ဘဝသေဆုံးခြင်းနဲ့ အတူတူပဲ။
လူဆိုတာ အသက်ရှင်နေသေးသရွေ့
အမြဲတမ်း သင်ယူနေကြရမယ့် စာသင်သားတွေပဲ။
လောကကြီးနဲ့ လောကဓံက ပြဋ္ဌာန်းစာအုပ်ပေါ့။
အခက်အခဲကို ကျော်လွှားနိုင်ခြင်း။
ဒုက္ခကို သည်းခံနိုင်ခြင်းဟာ အောင်မြင်ခြင်းပဲ။

## မိုးတစိမ့်စိမ့်... ဒီဇင်ဘာ

“မြို့ဝန်လူဆိုး၊ ဦးသာအိုးက၊
သူခိုးဉာဏ်နှင့်၊ အနိုင်ကျင့်လျက်၊
ဘုရင့်အလို၊ လောကွတ်ပိုကာ၊
စာဆိုကြီးကို သတ်ခဲ့ပြီ”

မြန်မာစာ သင်ပြပေးနေသော ‘ဆရာဦးသာထက်’ က ‘ရေသည်ပြဇာတ်’ ကို သင်ကြားပေးနေရင်း ‘ဦးပုည’ ၏ အကြောင်းကို စကားစလိုက်သည်။

“ဘုရင်တွေဆိုတာ သူ့ဦးခေါင်းတစ်လုံးတည်းနဲ့ ကြီးမားတဲ့တိုင်းပြည်ကြီးကို အုပ်ချုပ်နိုင်စွမ်းရှိတယ်လို့ အထင်ကြီး ဘဝင်မြင့်နေတတ်တဲ့ အရူးတွေ။ သူတို့ရဲ့ ဉာဏ်နည်းမှုကြောင့် စာဆိုပညာရှင်ကြီးတွေ၊ စစ်သူရဲကောင်းကြီးတွေ သေဆုံးခဲ့ကြရတယ်၊ နှမြောစရာကောင်းတယ်”

စာသင်ခန်းထဲရှိ ကျောင်းသား၊ ကျောင်းသူအားလုံးက မျက်တောင်မခတ်ဘဲ ငြိမ်သက်စွာ စိတ်ဝင်တစား နားထောင်နေကြသည်။

“မန္တလေးရတနာပုံ မင်းနေပြည်ကြီးက (၂၆) နှစ်ပဲ ခံတယ်။ မင်းတုန်းမင်းနဲ့ သီပေါမင်း၊ မင်းနှစ်ဆက်သာ စိုးစံခဲ့ရတယ်။ ၁၈၅၉ ခုနှစ်မှာ မန္တလေးမြို့၊ ရတနာပုံနန်းတော်ကြီးကို တည်ဆောက်တယ်။ ၁၈၆၆ ခုနှစ်မှာ ‘ကနောင်မင်း’ လုပ်ကြံခံခဲ့ရတယ်။ အဲဒီအမှုတွဲနဲ့ပဲ ‘ဦးပုည’ သေဆုံးခဲ့ရတယ်။

၁၈၇၈ ခုနှစ်မှာ ‘မင်းတုန်းမင်းကြီး’ နတ်ရွာစံတယ်။ နန်းတော်ကြီးထဲမှာ ‘မင်းတုန်းမင်း’က (၁၉)နှစ်ပဲ နန်းစံခဲ့ရတယ်။ ‘သီပေါမင်း’ကတော့ ၁၈၈၅ ခုနှစ်မှာ ပါတော်မူတယ်။ ဒီတော့ ဒီနန်းတော်ကြီးထဲမှာ ‘သီပေါမင်း’

(၇) နှစ်သာ နန်းစံခွင့်ရခဲ့တယ်။ ဒါ့ကြောင့် ဘုရင်ဆိုတာ ပလ္လင်ပေါ်မှာ ယာယီမျှသာ ထိုင်ခွင့်ရတဲ့သူပဲ''

နားထောင်နေသူများထဲမှ ကျောင်းသူတစ်ယောက်က သိချင်စိတ်ဖြင့် ဆရာ့ကို မေးသည်။

''သီပေါမင်းနဲ့ စုဖုရားလတ်၊ ဘယ်သူက အသက်ပိုကြီးသလဲ ဆရာ''

''ဘာ့ကြောင့် သိချင်တာလဲ''

''သီပေါမင်းက စုဖုရားလတ်ကို ကြောက်ရတယ်ဆိုတော့ စုဖုရားလတ်က အသက်ပိုကြီးတယ် ထင်လို့ပါ ဆရာ''

''သီပေါမင်းက ၁၈၅၉၊ ဇန်နဝါရီလ (၁) ရက်နေ့မှာ မွေးတယ်။ စုဖုရားလတ်ကလည်း ၁၈၅၉၊ ဒီဇင်ဘာလ (၁၃) ရက်နေ့မှာ မွေးတယ်။ စုဖုရားလတ်က (၁) နှစ်နီးပါး ငယ်တယ်။ ဒီနေ့ဟာ ဒီဇင်ဘာလ (၁၃)ရက်နေ့၊ စုဖုရားလတ်မွေးနေ့။ စုဖုရားလတ်အကြောင်း ဆရာ သိသလောက် ပြောပြချင်တယ်၊ မင်းတို့ စိတ်ဝင်စားမယ်ဆိုရင်ပေါ့''

တစ်တန်းလုံးက စိတ်ဝင်စားကြောင်း ပြန်ပြီး ဖြေကြသည်။ ဤသို့ဖြင့် 'စုဖုရားလတ်' အကြောင်းကို ကျွန်တော်လည်း ရုံးခန်းထဲမှနေပြီး ကြားနာခွင့်ရခဲ့သည်။

''ဒီလိုရှိတယ်ကွ၊ မင်းတုန်းမင်းကြီးမှာ နန်းဆောင်ရ မိဖုရားက (၁၂) ယောက်ရှိတယ်။ မြို့စား၊ ရွာစား မိဖုရားပေါင်းက (၄၄) ယောက်ရှိတယ်။ အများကြီးပဲ''

စကားကို အမူအရာဖြင့် ပြောသောကြောင့် ကျောင်းသား၊ ကျောင်းသူများက အသံထွက်ပြီး ရယ်လိုက်ကြသည်။

''သီပေါမင်းက မင်းတုန်းမင်းနဲ့ လောင်းရှည်မြို့စား မိဖုရားရဲ့သား။ သိပ်ထင်ရှားလှတဲ့ သားတော်တစ်ပါးတော့ မဟုတ်ဘူး။ စုဖုရားလတ်ကတော့ မင်းတုန်းမင်းနဲ့ အလယ်နန်းရ ဆင်ဖြူမရှင် မိဖုရားကြီးက မွေးတယ်။ အဖေတူ အမေကွဲ မောင်နှမတွေပဲ။ ဒါပေမဲ့ စုဖုရားလတ်က နန်းဆောင်ရမိဖုရားက မွေးတယ်။ သီပေါမင်းက မြို့စားမိဖုရားငယ်က မွေးတယ်။ ဒါ့ကြောင့် စုဖုရားလတ်က သီပေါမင်းအပေါ်မှာ 'ရာဇမာန်' တက်ပြီး အနိုင်ကျင့်တယ်လို့ ငါတော့ ထင်တာပဲ''





ကျောင်းသူတစ်ယောက်က မေးပြန်သည်။

''သီပေါမင်းက စုဖုရားလတ်ကို ယူတာမဟုတ်ဘူးဆို''

''ဟုတ်တယ်၊ သီပေါမင်းက ၁၈၇၈ ခုနှစ်၊ အောက်တိုဘာလ (၂)ရက်နေ့မှာ နန်းတက်တယ်၊ ဘုရင်ဖြစ်တယ်။ နောက်တစ်လအကြာ နိုဝင်ဘာလ (၁၈)ရက်နေ့မှာ ဆင်ဖြူမရှင် မိဖုရားကြီးရဲ့ အစီအမံနဲ့ သူ့ရဲ့သမီးကြီးဖြစ်တဲ့ မိုင်းနောင်မြို့စား စုဖုရားကြီးနဲ့ လက်ဆက်ဖို့ စီစဉ်တယ်။ အဲဒီပွဲမှာ မြတောင်မြို့စားဖြစ်တဲ့ စုဖုရားလတ်က ဇွတ်အတင်း နေရာဝင်ယူတယ်။ ဘုရင်ကတော်လုပ်တယ်။ မိဖုရားလုပ်တယ်။ ဒီလိုနဲ့ တော်ဝင်မိဖုရားတစ်ပါး ဖြစ်ခဲ့ရတယ်။ ဒါဟာ တို့တိုင်းပြည်ရဲ့ ကံကြမ္မာဆိုးအပေါ်ကို အဆိုးတစ်ခု ထပ်မံဝင်ရောက်လာခြင်းပဲ''

ထိုကျောင်းသူက ထပ်ပြီး မေးပြန်သည်။

''သီပေါမင်းက ဒိုင်းခင်ခင်ရဲ့ ရည်းစားဆို''

''အေး... သမီးက စိတ်ဝင်စားလှချေလား။ ဒီလိုရှိတယ်။ စုဖုရားကြီးက သီပေါမင်း ပါတော်မူပြီးတဲ့နောက် ထားဝယ်ကို ပြောင်းသွားတယ်။ မယ်သီလရှင် ဝတ်တယ်။ ရမည်းသင်း စုဖုရားလို့ခေါ်တဲ့ အငယ်ဆုံးညီမလေး စုဖုရားကလေးကိုလည်း သီပေါမင်းက ယူသေးတယ်။ စုဖုရားလတ်က ပေးစားတယ်လို့တော့ စာအုပ်ထဲမှာ ဖတ်ဖူးတယ်။ ဒိုင်းခင်ခင်က သီပေါမင်းရဲ့ ငယ်ရည်းစား၊ အချစ်ဆုံး။ ငယ်ကချစ် အနှစ်တစ်ရာပေါ့။ ဒါ့ကြောင့် စုဖုရားလတ်က သီပေါမင်း ခြေငြိမ်ဖို့အတွက် သူ့ညီမငယ်နဲ့ ပေးစားတယ်လို့ ယူဆကြတယ်။

ဒိုင်းခင်ခင်ကိုလည်း စုဖုရားလတ်က ၁၈၈၂ ခုနှစ်မှာ စီရင်လုပ်ကြံကွပ်မျက်ပစ်လိုက်တယ်။ ဒါ့ကြောင့် သီပေါမင်းမှာ မိဖုရားသုံးယောက်ရှိတယ်။ ညီအစ်မသုံးယောက်စလုံးကို ယူတာပေါ့ကွာ။ ဒါပေမဲ့ တိတ်တိတ်ပုန်းခိုးကတော့ ဒိုင်းခင်ခင်ပေါ့''

နားထောင်နေသူများထဲမှ အသံများ ထွက်လာသည်။

''ဘုရင်ကလည်း (၇)နှစ်လောက် နန်းစံခွင့်ရတာတောင် တိုင်းပြည်အတွက် အလုပ်မလုပ်ဘဲ မိန်းမကိစ္စတွေနဲ့ပဲ အချိန်ကုန်နေရတယ်။ အချိန်တွေနှမြောစရာကြီး''

‘‘ညီအစ်ကိုဝမ်းကွဲတွေကို သတ်။ မိန်းမကိစ္စကလည်း ရှုပ်။ မြန်မာပြည်အောက်ပိုင်းကိုလည်း အင်္ဂလိပ်က သိမ်းနေပြီ။ ဘုရင်က တိုင်းပြည်အတွက် အလုပ်မလုပ်ဘူး။ ရှက်စရာကြီး’’

‘‘ငယ်ငယ်ရွယ်ရွယ်နဲ့ ဘုရင်ဖြစ်တော့ တိုင်းပြည်ချစ်စိတ်ထက် အိမ်ထောင်ရေးစိတ်က ပိုများနေမှာပေါ့’’

‘‘ဒီလိုမပြောနဲ့။ ဗိုလ်ချုပ်အောင်ဆန်းတို့လည်း ငယ်ငယ်ရွယ်ရွယ်နဲ့ တိုင်းပြည်အတွက် အလုပ်လုပ်ခဲ့တာပဲလေ’’

‘‘ငါကတော့ စုဖုရားလတ် စိတ်ဓာတ်ကို မကြိုက်ဘူး။ ကိုရီးယားဇာတ်လမ်းတွဲ ကျနေတာပဲ။ အစ်မယောကျ်ားကိုလည်း လုတယ်။ ခြေငြိမ်အောင်လို့ဆိုပြီး ညီမငယ်နဲ့လည်း ပေးစားတယ်။ တော်တော်ရှုပ်တဲ့ အိမ်ထောင်ရေးကြီးနော်’’

‘ဆရာဦးသာထက်’ က သူ့စကားကို ဆက်၍ ပြောသည်။

‘‘စုဖုရားလတ်က သူ့ကိုယ်သူ တော်တယ်၊ ထက်တယ်လို့ ထင်တယ်။ စာမဖတ်ဘူး။ စာပေဗဟုသုတ မရှိဘူး။ အင်္ဂလိပ် အကြောင်း၊ ပြင်သစ်အကြောင်း ကောင်းကောင်းမသိဘူး။ ကမ္ဘာကြီး ဘာဖြစ်နေတယ်ဆိုတာ မလေ့လာဘူး။ သူ့ကိုယ်သူ မိဖုရားဆိုတဲ့ မာန်တက်နေတယ်။ လူတစ်ယောက်အတွက် မာန်တို့၊ မာနတို့ဆိုတာ သင်ယူမှုကို ပိတ်ပင်တားဆီးတတ်တဲ့ မောဟစိတ်ပဲ။ ငါသိတယ်၊ ငါတတ်တယ်၊ ငါ့လောက် သူတို့မသိဘူး။ ဒီလိုထင်သွားတာဟာ သင်ယူမှုသေဆုံးခြင်းပဲ။ သင်ယူမှု သေဆုံးခြင်းဟာ လူ့ဘဝသေဆုံးခြင်းနဲ့ အတူတူပဲ။ လူဆိုတာ အသက်ရှင်နေသေးသရွေ့ အမြဲတမ်းသင်ယူနေကြရမယ့် စာသင်သားတွေပဲ။ လောကကြီးနဲ့ လောကဓံက ပြဋ္ဌာန်းစာအုပ်ပေါ့။ အခက်အခဲကို ကျော်လွှားနိုင်ခြင်း၊ ဒုက္ခကို သည်းခံနိုင်ခြင်းဟာ အောင်မြင်ခြင်းပဲ’’

ဆရာ၏ ဆုံးမစကားကြောင့် အားလုံးက ငြိမ်ပြီး နားထောင်လိုက်ကြပြန်သည်။

‘‘ပြောရဦးမယ်၊ အင်္ဂလိပ်တွေက ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလ (၁၄)ရက်နေ့မှာ ဧရာဝတီမြစ်အတိုင်း အထက်ကို ဆန်တက်ပြီးတော့ စစ်ချီလာတယ်။ (၁၆) ရက်နေ့မှာ ဆင်ပေါင်ဝဲခံတပ်ကျတယ်။ (၁၇) ရက်နေ့မှာ မကွေးမြို့အနီး





မင်းလှခံတပ်နဲ့ ကွေ့ချောင်းခံတပ် ကျပြန်တယ်။ (၂၄)ရက်နေ့မှာ ပုဂံကို ရောက်တယ်၊ သိမ်းတယ်။ (၂၆)ရက်နေ့မှာ မြင်းခြံအနီးကို ရောက်တယ်။ စစ်ပြေငြိမ်းရေး ညှိတယ်။

အင်္ဂလိပ်ဘက်က ‘ကာနယ်စလေဒင်’ နဲ့ ‘ဂျင်နရယ် ပရင်ဒါဂတ်’တို့ ပါတယ်။ သူတို့က ပြောတယ်။ စစ်ပြေငြိမ်းခွင့်မရှိ။ ဘုရင်ကိုယ်တော်တိုင် လက်နက်ချရမယ်။ အင်္ဂလိပ်စစ်သားတွေ အထိအခိုက်မရှိမှ စစ်ကိုရပ်စဲမယ်။ လက်နက်အပ်မယ်ဆိုရင် ဘုရင့်အသက်ကို ကယ်မယ်လို့ ပြောတယ်။ (၂၇) ရက်နေ့ ညနေ (၄) နာရီထိ ပြန်စာကို စောင့်မယ်။ ပြန်စာမရရင် မန္တလေးနန်းတော်အထိ ချီတက်ပြီး သိမ်းပိုက်မယ်လို့ ဆိုတယ်’’

‘‘ဒါဆိုရင် အင်္ဂလိပ်တွေက လူဝါးဝတာပေါ့။ ပြန်မတိုက်ကြဘူးလား။ ဒူးထောက်ပြီး အသက်ရှင်ရတာထက် တိုက်ပွဲမှာ တိုက်နေရင်းနဲ့ ကျဆုံးရတာက ပိုပြီး ဂုဏ်သိက္ခာရှိပါတယ်’’

ကျောင်းသားတစ်ယောက်က မတိုးမကျယ်လေသံဖြင့် ပြောသံကို ဆရာက ကြားသွားသည်။

‘‘အေး··· ဟုတ်တယ်။ ဒီလိုနဲ့··· နိုဝင်ဘာလ (၂၈)ရက်နေ့၊ မနက် (၉)နာရီမှာ မန္တလေး ဂေါဝိန်ဆိပ်ကို ရောက်တယ်။ နေ့လယ် (၁) နာရီမှာ နန်းတော်ကို အင်္ဂလိပ်စစ်တပ်က ဝိုင်းလိုက်တယ်။ ‘ကင်းဝန်မင်းကြီး ဦးကောင်း’ နဲ့ ‘ကာနယ်စလေဒင်’ တို့ တွေ့ဆုံဆွေးနွေးကြတယ်။ လိုရင်းပြောရရင်တော့ကွာ၊ ပညာအားနည်းတဲ့သူကို ပညာအားကြီးတဲ့သူက အနိုင်ယူသွားတော့တာပါပဲ။ ဒါ့ကြောင့် ပညာမတတ်တဲ့တိုင်းပြည်··· ကျွန်ဖြစ်တတ်တယ်ဆိုတာ တို့တိုင်းပြည်က ကိုယ်တွေ့ကွ’’

‘ဆရာဦးသာထက်’ က ဆွေးဆွေးမြည့်မြည့်ကြီး ပြောလိုက်လေသည်။ ဆရာ၏အမူအရာနှင့် အသံကြောင့် ကြားရသူအပေါင်း၏ ရင်ထဲတွင် ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်ဘုရင်ကို ချစ်သည့်စိတ် ဖြစ်ပေါ်လာသလိုအားပျော့ပြီး ညံ့ဖျင်းသော ဘုရင်၏ စိတ်ဓာတ်ကိုလည်း အလိုမကျ ဖြစ်သွားကြရသည်။

‘‘ပြောရဦးမယ်။ သီပေါမင်းကို အင်္ဂလိပ်က ဖမ်းဆီးခေါ်ဆောင်သွားတာ မဟုတ်ဘူး၊ သူ့စိတ်နဲ့ သူ့ကိုယ် အဖမ်းခံလိုက်တာ’’

ဆရာ၏ပြောစကားကြောင့် အားလုံးက အံ့ဩသွားကြတော့သည်။

"ဒီမယ်၊ တွေ့လား။ 'ကုန်းဘောင်ခေတ် စစ်တမ်း' ဆိုတဲ့ စာအုပ်။ 'မောင်သော်' ဆိုတဲ့ စာရေးဆရာကြီး ရေးထားတာ။ ဒီလိုပဲ၊ 'ဆရာမြသန်းတင့်' ရေးတဲ့ 'တောင်သမန်ရွှေအင်းက လေညင်းဆော်တော့' စာအုပ်ထဲမှာလည်း ပါတယ်"

ဆရာက စကားပြောရင်း သူ့ထံတွင် အဆင်သင့်ပါလာသော စာအုပ်များကို ထုတ်ပြသည်။ စကားကို ဆက်ပြောလေသည်။

"ကာနယ်စလေဒင်နဲ့ သီပေါမင်း တွေ့ကြတယ်၊ နိုဝင်ဘာလ (၂၉) ရက်နေ့မှာပေါ့။ သီပေါမင်းက ပြောတယ်၊ နောက်တစ်ရက်လောက် နေပါရစေတဲ့။ ခွင့်မပြုဘူး။ မင်းကြီးကိုယ်တိုင် လက်နက်ချအပ်ဖို့ ပြောတယ်။ သီပေါမင်း ပြန်ပြောတဲ့ စကား၊ ငါ အတိအကျ ဖတ်ပြမယ်။ 'စစ်ဗိုလ်ချုပ်ကြီးက ကျွန်ုပ်၏ အသက်နှင့် ကျွန်ုပ်၏မိသားစုအသက်ကို ချမ်းသာပေးပါမည်လား' တဲ့။

နောက်တစ်ခု ပြောသေးတယ်။ 'အင်္ဂလိပ်စစ်သားတွေက ကျွန်ုပ်ကိုပြည်သူတို့၏အန္တရာယ်မှ ကာကွယ်စောင့်ရှောက်ပေးပါမည်လား' တဲ့။ အဲဒီစကားရပ်တွေကို တွေးချင့်ကြည့်ခြင်းအားဖြင့် သီပေါမင်းကို ပြည်သူတွေက အလိုမရှိကြသလို သီပေါမင်းကလည်း ပြည်သူတွေကိုမယုံဘူးဆိုတာ ထင်ရှားတယ်။ အင်္ဂလိပ်လက်ထဲမှာ နေရတာကမှ သူ့ဘဝ ပိုပြီးလုံခြုံမယ်လို့ သူယူဆပုံရတယ်။

ပြီးတော့ ကာနယ်စလေဒင်ကို သူနဲ့အတူတူ လိုက်ခဲ့ဖို့ ခေါ်သေးသတဲ့ကွာ။ ကာနယ်စလေဒင်က ငြင်းတယ်။ နောက်ဆုံးတော့ သီပေါမင်းနဲ့ မိဖုရားကို ဂျင်နရယ်ပရင်ဒါဂတ်က သင်္ဘောဆိပ်ကို ခေါ်သွားတော့တယ်။ ဆင်နဲ့မခေါ်ဘူး။ ဝေါနဲ့မခေါ်ဘူး။ နွားဆွဲတဲ့ ဗီရိုလှည်းကြီးနဲ့ ခေါ်တယ်။ အသည်းနာဖို့ ကောင်းလိုက်တာကွာ"

'ဆရာဦးသာထက်' က ပြောရင်း အံကို ကြိတ်လိုက်လေသည်။

"ငါကတော့ သမိုင်းထဲက သင်ခန်းစာယူတယ်ဟေ့။ သံဝေဂဉာဏ်နဲ့ တိုင်းပြည်ကို ဆင်ခြင်တဲ့ ဘုရင်သီပေါ။ ပြီးတော့ လင်တော်မောင် ဘုရင်ကြီးအပေါ်မှာ ဗိုလ်လုပ်ချင်တဲ့ စုဖုရားလတ်။ နေရာတကာ ကိစ္စရပ်တိုင်းမှာ





အနိုင်ယူချင်တဲ့ စုဖုရားလတ်။ ဦးနှောက်မရှိဘဲ မိဖုရားခေါင်ကြီးဖြစ်ချင်တဲ့ စုဖုရားလတ်။ ရှင်ဘုရင့်ယောက္ခမအဖြစ်ကနေ တစ်ပြားသားမှ မလျှော့ချင်တဲ့ စုဖုရားလတ်အမေ ဆင်ဖြူမရှင် မိဖုရားကြီး။ သူတို့သူတို့တစ်တွေဟာ မြန်မာ့သမိုင်း ရှိနေသေးသရွေ့ အပြောခံနေကြရမယ့်သူတွေပဲ။

ကုန်းဘောင်မင်း (၁၁)ဆက်မှာ နောင်တော်ကြီး၊ ဆင်ဖြူရှင်၊ ဘိုးတော်ဘုရား၊ မင်းတုန်းမင်းတို့က သေရိုးသေစဉ် သေကြရတယ်။ သာယာဝတီမင်းက ရူးပြီး သေရတယ်။ စဉ့်ကူးမင်းနဲ့ ဖောင်းကားစားမောင်မောင်တို့က နန်းချပြီး ကွပ်မျက်ခံရလို့ သေရတယ်။

ဘကြီးတော်မင်း၊ ပုဂံမင်း၊ သီပေါမင်းတို့က ရှင်ဘုရင် ဆက်လုပ်ချင်ပေမယ့် နန်းချခြင်းကို ခံခဲ့ရတယ်။ အလောင်းမင်းတရားကြီးကတော့ စစ်တိုက်ရင်း ကံတော်ကုန်ရတယ်။ တိုင်းပြည်အတွက် အသက်ပေးရင်း တိုက်ပွဲကျတဲ့ဘုရင် တစ်ပါးပဲ ရှိသကွာ။ နာလိုက်တဲ့ သမိုင်း။ ရိုင်းလိုက်တဲ့ သမိုင်း။ သမိုင်းကို သင်ခန်းစာ ယူကြဟေ့။

ဒီနေ့က ဒီဇင်ဘာလ (၁၃) ရက်နေ့။ စုဖုရားလတ် မွေးတဲ့နေ့။ နောက်ဆုံးတော့ စုဖုရားလတ်ဟာ မြန်မာပြည်ကို ပြန်လာပြီး ၁၉၂၅ ခုနှစ်၊ နိုဝင်ဘာလ (၂၄) ရက်၊ အသက် (၆၆) နှစ်မှာ အိမ်နိမ့်စံဘဝနဲ့ ကွယ်လွန်သွားရရှာတယ်။ ဒီအကြောင်းတွေကို ဝမ်းသာလွန်းလို့ ပြောနေရတာ မဟုတ်ဘူး။ ကြေကွဲစွာ ခံစားရလွန်းလို့ ပြောလိုက်မိတာ။

ဘုရင့်ယောက္ခမတွေ အနေအထိုင်တတ်ဖို့ လိုတယ်။ ဘုရင်ကတော်တွေ ကိုယ့်နေရာမှာ ကိုယ်နေမှ တိုင်းပြည်ကောင်းစားမယ်။ ဘုရင်ကတော်တွေ ဝင်ရှုပ်လို့ တိုင်းပြည်ပျက်ရတယ်ဆိုတာ ငါတို့သမိုင်းမှာ အထင်အရှားရှိသကွ။ ယူတတ်ရင် ကောင်းတာပေါ့လေ။ အခုလည်း..."

ထိုနေ့က ဒီဇင်ဘာလဖြစ်သော်လည်း မိုးတစိမ့်စိမ့် ရွာနေသည်။

ထိုမိုးရေတို့သည်...

ကိုယ့်အရှင်၊ ကိုယ့်ဘုရင်ကို တမ်းတပြီး

ကျလာရတဲ့ လွမ်းမျက်ရည်တွေလား။

ဒါမှမဟုတ်

ကြိတ်မနိုင် ခဲမရဖြစ်နေတဲ့

ကောင်းကင်က သိကြားမင်းကြီးရဲ့
ငိုကြွေးနေမှုလေလား။

■

# သတ္တိရှိတဲ့ ဖြတ်ပင်များ

## ဗိုလ်အောင်ကျော်

(၂၇-၁၂-၁၉၁၆ မွေးဖွား။ ၂၂-၁၂-၁၉၃၈ ကွယ်လွန်)



စာပတ်တော့ အသိအမြင် ကျယ်လာတယ်။
အကြောက်တရား နည်းလာတယ်။
သတ္တိရှိလာတယ်။
လူဖြစ်ရခြင်းရဲ့ အနှစ်သာရကို သိလာတယ်။
တိုင်းပြည်အတွက် အသက်ပေးချင်စိတ်တွေ ဖြစ်လာတယ်။
ကိုအောင်ကျော်က စာလည်း ရေးတယ်။

## သတ္တိရှိတဲ့ မြက်ပင်များ

"အောင်ကျော်ရေ…
မင်း သေသွားတာ
ဖြေသာပါတယ်။
မင်းမှာ…
နယ်ချဲ့လက်ချက်မို့"

ကျွန်တော်က ဤကဗျာကို ရွတ်ဆိုလိုက်သည်။ စာသင်ခန်း၏ အပြင်ဘက်မှ ဝင်လာသော ဒီဇင်ဘာဆောင်း၏ လေနုအေးအေးလေးများသည် ကျွန်တော်၏ပါးပြင်ကို နမ်းရှိုက်၍ သွားကြသည်။

"လွန်ခဲ့တဲ့ (၇၄)နှစ်တုန်းက ရန်ကုန်မြို့မှာ 'ဗိုလ်အောင်ကျော်လမ်း' ဆိုတာ မရှိသေးဘူးကွ။ 'စပတ်လမ်း' ဆိုတာပဲ ရှိတယ်။ အခု အတွင်းဝန်များရုံးရဲ့ အနောက်ဘက်က လမ်းပေါ့။ 'ဗိုလ်အောင်ကျော်' ကို ဂုဏ်ပြုတဲ့အနေနဲ့ 'စပတ်လမ်း'ကို 'ဗိုလ်အောင်ကျော်လမ်း' လို့ အမည်တွင်ခဲ့တာ"

လူဖြစ်လာရခြင်း၏ အနှစ်သာရသည် ကိုယ့်အတွက် မဟုတ်။ အများအတွက် ဖြစ်သည်ဆိုသည့် စိတ်ဓာတ်များကို လူငယ်လေးများအား ထည့်သွင်းပေးလိုသည်။ ထို့ကြောင့် စာသင်ချိန်တိုင်းတွင် အချိန်ပိုရင် ပိုသလို မြန်မာ့သမိုင်း၏ သူရဲကောင်းများအကြောင်း၊ နေ့စွဲတို့၏ တန်ဖိုးများ အကြောင်းကို ပြောပြလေ့ရှိသည်။ သည်နေ့သည် ဒီဇင်ဘာလ (၂၂) ရက်နေ့ ဖြစ်သည်။ 'ဗိုလ်အောင်ကျော်' ကျဆုံးသည့်နေ့။

"အေး… 'ဗိုလ်အောင်ကျော်' က ဧရာဝတီတိုင်း၊ ဟင်္သာတခရိုင်၊ အင်္ဂပူမြို့နယ်ထဲမှာရှိတဲ့ မယ်ဇလီကုန်းအပိုင် ရုံးဇင်းရွာက ရွာသားလေးတစ်ယောက်ပဲ။ သူ့အဖေက ဦးကျော်ဒင်။ အဲဒီရွာက အလယ်တန်းကျောင်း

ဆရာကြီးပေါ့။ အမေကတော့ ဒေါ်ရွှေကျော့ တဲ့။ ၁၉၁၆ ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်နေ့မှာ မွေးတယ်။ 'ဗိုလ်ချုပ်အောင်ဆန်း' ထက် တစ်နှစ်ကျော်ကျော်ငယ်တယ်။ မောင်နှမ (၁၁) ယောက် ရှိတယ်။ (၈) ယောက်မြောက်သားအငယ်ပေါ့။ ငယ်နာမည်က မောင်သီး။ 'အသီး' လို့လည်း ခေါ်ကြတယ်။ ဘယ်ဘက်နားထင်မှာ အသီးကလေးရှိလို့ အဲဒီလို ခေါ်ကြတာတဲ့။ စာအလွန်ကြိုးစားတယ်။ ခြောက်တန်းအထိ မယ်ဇလီကုန်းရွာမှာပဲ စာသင်ခဲ့တယ်။ ခုနစ်တန်းရောက်တော့ ဟင်္သာတမြို့ကိုသွားပြီး ကျောင်းဆက်တက်တယ်။ အခု ဟင်္သာတမြို့မှာရှိတဲ့ အ·ထ·က (၃)ဆိုတာ 'ဗိုလ်အောင်ကျော်' နေခဲ့တဲ့ကျောင်းပဲ။ (၁၈) နှစ်သားမှာ ဆယ်တန်းအောင်တယ်''

ယနေ့ခေတ် လူငယ်လေးများသည် မညံ့ကြပါ။ သူတို့ကို ညံ့သည်၊ ဖျင်းသည်ဟု လူကြီးများက ထင်ကြသည်၊ ပြောကြသည်။ တကယ်တော့ ယနေ့ခေတ် လူငယ်လေးများသည် တော်ခွင့် မရနေခြင်းမျှသာ ဖြစ်သည်။

ကျောင်းသားတစ်ယောက်က မေးသည်။

''ဆရာ 'ဗိုလ်အောင်ကျော်' ဆိုတော့ သူက စစ်ဗိုလ်လားခင်ဗျ''

''မဟုတ်ဘူး။ အဲဒီခေတ်တုန်းက တက္ကသိုလ်ကျောင်းသားတွေ စုစည်းထားတဲ့ အဖွဲ့တွေရှိတယ်။ 'ကျောင်းသားသမဂ္ဂ' လို့ ခေါ်တယ်။ မင်းတို့သိချင်ရင် အကျယ်တဝင့် ငါ ရှင်းပြမယ်။ ဒါပေမဲ့ မင်းတို့ကမေးမှ ငါက ဖြေမှာ။ မင်းတို့ရဲ့ မေးခွန်းကိုကြည့်ပြီး မင်းတို့ရဲ့ စိတ်ဝင်စားမှုကို ငါက တိုင်းတာချင်လို့ပဲ''

ကျောင်းသား၊ ကျောင်းသူ အားလုံးက ပြုံးစိစိ ဖြစ်သွားကြသည်။

''တို့ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းမှာ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူတွေရဲ့ အခန်းကဏ္ဍဟာ အလွန်အရေးကြီးတယ်။ '၁၃၀၀ ပြည့်အရေးတော်ပုံ' ဆိုတာ မြန်မာနိုင်ငံမှာ ဖြစ်ခဲ့တယ်။ အင်္ဂလိပ်လို ၁၉၃၈ ပေါ့။ ရေနံမြေသပိတ် ဖြစ်ခဲ့တယ်။ ရေနံမြေမှာရှိတဲ့ အဖိနှိပ်ခံ ရေနံမြေ အလုပ်သမားတွေက သပိတ်မှောက်ကြတယ်''

ကျောင်းသူတစ်ယောက်က မေးသည်။

''အဖိနှိပ်ခံရတယ်ဆိုတာ ဘာလဲ ဆရာ။ သပိတ်မှောက်တယ်ဆိုတာ ဘာလဲ ဆရာ''





''အဖိနှိပ်ခံရတယ်ဆိုတာ ဒီလို၊ လူတစ်ယောက်ဖြစ်လာပြီး လူတန်းစေ့ နေခွင့်မရ၊ လူတန်းစေ့ စားခွင့်မရ၊ လူတန်းစေ့ ပြောဆိုခွင့်မရ။ တစ်နည်းအားဖြင့် လူ့အခွင့်အရေး ဆုံးရှုံးနေရတယ်ဆိုတာ အဖိနှိပ်ခံရခြင်းရဲ့ ထင်ရှားတဲ့ အပြုအမူတွေပဲ။ ဒီလိုပဲ၊ သပိတ်မှောက်တယ်ဆိုတာ ကိုယ့်ဆန္ဒနဲ့ အုပ်ချုပ်သူတွေရဲ့ အမြင်ကွဲလွဲချက်တွေကို အုပ်ချုပ်သူတွေ သိစေဖို့ ပေါ်ပေါ်ထင်ထင် စိန်ခေါ်တဲ့ လှုပ်ရှားမှုပဲ''

ထိုကျောင်းသူက ဆက်ပြီး မေးသည်။

''ဘယ်ကိစ္စကို သပိတ်မှောက်တာလဲ ဆရာ''

''ရေနံမြေက အဖိနှိပ်ခံ အလုပ်သမားတွေ ရန်ကုန်ကို ချီတက်လာကြတယ်။ မကွေးမြို့မှာ သပိတ်အတားခံရတယ်။ ဒါကြောင့် ကျောင်းသားသမဂ္ဂခေါင်းဆောင်တွေဖြစ်တဲ့ ကိုဗဟိန်းနဲ့ ကိုဘဆွေတို့က အဖိနှိပ်ခံ ရေနံမြေ အလုပ်သမားတွေကို အားပေးစကားပြောဖို့ မကွေးမြို့အထိ သွားရောက်ခဲ့ကြတယ်။

မင်းတို့ ကြားဖူးတဲ့ 'မြင်းခွာတစ်ချက်ပေါက်ရင် မီးဟုန်းဟုန်းတောက်စေရမယ်' ဆိုတဲ့ ကိုဗဟိန်းရဲ့ သမိုင်းတွင်တဲ့စကားဟာ အဲဒီ မကွေးမြို့မှာ ပြောခဲ့တဲ့စကားပဲ။ အဲဒီ ကျောင်းသားခေါင်းဆောင် နှစ်ယောက်ကို မကွေးမြို့ အာဏာပိုင်တွေက ဖမ်းဆီးထားတယ်။ ဒါကြောင့် ရန်ကုန်မှာ ကိုအောင်ကျော်တို့က ဆန္ဒပြကြတယ်။

''မီးတုတ်၊ မီးတုတ်··· ရှို့··· ရှို့···''

''သခင်မျိုးဟေ့··· တို့ဗမာ''

''ကျောင်းသား၊ ကျောင်းသား··· မိုက်တယ်··· မိုက်တယ်···''

''အရေးတော်ပုံ··· အောင်ပါစေ···''

အဲဒီလို ကြွေးကြော်သံတွေနဲ့ ဗြိတိသျှအစိုးရကို စိန်ခေါ်ခဲ့ကြတယ်။ ဆန္ဒပြခဲ့ကြတယ်။ စီတန်းလမ်းလျှောက်ခဲ့ကြတယ်။ အဲဒီလို ဆန္ဒပြတဲ့အခါ ဆန္ဒပြခေါင်းဆောင် လုပ်ချင်တဲ့သူ၊ အသက်ပေးချင်တဲ့သူတွေ များလွန်းနေတယ်။ ဒါကြောင့် မဲနှိုက်ပြီး ခေါင်းဆောင်ရွေးကြတယ်။

အာဏာဖီဆန်ရေး ဗိုလ်မှူးအဖြစ် 'ကိုကြည်မောင်' ဆိုသူက မဲကျတယ်။ 'ကိုအောင်ကျော်' ကတော့ ဗိုလ်မှူးမဟုတ်ဘဲ ဗိုလ်ဆိုတဲ့အဆင့်နဲ့

သပိတ်တိုက်ပွဲမှာ ပါဝင်ခွင့်ရတယ်။ ဒါကြောင့် ကိုအောင်ကျော်ရဲ့ နာမည်ရှေ့မှာ 'ဗိုလ်' တပ်ခေါ်တာ။ ကိုအောင်ကျော်က ကျောင်းသားသမဂ္ဂအမှုဆောင်တစ်ယောက်ပဲ''

ကျောင်းသားတစ်ယောက်က ထိုင်ရာမှ ထပြီး မေးပြန်သည်။

''ဗိုလ်အောင်ကျော်က တက္ကသိုလ် ကျောင်းသားဆိုတော့ ဘယ်အဆောင်မှာ နေသလဲ၊ ဘယ်ဘာသာရပ်ကို သင်ယူသလဲ သိချင်ပါတယ်''

''အေး… ငါသိသလောက်တော့ ကိုအောင်ကျော်က ဒဂုံဆောင်၊ အခန်းအမှတ် (၁၀၀) မှာ နေတယ်။ အင်္ဂလိပ်သဒ္ဒါ၊ မြန်မာစာရိုးရိုး၊ စိတ်ကြိုက်မြန်မာစာ၊ စီးပွားရေးနဲ့ ခေတ်ပေါ်နိုင်ငံ့သမိုင်း ဘာသာတွဲတွေကို ယူတယ်။ ၁၉၃၅-၃၆ မှာ ရန်ကုန်တက္ကသိုလ် ရောက်တယ်။ ၁၉၃၆-၃၇ မှာ ဒုတိယနှစ်ကျောင်းသား ဖြစ်လာတယ်။ စာမေးပွဲကျတယ်။ ၁၉၃၇-၃၈ မှာ အိုင်အေဒုတိယနှစ် ဆက်တက်တယ်။ အဲဒီအချိန်မှာ တတိယကျောင်းသားသပိတ်ဖြစ်တယ်။ အဲဒီသပိတ်မှာ အသက်ပေးလှူခဲ့ရတယ်''

တစ်ယောက်က မေးပြန်သည်။

''အဲဒီခေတ် ကျောင်းသားတွေက စာသိပ်ဖတ်တယ်ဆို၊ စာလည်းရေးကြတယ်ဆို၊ ဟုတ်သလား ဆရာ''

''ဟုတ်တယ်ကွ။ စာဖတ်တော့ အသိအမြင် ကျယ်လာတယ်။ အကြောက်တရား နည်းလာတယ်။ သတ္တိရှိလာတယ်။ လူဖြစ်ရခြင်းရဲ့ အနှစ်သာရကို သိလာတယ်။ တိုင်းပြည်အတွက် အသက်ပေးချင်စိတ်တွေ ဖြစ်လာတယ်။ ကိုအောင်ကျော်က စာလည်း ရေးတယ်။ သူရေးတဲ့ စာတစ်ပုဒ်မှာ ဆရာမှတ်မိတာ တစ်ခုရှိတယ်။ 'မြန်မာပြည်၏ ကြီးပွားတိုးတက်ရေးသည် လူငယ်များ၊ ကျောင်းသားများ၏ လက်ထဲတွင်ရှိသည်ဟု လူကြီးများက အမြဲပြောကြသည်၊ ရေးကြသည်။ သို့သော် သူတို့ပြောသလို လူငယ်တွေ လုပ်ခွင့်မရကြ။ လူငယ်တွေကို လုပ်ခွင့်မပြုကြ။ လူကြီးတွေ အပြောနဲ့အလုပ် ညီဖို့လိုသည်' တဲ့''

ကျောင်းသူတစ်ယောက်က မေးသည်။

''ကိုအောင်ကျော်က သူ့ရဲ့ဦးခေါင်းကို မြင်းခွာနဲ့ ကန်မိလို့ သေဆုံးသွားရတယ်ဆိုတာ ဟုတ်သလား ဆရာ''





''အေး… ဟုတ်တယ်။ အဲဒီနေ့က ၁၉၃၈၊ ဒီဇင်ဘာလ (၂၀)ရက်နေ့။ အခု 'ဗိုလ်အောင်ကျော်လမ်း' လို့ ခေါ်တဲ့ 'စပတ်လမ်း' မှာ ကျောင်းသားတွေ ဆန္ဒပြကြတယ်။ အတွင်းဝန်ရုံးကို ဝိုင်းကြတယ်။ ကျောင်းသားပေါင်း တစ်သောင်းကျော်၊ နှစ်သောင်းလောက်ရှိတယ်လို့ ဆရာ မှတ်သားဖူးတယ်။ အဲဒီဆန္ဒပြပွဲမှာ မြို့မိမြို့ဖတွေက ပေါင်မုန့်တွေ ကျွေးတယ်။ ငါးသေတ္တာတွေ လာပေးကြတယ်။ လိမ္မော်သီးတွေလာပြီး ကမ်းကြတယ်။ ကျောင်းသားတွေရဲ့ အလံက အနီရောင်ကွ။

အဲဒီလို ဆန္ဒပြနေတဲ့ လူအုပ်ကြီးထဲကို နံပါတ်တုတ် ကိုင်ထားတဲ့ မြင်းစီးပုလိပ်တွေက မြင်းတွေကိုစီးပြီး တစ်ဟုန်ထိုး၊ တရကြမ်း ဝင်တိုးတယ်။ ကျောင်းသား၊ ကျောင်းသူတွေဆို မြင်းအကန်ခံရတယ်။ မြင်းအနင်းခံရတယ်။ နံပါတ်တုတ်နဲ့ အရိုက်ခံရတယ်။ ကျောင်းသားတွေရဲ့ သွေးတွေ ပေတရာလမ်းပေါ်မှာ နီရဲနေတာပဲ။ ကိုအောင်ကျော်က အဲဒီနေ့မှာ သူ့ရဲ့ ဦးခေါင်းကို မြင်းအကန်ခံရပြီး လဲကျသွားတယ်။ မူးမေ့သွားတယ်။ ဒဏ်ရာက ပြင်းထန်တယ်။ ဒဏ်ရာရတဲ့သူ နှစ်ရာကျော်လောက် ရှိတယ်''

ထိုကျောင်းသူကပင် စိတ်ဝင်တစား မေးပြန်သည်။

''တော်တော် ရက်စက်တာပဲနော်။ လူစိတ်မရှိကြဘူး။ ကိုအောင်ကျော်က ချက်ချင်းသေသလား ဆရာ''

''သမီးပြောတာ မှန်တယ်။ အာဏာမူးနေတဲ့ အုပ်ချုပ်သူတွေဟာ မောဟအားကြီးလာပြီဆိုရင် အမှား၊ အမှန်ကို မခွဲခြားနိုင်ကြတော့ဘူး။ အမှားတစ်ခုအပေါ်မှာ နောက်ထပ်အမှားတစ်ခု ထပ်ထပ်ပြီး ဆင့်လာတယ်။ ဒါဟာ မောဟရဲ့ အမှတ်သင်္ကေတပဲ။ ကိုအောင်ကျော်က ဒီဇင်ဘာလ (၂၀) ရက်နေ့မှာ ဦးခေါင်းကို မြင်းအကန်ခံရတယ်။ သွေးထွက်လွန်တယ်။ ကျောင်းဆေးရုံကို ခေါ်သွားတယ်။ သတိမရတစ်ချက် ရတစ်ချက်နဲ့ပေါ့။

သူ သတိရတဲ့ အချိန်မှာ ပြောသွားတဲ့ စကားရှိတယ်။ 'ကျုပ်တိုင်းပြည်အတွက် အသက်စွန့်တယ်။ သေချင်သေပါစေ။ တိုင်းပြည်အတွက်မို့ သေပျော်တယ်။ အရေးတော်ပုံ အောင်… ရ… မယ်' အဲဒီလိုပြောရင်း ၁၉၃၈ ခုနှစ်၊ ဒီဇင်ဘာလ (၂၂) ရက်နေ့မှာ ဗိုလ်အောင်ကျော် ကျဆုံးခဲ့တယ်။ သေတယ်လို့ မသုံးဘူး''

ကျွန်တော်က စကားပြောရင်း ကျောင်းသား၊ ကျောင်းသူ အားလုံးကို အကဲခတ်လိုက်သည်။ သူတို့၏ မျက်လုံးများသည် တိုင်းပြည်ကို ချစ်သည့် မျက်လုံးများ၊ အမျိုးကိုထိလျှင် မခံဟူသော အကြည့်များဖြင့် ကျွန်တော့် စကားကို နားထောင်နေကြသည်။ ကျွန်တော်က ကဗျာတစ်ပုဒ် ရွတ်ပြလိုက်သည်။

" 'မောင်နွေလှိုင်း' ရဲ့ ကဗျာတစ်ပုဒ်ရှိတယ်။ ငါ ရွတ်ပြမယ်။ ငါ ရေးပြမယ်။ ခေါင်းစဉ်က 'ခေတ်အဆက်ဆက် ကျောင်းသား' တဲ့"

'ကျောက်တုံးနဲ့ဖိ

သူ မပိ

သတ္တိရှိတဲ့ မြက်ပင်များ'

ထိုကဗျာကို ကျောက်သင်ပုန်းပေါ်၌ ကျွန်တော်က ရွတ်ဆိုရင်း ရေးပေးလိုက်သည်။ လူငယ်အားလုံးက ကူးယူကြလေသည်။ ထိုသို့ ကူးယူအပြီး ကျောင်းသားတစ်ယောက်က ကျွန်တော့်ကို တောင်းဆိုပြန်လေသည်။

"ဆရာ၊ ဆရာ ပထမဆုံး ရွတ်ဆိုပြခဲ့တဲ့ ကဗျာကိုလည်း ရေးပေးပါဦး။ လိုချင်လို့"

ကျွန်တော်က ထပ်ပြီး ရေးပေးလိုက်ပြန်သည်။

ထိုကျောင်းသားကပင် ကျွန်တော့်ကို မေးပြန်လေသည်။

"ဒါဆိုရင်… ကိုအောင်ကျော်က အသက် (၂၂) နှစ် မပြည့်မီမှာ ကွယ်လွန်တာပေါ့နော်။ ငယ်ငယ်လေး ရှိသေးတာပဲ။ လူငယ်ဘဝနဲ့ အသက်စွန့်သွားတယ်။ အားကျဖို့ ကောင်းလိုက်တာ။ ဒါပေမဲ့ ကိုအောင်ကျော် သေတာကို ဖြေသာတယ်လို့ ဘာလို့ ကဗျာဆရာက ရေးထားတာလဲဗျ"

"ဒီမေးခွန်းက မေးသင့်တယ်။ ကိုအောင်ကျော် သေရတာ မြန်မာလူမျိုးအချင်းချင်း သတ်လို့မဟုတ်ဘူး။ ဗြိတိသျှနယ်ချဲ့ တိုင်းတစ်ပါးသား စစ်ပုလိပ်တွေက သတ်လို့သေရတာ၊ ဖြေသာတယ်။ 'ဗိုလ်ချုပ်အောင်ဆန်း' သေရတာတော့ မဖြေသာဘူး။ ဘာကြောင့်လဲဆိုတော့ မြန်မာကို မြန်မာက သတ်လို့ပဲ။

ဒီလိုပဲ၊ တို့ကျောင်းသားသမိုင်းမှာ ခေတ်အဆက်ဆက် သေဆုံးခဲ့ရတဲ့၊ သွေးမြေကျခဲ့ရတဲ့ ကျောင်းသားတွေ အများကြီးပဲ။ သူတို့တွေ အတွက်တော့





မဖြေသာဘူး။ ဘာကြောင့်လဲဆိုတော့ လူမျိုးခြားက သတ်တာ မဟုတ်ဘူး။ အခွင့်အာဏာရှိသူ မြန်မာခေါင်းဆောင်တွေကပဲ အခွင့်အရေး တောင်းဆိုတဲ့ မြန်မာကျောင်းသားတွေကို သတ်ခဲ့ကြလို့ပဲ"

ကျွန်တော့်စကားကို သည်နေရာမှာရပ်ပြီး သင်တန်းကို ဆင်းပေးလိုက်သည်။

စာသင်ပြီးအပြန် လမ်းထိပ်မှ ဂျာနယ် သုံး၊ လေးစောင်ကို ဝယ်ပြီး ဖတ်လိုက်မိသည်။

သြော်…

ဂျာနယ်ထဲက ပါတဲ့သတင်းတွေ၊

မြန်မာတွေကြောင့်


မြန်မာတွေ သွေးမြေကျနေရသတဲ့။

ဘယ်လို ဖြေရပါ့…။

■

# နိုင်ငံ့ခေါင်းဆောင်ဖြစ်ခွင့်ရသူတွေ စိတ်ကောင်းရှိကြပါစေ

မဟာဂန္ဓာရုံ သာသနာ့အာဇာနည်
ဆရာတော်ဘုရားကြီး အရှင်ဇနကာဘိဝံသ
(၂၇-၂-၁၉၀၀ ဖွားမြင်၊ ၂၇-၂-၁၉၇၇ ပျံလွန်တော်မူ)



● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ●

စိတ်ကောင်းမရှိတဲ့ ပညာတတ်တွေ၊
ဥပဒေစည်းကမ်းကို လေးစားလိုက်နာမှုမရှိတဲ့ ပညာတတ်တွေ၊
အကျင့်သီလမပြည့်စုံတဲ့ ပညာတတ်တွေ၊
ကျန်းမာရေးချို့တဲ့နေတဲ့ ပညာတတ်တွေ၊
အဲဒီလိုလူတွေနဲ့ ကျက်သရေရှိတဲ့ တိုင်းပြည်တစ်ခုကို
တည်ဆောက်လို့ မရဘူး။

● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ●

## နိုင်ငံ့ခေါင်းဆောင်ဖြစ်ခွင့်ရသူတွေ စိတ်ကောင်းရှိကြပါစေ

ဧရာဝတီမြစ်ကမ်းနံဘေးရှိ ရှိန်းမကားမြို့မှ စာပေဟောပြောပွဲအပြီးတွင် ဝက်လက်မြို့သို့ စာပေဟောပြောပွဲ ခရီးဆက်ခဲ့ရသည်။ ခရိုင်ပတ်လမ်းမှ သွားရသဖြင့် ခရီးသည် မဝေးလှ။ ဝက်လက်မြို့အနီးသို့ ရောက်ခါနီးတွင် 'သရိုင်' ဆိုသည့် ကျေးရွာကလေးကို ဖြတ်သန်းရသည်။ ထိုကျေးရွာသည် မဟာဂန္ဓာရုံ သာသနာ့အာဇာနည် ဆရာတော်ဘုရားကြီး 'အရှင်ဇနကာဘိဝံသ' ၏ မွေးရပ်ဇာတိမြေ ဖြစ်သည်။

ဝက်လက်မြို့၌ ကျင်းပသော စာပေဟောပြောပွဲကို ကျူရှင်ဆရာများက ဦးဆောင်ကြသည်။ ထို့ကြောင့် သူတို့၏ စာသင်သား တပည့်ငယ်များကို ဗဟုသုတဖြစ်ဖွယ် စကားများ ပြောကြားပေးရန် ကျွန်တော့်ကို တောင်းဆိုကြသည်။

ထို့ကြောင့် ဝက်လက်မြို့၏ အရှေ့မြောက်ဘက်ရှိ သရိုင် ရွာသားကြီး ဖြစ်သည့် သာသနာ့အာဇာနည်အကြောင်းကို ပြောကြားခွင့်ရခဲ့သည်။

"ဝက်လက်သူ၊ ဝက်လက်သားဖြစ်ရတာ ဂုဏ်ယူစရာ ကောင်းတယ်။ ဘာကြောင့်လဲဆိုတော့ မင်းတို့ ကြားဖူးတဲ့၊ မင်းတို့ အတုယူအားကျ ကြည်ညို လေးစားရတဲ့ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးရဲ့ မွေးရပ်ဇာတိမြေ ဖြစ်နေလို့ပဲ။ တို့တိုင်းပြည်မှာ မြို့တွေ၊ ရွာတွေ ရှိတယ်။ တချို့မြို့တွေဟာ ကျက်သရေ ရှိတယ်။ တချို့မြို့တွေဟာ ကျက်သရေ မရှိဘူး"

နားထောင်နေသော သူများထဲမှ ဆရာတစ်ယောက်က အသံကျယ်ကျယ်ဖြင့် ကျွန်တော့်ကို မေးသည်။

"ဘယ်လိုမြို့တွေက ကျက်သရေရှိပြီး ဘယ်လိုမြို့တွေက ကျက်သရေမဲ့ရတာလဲ ခင်ဗျ"

“အေး… မှတ်ထားကြ။ စိတ်ကောင်းရှိတဲ့ ခေါင်းဆောင်တွေ မွေးဖွားပေးတဲ့မြို့၊ နေထိုင်တဲ့မြို့တွေ၊ ရွာတွေဟာ ကျက်သရေ ရှိတယ်။ စိတ်ကောင်းမရှိတဲ့ ခေါင်းဆောင်တွေ မွေးဖွားတဲ့မြို့၊ ကြီးပြင်းရှင်သန် နေထိုင်တဲ့မြို့၊ ရွာတွေဟာ ကျက်သရေမဲ့တယ်”

ကျွန်တော့်အဖြေစကားကြောင့် အားလုံးက ပွဲကျသွားကြတော့သည်။

“မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးက ဝက်လက်မြို့ရဲ့ အရှေ့မြောက်ဘက် မနီးမဝေးမှာရှိတဲ့ သရိုင်ကျေးရွာမှာ ၁၉၀၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ (၂၇) ရက်နေ့မှာ ပျံလွန်တော်မူတယ်။ ခမည်းတော်နဲ့ မယ်တော်က ဦးဇောတိနဲ့ ဒေါ်အုန်းလှိုင်တဲ့။ မွေးချင်းလေးယောက်မှာ အကြီးဆုံးပဲ။ ‘မောင်ဌေးလွင်’ လို့ သူ့ကို အမည်ပေးတယ်။ ငယ်စဉ်ကတည်းက ဆက်စပ်ပြီး တွေးတောတတ်တဲ့ အကျင့်ရှိတယ်၊ အမေးအမြန်းထူတယ်၊ စာကြိုးစားတယ်”

လူငယ်တချို့က သူတို့တွင်ပါလာသော ဗလာစာအုပ်ထဲ၌ ရေးမှတ်ကြလေသည်။

“(၁၇)နှစ်အရွယ်မှာ ရှင်သာမဏေပြုတယ်။ ရှင်သာမဏေဘဝမရောက်မီကတည်းက စာဝါလိုက်ခဲ့တဲ့သူ။ ဒါကြောင့် ရှင်သာမဏေပြုတဲ့အချိန်မှာ ပထမလတ်စာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့ပြီးပြီ။ ‘ရှင်ဇနက’ ဆိုတဲ့ ဘွဲ့တော်ကိုလည်း ကိုယ်ကိုယ်တိုင်ရွေးချယ်ပြီး ပေးသတဲ့။ အဘိဓာန်မှာ ‘ဇနက’ ‘ဇနကော’ ဆိုတာ ‘အဖေ’ လို့ အဓိပ္ပာယ်ထွက်တယ်။ ပြီးတော့ ဘုရားအလောင်းတော်ရဲ့ နာမည်လည်းဖြစ်တယ်။ ဆရာတော်ဘုရားဟာ ဘုရားအလောင်းတော်လို ဝီရိယ၊ ဇွဲကြီးသူ ဖြစ်ချင်သလို လူတိုင်းအပေါ်မှာ ဖခင်တစ်ယောက်လို မေတ္တာစိတ် ထားချင်တဲ့အတွက် ဒီဘွဲ့တော်ကို ရွေးချယ်တာလို့ ဆရာ မှတ်သားဖူးတယ်”

အားလုံးက နားထောင်ပြီး လိုက်လံ၍ ရေးမှတ်နေကြသည်။ နားထောင်နေသူများအထဲမှ ဆရာမတစ်ယောက်က လက်ညှိုးထောင်ပြီး ကျွန်တော့်ကို မေးသည်။

“ဆရာကြီးရှင့်၊ သမီးက မြန်မာစာသင်တဲ့ ဆရာမပါ။ ‘အရှင်ဇနကာဘိဝံသ’ ရဲ့ နာမည်ကြီးတဲ့ စည်းကမ်း (၁၀)ချက်ကို သမီး ကြားဖူးတယ်။ အဲဒီထဲမှာ စာတတ်ဖို့ကို ဒသမလို့ထားတယ်။ စိတ်ကောင်းရှိဖို့ကို ပထမလို့





ဆိုတယ်။ တကယ်တော့ စာတတ်ဖို့က ပိုပြီး အရေးမကြီးဘူးလားရှင့်။ သမီးတို့တိုင်းပြည်မှာ ကလေးတွေကို စာတတ်ဖို့ ပညာရေးဝန်ကြီးဌာနက ကြိုးစားနေတာပဲ”

ထိုဆရာမလေး၏ မေးခွန်းကြောင့် ကျွန်တော် စကားပြောစရာ ရသွားခဲ့သည်။

“ဆရာတော်ဘုရားက စိတ်ကောင်းရှိဖို့ကို ပထမလို့ ပြောတာဟာ မှန်တယ်။ ဆရာတော်ဘုရားပြောတဲ့ စကားတစ်ခွန်း ရှိတယ်။ ဒီနေ့ခေတ်မှာ အများအားဖြင့် စာသင်ကြားပုံတွေ၊ စာသင်ယူပုံတွေဟာ ပညာတတ်ဖို့၊ စာတတ်ဖို့ထက် စာမေးပွဲအောင်ဖို့ကိုပဲ ပဓာနထားပြီး သင်ပေးနေကြတယ်။ သင်ယူနေကြတယ်။ ပညာသင်တယ်ဆိုတာ သူတစ်ပါးအပေါ် မောက်မာလိုတဲ့စိတ်နဲ့ မသင်ယူရဘူးတဲ့။ မြွေဖမ်းတဲ့ ဥပမာလိုပေါ့။ မြွေကိုဖမ်းတဲ့အခါ ခါးကိုဖမ်းရင်၊ အမြီးကိုဖမ်းရင် မြွေက လူကို ပြန်ပြီး ကိုက်တော့တယ်။ ပေါက်တော့တယ်။

ဒီလိုပဲ။ စိတ်ကောင်းမရှိတဲ့ ပညာတတ်တွေ၊ စိတ်ကောင်းမရှိတဲ့ အရာရှိတွေ၊ စိတ်ကောင်းမရှိတဲ့ လူတွေနဲ့ ဆက်ဆံရတာဟာ မြွေရဲ့ခါးကို၊ အမြီးကို ကိုင်ရသလိုပဲ၊ အန္တရာယ်များတယ်။ ကိုယ့်ကို ဒုက္ခပေးတတ်တယ်။ စိတ်ကောင်းမရှိတဲ့သူရဲ့ ခန္ဓာအိမ်ထဲမှာ ဘယ်လိုအရည်အချင်းပဲ ရှိရှိ၊ အဲဒီအရည်အချင်းအားလုံးဟာ အလကားပဲ။

ဒါ့ကြောင့် စိတ်ကောင်းရှိဖို့က ပထမ။ ဥပဒေကို လေးစားဖို့က ဒုတိယ။ ကျန်းမာဖို့က တတိယ။ သန့်ရှင်းစင်ကြယ်စွာ ဘဝကိုတည်ဆောက်တတ်ဖို့က စတုတ္ထ အစရှိသဖြင့် သဘာဝကျတဲ့ စည်းကမ်းတွေကို တွေးဆပြီး သတ်မှတ်ခဲ့တယ်။ စာတတ်ဖို့ကတော့ ဒသမပေါ့။ အခုတော့ ငါတို့တိုင်းပြည်ရဲ့ ပညာရေးမှာ စာတတ်ဖို့က ပထမဖြစ်နေတယ်။ လူတော်တွေ စိတ်ကောင်းမရှိရင် တိုင်းပြည်ပျက်တတ်တယ်၊ ကမ္ဘာပျက်တတ်တယ်။ ဆရာတို့ ကိုယ်တွေ့ခံစားနေရတာ မဟုတ်လား”

ကျွန်တော့်အဖြေစကားကြောင့် နားထောင်နေကြသော ကျောင်းသား၊ ကျောင်းသူလေးများ၏မျက်နှာ ဝင်းပသွားလေတော့သည်။ ကျောင်းသားတစ်ယောက်က မေးသည်။

"ဆရာခင်ဗျ၊ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးက နံနက်ခင်း ဩဝါဒတွေကို အမြဲတမ်း ချီးမြှင့်တယ်လို့ ကြားဖူးပါတယ်။ ဟုတ်ပါသလား ခင်ဗျာ၊ ဘာရည်ရွယ်ချက်နဲ့လဲ ခင်ဗျ"

"အေး... ဟုတ်တယ်။ စဉ်းစားကြည့်ကြလေ။ မဟာဂန္ဓာရုံကျောင်းတိုက်ကြီးရဲ့ ဦးစီးပဓာန ဆရာတော်ဘုရားကြီးကိုယ်တိုင် မနက်အစောကြီးထပြီး ဆုံးမစကား ပြောကြားပေးတယ်ဆိုတော့ သီတင်းသုံးနေထိုင်ကြတဲ့ သံဃာတော်တွေ၊ ရဟန်းတော်တွေ ပေါ့ပြက်ပြက်နေလို့ မရတော့ဘူး။ နံနက်တိုင်း ဆုံးမစကားကို ကြားနာခွင့်ရကြတဲ့အတွက် ဗဟုသုတလည်း ဖြစ်စေမယ်၊ ဝီရိယလည်း ကောင်းလာမယ်၊ ကျန်းမာရေးနဲ့လည်း ညီညွတ်လာမယ်"

"နံနက်ခင်းဩဝါဒထဲက ဆရာ မှတ်မိတာလေးတွေရှိရင် တစ်ခု၊ နှစ်ခုလောက် ပြောပြပေးပါဦး ဆရာ"

"အေးကွ၊ ခေါင်းစဉ်တော့ မမှတ်မိတော့ဘူး။ ခွေးနှစ်ကောင်ကိုက်တယ်တဲ့။ ဒေါသစိတ်နဲ့ ကိုက်တာ။ အရင်းခံက တဏှာတဲ့။ လူငယ်တွေနားလည်အောင် ပြောရရင် တဏှာဆိုတာ ကိုယ့်အကျိုးကြည့်တဲ့ စိတ်ပေါ်အခြေခံတဲ့ အပြုအမူပဲ။ ကနောင်မင်းသားကြီးကို သူ့ရဲ့တူ မြင်ကွန်းမင်းသားက သတ်တာဟာလည်း အဲဒီ ကိုယ့်အကျိုးကြည့်တဲ့စိတ်ပဲ။ ဒီလိုပဲ။ ခွေးနှစ်ကောင် ကိုက်ကြသလို စစ်တွေ ဖြစ်နေကြတယ်။ ငြိမ်းချမ်းရေးအတွက် စစ်တိုက်နေကြတယ်လို့ ပြောကြတယ်။ အများအကျိုးအတွက် စစ်တိုက်နေကြရတယ်လို့ ပါးစပ်က ဆိုကြတယ်။

တကယ်တော့ ကိုယ့်အကျိုးကိုသာ ကြည့်နေတတ်တဲ့ စိတ်တွေနှစ်ဖက်စလုံးမှာ အားကြီးနေလို့ ငြိမ်းချမ်းရေးက မရတာ၊ စစ်ဖြစ်နေရတာတဲ့။ ကိုယ့်အကျိုးကြည့်တဲ့ စိတ်ဟာ နွားချိုနဲ့ တူတယ်တဲ့။ နွားဆိုတာ အကောင်ကြီးလာလေလေ၊ နွားသက်ကြီးလာလေလေ နွားချိုလည်း ရှည်လာလေလေ။ ဒီလိုပဲ၊ ရာထူးကြီးလာလေလေ၊ လုပ်ပိုင်ခွင့်တွေ များလာလေလေ အတ္တတွေ၊ တဏှာတွေ၊ အဝိဇ္ဇာတွေလည်း ကြီးလာလေလေပဲ။ အဲဒါကို အသိဉာဏ်နဲ့ ထိန်းကွပ်ရမယ်တဲ့"

ကျွန်တော်လည်း မှတ်မိသလောက် ဖြေဆိုလိုက်သည်။





"စကားပြောရင်းနဲ့ ဆရာ မှတ်မိတာ တစ်ခုရှိတယ်။ လူလေးမျိုးရှိသတဲ့။ အမှောင်ထဲမှာနေပြီး အမှောင်ထဲမှာ ပျော်နေတဲ့သူ။ သူတို့ဟာ အရှုံးနဲ့လာပြီး အရှုံးနဲ့ ပြန်ကြရတဲ့သူတွေ။ အမှောင်ထဲကနေပြီး အလင်းကို ရောက်အောင်သွားတဲ့သူ။ သူတို့က လူ့ဘဝကို မှန်မှန်ကန်ကန် အသုံးချသွားတဲ့သူတဲ့။ ဒါပေမဲ့ အလင်းထဲကနေပြီး အမှောင်ကို သွားတဲ့သူလည်းရှိတယ်။ အဲဒီလို လူတွေကတော့ ဘဝထဲကနေပြီး အရှုံးနဲ့ ထွက်ခွာရမယ့်သူတွေပေါ့။

ဒီလိုပဲ၊ အလင်းထဲမှာနေပြီး အလင်းထဲမှာ ပျော်တဲ့သူ။ သူတို့ကတော့ စိတ်ကောင်းရှိတဲ့သူတွေ၊ ကိုယ်ကျင့်သီလ မြဲတဲ့သူတွေကို ဆိုလိုတယ်တဲ့။ ငါတို့ ပတ်ဝန်းကျင်ကို ကြည့်လိုက်စမ်း။ အမှောင်ထဲမှာ တစ်ယောက်ကို တစ်ယောက် ပခုံးတိုက်ပြီး အပြန်အလှန် ကိုက်နေလိုက်ကြတာ။ ရာစုနှစ်တစ်ဝက်ကျော်ခဲ့ပြီ။ ရှက်စရာ ကောင်းတယ်။ အမှောင်ထဲကနေပြီး အလင်းဘက်ကို ဦးတည်လာမယ့်သူတွေ၊ ခေါင်းဆောင်တွေ များလာပါစေလို့ ဆရာတော့ ဆုတောင်းမိတယ်"

နားထောင်နေသည့် ပရိသတ်ထဲမှ အသက်ကြီးကြီး ပုဂ္ဂိုလ်တစ်ယောက်က မတ်တတ်ထရပ်ပြီး ကျွန်တော့်ကို စကားပြောသည်။

"ဆရာပြောတာ မှတ်သားစရာကောင်းပါတယ် ခင်ဗျ။ ကျွန်တော်နည်းနည်းလေး ဝင်ပြီး ဆွေးနွေးလို့ရမလား။ ကျွန်တော်က အငြိမ်းစား ကျောင်းအုပ်ကြီးပါ။ ဒီသင်တန်းမှာ ကျောင်းအုပ်အဖြစ် တာဝန်ယူနေရပါတယ်"

"ကောင်းတာပေါ့ ဆရာကြီးရယ်၊ ဆရာကြီး ရှေ့ကို ထွက်ခဲ့ပါလား ခင်ဗျ"

ကျွန်တော့်ဖိတ်ခေါ်မှုကြောင့် ကျောင်းသား၊ ကျောင်းသူများက လက်ခုပ်တီးပြီး သူတို့၏ဆရာကြီးကို ကြိုဆိုလိုက်ကြသည်။

အငြိမ်းစား ကျောင်းအုပ်ဆရာကြီးက ပြောသည်။

"ကျွန်တော်က အသက်ကြီးပြီ။ (၇၀)ကျော်ပြီ။ လူငယ်လေးတွေကို အမြဲ တွေ့မြင်ခွင့်ရနေတဲ့သူ။ လူငယ်လေးတွေက သနားစရာကောင်းတယ်။ စာမဖတ်တဲ့၊ စာမတတ်တဲ့၊ စာတတ်ချင်ယောင်ဆောင်နေတဲ့ ပတ်ဝန်းကျင်မှာ သူတို့ ကြီးပြင်းနေရတယ်။ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးဆိုရင် ကျောင်း

သင်ရိုးထဲမှာ ဗုဒ္ဓစာပေယဉ်ကျေးမှုတွေ သင်ကြားနိုင်ဖို့အတွက် သင်ရိုးတွေ ရေးပေးခဲ့တယ်။ ဘုရားကန်တော့ချိုးက အစ ပန်း၊ ဆီမီးကပ်တာ အဆုံး။ လူတစ်ယောက်လူပီသဖို့ လူငယ်တွေအတွက် စာပေတွေအများကြီး ရေးသားခဲ့တယ်။

ကျွန်တော်တို့ ဆရာဘဝ ငယ်စဉ်တုန်းက မူလတန်း ကျောင်းသား၊ ကျောင်းသူလေးတွေကို သင်ပေးခွင့်ရခဲ့တယ်။ အခုတော့ ဒါမျိုးတွေ မရှိတော့ပါဘူး။ ကလေးတွေကို ရိုင်းစိုင်းတယ်၊ မယဉ်ကျေးဘူးလို့ ပြောကြတယ်။ ကလေးတွေမှာ အပြစ်မရှိဘူး။ ပညာရေးမူဝါဒမှာပဲ အပြစ်ရှိတယ်။ ကျောင်းသင်ရိုးတစ်ခုတည်းနဲ့ ကြီးပြင်းလာကြတဲ့ ကလေးတွေဟာ တိုင်းပြည်ကို ချစ်တဲ့စိတ်၊ အမျိုး၊ ဘာသာ၊ သာသနာကို စောင့်ရှောက်ချင်တဲ့စိတ်... နည်းလာတော့တာပေါ့။ အခုလည်း သင်ရိုးတွေ အသစ်ဖန်တီးဖို့ ကြိုးစားနေကြတယ်။ စိတ်ကောင်းမရှိတဲ့ ပညာတတ်တွေ၊ ဥပဒေစည်းကမ်းကို လေးစားလိုက်နာမှုမရှိတဲ့ ပညာတတ်တွေ၊ အကျင့်သီလ မပြည့်စုံတဲ့ ပညာတတ်တွေ၊ ကျန်းမာရေးချို့တဲ့နေတဲ့ ပညာတတ်တွေ၊ အဲဒီလိုလူတွေနဲ့ ကျက်သရေရှိတဲ့ တိုင်းပြည်တစ်ခုကို တည်ဆောက်လို့ မရဘူး''

ဆရာကြီးက စိတ်ပါလက်ပါ ပြောကြားလိုက်သောကြောင့် ကျွန်တော်က လက်ခုပ်တီးပြီး အားပေးလိုက်သည်။ နားထောင်နေသူ အားလုံးကလည်း လက်ခုပ် တီးကြပြန်လေသည်။ ဆရာကြီးက သူ့စကားကို ဆက်ပြောပြန်သည်။

''ပါလီမန်ခေတ်မှာ မြန်မာနိုင်ငံဟာ အာရှမှာ (၁)ဗျ။ ဘာကြောင့်လဲဆိုတော့ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးရဲ့ ဗုဒ္ဓအခြေပြု သင်ရိုးတွေကြောင့်ပဲ။ နိုင်ငံငြိမ်းချမ်းသာယာ တိုးတက်စေဖို့အတွက် သာသနာကို အခြေပြုတဲ့ ပညာရေး၊ သီလကို အခြေပြုတဲ့ လူမှုဝန်းကျင်ကို ထူထောင်မှရမယ်။ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးက ကိုယ်ကျင့်အဘိဓမ္မာ အပါအဝင် ကျမ်းစာအုပ်ပေါင်း (၅၀) ကျော်ကို ရေးသားခဲ့တယ်''

ကျွန်တော်က ဝင်ပြီး ထောက်ခံပေးလိုက်သည်။

''မင်းတို့ဆရာကြီးပြောတာ မှန်တယ်။ လူငယ်တွေအတွက် အသိဉာဏ် ကိုယ်ကျင့်တရား ပြည့်စုံ ဖွံ့ဖြိုးစေဖို့ ရတနာ့ဂုဏ်ရည်၊ အနာဂတ်





သာသနာ၊ ဗုဒ္ဓဘာသာသင်ခန်းစာ၊ ဘာသာသွေး အစရှိတဲ့ စာအုပ်တွေကို ဆရာ မှတ်မိတယ်။

မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးက ပျံလွန်တော်မူခါနီး အချိန်အထိ စာတွေရေးသွားခဲ့တယ်။ အလုပ် လုပ်သွားခဲ့တယ်။ ဆရာတော်ဘုရားကြီးဟာ သက်တော် (၇၈) နှစ်အရောက်မှာ တစ်ဘဝ ငြိမ်းတော်မူတယ်။ ဒီလို ဒီဇင်ဘာလကြီးမှာပေါ့။ ၁၉၇၇ ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်နေ့ဟာ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး ပျံလွန်တော်မူတဲ့နေ့။ တစ်ဘဝ ငြိမ်းတော်မူတဲ့နေ့ပဲ။ အဲဒီ ဆရာတော်ဘုရားကြီးဟာ မင်းတို့ရဲ့ ဝက်လက်မြို့အနီး သရိုင်ရွာမှာ ဖွားမြင်တော်မူခဲ့တဲ့ သာသနာ့အာဇာနည်ကြီးပဲ''


ကျွန်တော်က စကားကိုပြောရင်း အဆုံးသတ်လိုက်သည်။

အငြိမ်းစားကျောင်းအုပ်ကြီးက နှုတ်ဆက်စကားကို ဆိုပြန်သည်။

''ဗုဒ္ဓဘာသာအပေါ် အခြေခံတဲ့ ပညာရေးစနစ်တစ်ရပ် မပေါ်ပေါက်သေးသရွေ့ ကျွန်တော်တို့နိုင်ငံ မတိုးတက်နိုင်ဘူး။ စိတ်ကောင်းရှိတဲ့ လူငယ်တွေ မွေးထုတ်ပေးဖို့ ကျောင်းသင်ရိုးဟာ ဘာသာရေးအပေါ်မှာ အခြေခံရမယ်။ စိတ်ကောင်းရှိတဲ့ လူငယ်တွေ မွေးထုတ်ပေးနိုင်မှ စိတ်ကောင်းရှိတဲ့ လူကြီးတွေ ဖြစ်လာမယ်။ စိတ်ကောင်းရှိတဲ့ လူကြီးတွေ ကြီးစိုးမှ တိုင်းပြည်သာယာမယ်။ ဒါကြောင့် စိတ်ကောင်းမွေးကြဖို့ လူငယ်တွေကို သင်ပေးပါ။

စာတော်ပြီး စိတ်ကောင်းမရှိတဲ့ လူညံ့လေးတွေ မွေးထုတ်ပေးနေတဲ့ ပညာရေးစနစ် ဆုံးခန်းတိုင်သင့်ပြီ။ စိတ်ကောင်းရှိသူတွေကို နိုင်ငံ့ခေါင်းဆောင် ဖြစ်စေချင်တယ်။ ဒီလိုပဲ၊ နိုင်ငံ့ခေါင်းဆောင် ဖြစ်ခွင့်ရသူတွေလည်း စိတ်ကောင်း ရှိစေချင်တယ်။ ဒါဟာ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးရဲ့ ဩဝါဒပဲ''

■



- အမည်ရင်း - ဘုန်းနိုင်ဦး
- လူသိများသည့်အမည် - ဦးဘုန်း(ဓာတု)
- အဖ ရုံးအုပ်စာရေးကြီး (စာရေးဆရာ ရွှေရာအေးဟန်) ဦးအေးဟန်နှင့် အမိ ဒေါ်ညိုညိုခင်တို့မှ မွေးဖွားခဲ့။
- မွေးချင်း (၆)ယောက်ရှိပြီး ဒုတိယသားအလတ်။
- ၁၉၅၉၊ ဒီဇင်ဘာလ (၆) ရက်နေ့ဖွား၊ မန္တလေးသားစစ်စစ်။
- မူလတန်းပညာကို မန္တလေးမြို့၊ အမှတ် (၉) အ·ထ·က တွင် သင်ကြားခဲ့။
- အလယ်တန်းပညာကို သပိတ်ကျင်းမြို့ အ·ထ·က။
- အထက်တန်းပညာကို ပြင်ဦးလွင်မြို့၊ အမှတ် (၁) အ·ထ·ကမှ အောင်မြင်ခဲ့။
- ၁၉၈၂ တွင် မန္တလေးတက္ကသိုလ်မှ ဘူမိဗေဒသိပ္ပံဘွဲ့ရရှိခဲ့။
- ၁၉၈၉ တွင် ကျောင်းနေဖက် ဒေါ်သံယောဇဉ်နွယ်နှင့် အိမ်ထောင်ပြု။
- ဘူမိဗေဒဘာသာရပ်ဖြင့် ဘွဲ့ရခဲ့သော်လည်း ခေတ်စနစ်အခြေအနေအရ ဓာတုဗေဒဘာသာရပ်သင် ဆရာအဖြစ် အသက်မွေး။
- နှစ်စဉ် ဓာတုဗေဒဘာသာရပ်စာအုပ်များ ရေးသားထုတ်ဝေ။
- ပထမဆုံးပုံနှိပ်စာမူမှာ 'တံမြက်စည်းနှင့် အမှိုက်' အတွေးရသ။
- ဂျာနယ်၊ မဂ္ဂဇင်းအသီးသီးတွင် အတွေးအားပါသည့် ရသစာပေများ ရေးသားလျက်ရှိ။

■





နောင်တတရားများနဲ့ ရှင်သန်နေထိုင်သူများကို
လူကြီးဟုခေါ်သည်။
အမှားတွေနဲ့ ပျော်ရွှင်ကျေနပ်နေသူများကို
လူလတ်ဟု ခေါ်သည်။
အမှားများကို မှားရန်အတွက်
ကြိုးစားပမ်းစား လိုက်လံရှာဖွေနေသူများကို
လူငယ်ဟု ခေါ်သည်။

တန်ဖိုး - ၁၅၀၀ ကျပ်




အရင်တုန်းက
နောက်ဘဝဆိုတာ အဝေးကြီး
မနက်ဖြန်ဆိုတာ နီးနီးလေးလို့ ထင်ထားတာ။
အခုမှ တွေးမိတယ်
မနက်ဖြန်ဆိုတာက အဝေးကြီး၊
နောက်ဘဝဆိုတာက နီးနီးလေး၊
ဒါကြောင့်...
မနက်ဖြန်ဆိုပြီး အချိန်မဆွဲကြေး...။


တန်ဖိုး - ၁၅၀၀ ကျပ်

ဖြန့်ချိရေး လင်းလွန်းခင်စာပေ
အမှတ် ၄၉၊ ပထမထပ် (ဝဲ)၊ လိပ်ကန်လမ်း ၊ ပုဇွန်တောင်မြို့နယ် ၊ ရန်ကုန်မြို့။
ဖုန်း -၀၁-၂၉၃ ၄၀၁ ၊ ၀၉ ၂၂၀ ၁၅၃၀ ၊ ၀၉- ၄၂၁၅ ၁၉ ၅၁၂




လူငယ်တွေပဲ ဖတ်ဖတ်...။
လူကြီးတွေပဲ ဖတ်ဖတ်...။
နည်းနည်းဖတ်ပြီး များများတွေးဖို့...။


**တန်ဖိုး – ၁၅၀၀ ကျပ်**




ခြားနားနေတဲ့ အယူအဆဟာ
ဖိနပ်တစ်ရန်လိုပဲ
အပြန်အလှန်တန်ဖိုးကို ဖြစ်စေနိုင်တယ်။
ငါ့အမြင်နဲ့မတူတိုင်း မှားတယ်လို့လည်း
ပြောလို့မရပါဘူး။
သူ့အမြင်နဲ့ ခြားနားနေတိုင်းလည်း
ကိုယ့်အမြင်ကို ဖျက်ဆီးမပစ်သင့်ဘူး။

**တန်ဖိုး – ၂၀၀၀ ကျပ်**


ဖြန့်ချိရေး လင်းလွန်းခင်စာပေ
အမှတ် ၄၉၊ ပထမထပ် (ဝဲ)၊ လိပ်ကန်လမ်း ၊ ပုဇွန်တောင်မြို့နယ် ၊ ရန်ကုန်မြို့။
ဖုန်း –၀၁–၂၉၃ ၄၀၁ ၊ ၀၉ ၂၂၀ ၁၅၃၀ ၊ ၀၉– ၄၂၁၅ ၁၉ ၅၁၂






လက်ညှိုးညွှန်ရာ စေစားနိုင်တဲ့
ရှင်ဘုရင်ကြီးပဲ ဖြစ်ဖြစ်၊
သုံးမကုန်၊ ဖြုန်းမကုန်တဲ့
မဟာသူဌေးမင်းကြီးပဲဖြစ်ဖြစ်၊
အရာရာကို သိစွမ်းနိုင်တဲ့
မဟာကျော်ကြီးပဲ ဖြစ်ဖြစ်၊
လူသားကောင်းကျိုး မသယ်ပိုးသေးသရွေ့
ဘုရားရှေ့မှာတော့ "သုည" ပဲ။

**တန်ဖိုး – ၂၀၀၀ ကျပ်**

လူတစ်ယောက်တည်းက လက်ခံရုံနဲ့
လူတစ်စုက အသိအမှတ်ပြုရုံနဲ့
Personal Power မဖြစ်နိုင်ဘူး။
လူအများက လက်ခံယုံကြည်လာအောင်
မဖောက်ပြန်ဘဲ တဖြည်းဖြည်းချင်း
အချိန်နဲ့ရင်းပြီး စိုက်ပျိုးယူရတဲ့သစ်ပင်လိုပဲ။
အဲဒီသစ်ပင်ရဲ့အရိပ်က အေးမြတယ်။
လူတွေကို ငြိမ်းချမ်းစေတယ်။

**တန်ဖိုး – ၂၀၀၀ ကျပ်**





ဖြန့်ချိရေး လင်းလွန်းခင်စာပေ
အမှတ် ၄၉၊ ပထမထပ် (ဝဲ)၊ လိပ်ကန်လမ်း ၊ ပုဇွန်တောင်မြို့နယ် ၊ ရန်ကုန်မြို့။
ဖုန်း –၀၁–၂၉၃ ၄၀၁ ၊ ၀၉ ၂၂၀ ၁၅၃၀ ၊ ၀၉– ၄၂၁၅ ၁၉ ၅၁၂




လူငယ်တွေပဲ ဖတ်ဖတ် . . .၊
လူကြီးတွေပဲ ဖတ်ဖတ် . . .၊
နည်းနည်းဖတ်ပြီး များများတွေးဖို့ . . .၊

တန်ဖိုး – ၃၅၀၀ ကျပ်

ခေါင်းဆောင်ကောင်းဆိုတာ
အုတ်ရိုးနဲ့ တည်ဆောက်ထားတဲ့
နန်းတော်ကြီးပိုင်ဆိုင်ဖို့ထက်
ပြည်သူ့နှလုံးသားနဲ့
တည်ဆောက်ထားတဲ့
မေတ္တာနန်းတော်ကြီးပိုင်ဆိုင်ဖို့
ပိုပြီး အရေးကြီးတယ်။




တန်ဖိုး – ၂၀၀၀ ကျပ်


ဖြန့်ချိရေး လင်းလွန်းခင်စာပေ
အမှတ် ၄၉၊ ပထမထပ် (ဝဲ)၊ လိပ်ကန်လမ်း ၊ ပုဇွန်တောင်မြို့နယ် ၊ ရန်ကုန်မြို့။
ဖုန်း -၀၁-၂၉၃ ၄၀၁ ၊ ၀၉ ၂၂၀ ၁၅၃၀ ၊ ၀၉- ၄၂၁၅ ၁၉ ၅၁၂

## လင်းလွန်းခင်စာပေတိုက်မှ ထုတ်ဝေပြီးစာအုပ်များ


၆၆။ ဘဝအရသာ ခေတ်သစ်ပုံပြင်များ — ဖေလင်းသစ်
၆၇။ အဆွေးလူ အတွေးလူ သိမ်မွေ့လူ — ဒေါက်တာအောင်ကြီး
၆၈။ သခင်ကိုယ်တော်မှိုင်းနှင့် စာပေသံယောဇဉ် — မောင်သစ်လွင်(လှထု)
၆၉။ ကြက်တွန်သံ ရသစာတမ်းများ — ရွှေကူမေနှင်း
၇၀။ ရင်ဖွင့်ကြည့်ပါ သူငယ်ချင်း — မာမာအေး
၇၁။ ဘဝကြေးမုံ အဖြစ်စုံ — ကျော်ရင်မြင့်
၇၂။ မြန်မာဝတ္ထုတိုအဖွင့် အပိုင်း(၁) — ကလောင်စုံ
၇၃။ ဗုဒ္ဓဘာသာဝင် မြန်မာအမျိုးသမီးများအတွက်
အိမ်ထောင်ရေးရာ ခလေ့ထုံးတမ်းများ — M ရှိန်မြင့် (B.Sc.R.L)
၇၄။ တက်လမ်းရှာလူငယ်တို့အတွက် သော့ချက်ဆောင်းပါးများ — ဒေါက်တာထွန်းဝင်း
၇၅။ သံသရာလမ်းက ကြိုးတန်းလျှောက်ရှားပါးသူ ဝတ္ထုတိုများ — မောင်လွင်မွန်(ကသာ)
၇၆။ လူကြီးလူကောင်း မိုးတိမ်၊ မီးတားလမ်းနှင့် ရသစာတမ်းစုစည်းမှု — ကလောင်စုံ
၇၇။ မီးရထားတစ်စင်း ဝတ္ထုတိုစု — ကလောင်စုံ
၇၈။ ပြည့်စုံကောင်းမွန်စွာ အဆုံးသတ်ပါ — ခင်စောတင့်
၇၉။ ဓမ္မအလင်းတန်းများ (၃) — ကလောင်စုံ
၈၀။ ကြက်ရိုးဒဿန — ဦးဘုန်း(ဓာတု)မန္တလေး။
၈၁။ အနီတစ်စက် အနက်တစ်ရာ မဂ္ဂဇင်းဝတ္ထုရှည်များ — စမ်းစမ်းနွဲ့(သာယာဝတီ)၊ သင်းရီ၊ ဝင်းဝင်းမြင့်(နန်းတော်ရှေ့)
၈၂။ ထီးနှင့် အခြားအိန္ဒိယဝတ္ထုတိုများ — အထောက်တော်လှအောင်
၈၃။ သမိုင်းမော်ကွန်းထဲမှ မြုပ်နေသောဇာတ်ကွက်များ — တင့်ဇော်ထွန်းအောင်
၈၄။ ပတ္တမြားရန့် ဝတ္ထုတိုစုစည်းမှု — ကလောင်စုံ
၈၅။ အလှကိုယ်စီ ပန်းလိုသီ ကလေးကဗျာများ — မြေလတ်မောင်မြင့်သူ
၈၆။ ရွှေအမြုတေ လက်ရွေးစင်ဝတ္ထုရှည်စုစည်းမှု (၃) — ကလောင်စုံ

| | |
|---|---|
| ၈၇။ ဘဝအောင်မြင်ရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ရွေးချယ်မှု | လင်းသိုက်ညွန့်(မြန်မာ့မြေ) |
| ၈၈။ ခေတ်ရေးစာစီစာကုံးများ | ဦးမြထွန်း(ပညာရေးတက္ကသိုလ်) |
| ၈၉။ နှလုံးသားပေါ်သွေးတဲ့ဓားနှင့် မဂ္ဂဇင်းဝတ္ထုရှည်စုစည်းမှု | ဝေ(စီးပွားရေးတက္ကသိုလ်) |
| ၉၀။ လင်းလွန်းခင်စိတ်ကြိုက် မဂ္ဂဇင်းဝတ္ထုတိုများ (၃) | ကလောင်စုံ |
| ၉၁။ မမအေးတို့ တေးဥယျာဉ် | ကလောင်စုံ |
| ၉၂။ အလွယ်ဆုံး အင်္ဂလိပ်-မြန်မာ စာစီစာကုံးများ | တင်မိုး |
| ၉၃။ ရမ္မက်လွန်တဲ့မိန်းကလေးလားနှင့် တိုးတိုးတိတ်တိတ်ဇာတ်လမ်းများ | အမရာ(ဆေး-၁) |
| ၉၄။ ပြောပြစရာတွေလဲ တပုံကြီး | မာမာအေး |
| ၉၅။ စုနှင့် အခြားအက်ဆေးများ | မောင်ကိုကို(အမရပူရ) |
| ၉၆။ အသည်းညွန့်မှာ ကွန့်မြူးသည့်လိပ်ပြာ | မောင်သာရ |
| ၉၇။ လူငယ်နှင့် ဘာသာရေး | ကလောင်စုံ |
| ၉၈။ သမိုင်းအတွေး၊ သမိုင်းအရေး | တင်နိုင်တိုး |
| ၉၉။ ခုနစ်လွှာဝတ်ရုံ (၂) | ကလောင်စုံ |
| ၁၀၁။ အပြစ်ရှိသူ တရားခံက | မမြင့်နိုင် |
| ၁၀၂။ ဗုဒ္ဓဘာသာဝင်တစ်ဦး၏ ခရီးကြမ်း | ခင်မျိုးချစ် |
| ၁၀၃။ ရင်၌ရိုက်ခတ် ထင်ဟပ်စာစု | မောင်သန်းဆွေ(ထားဝယ်) |
| ၁၀၄။ မိုးကုပ်စက်ဝိုင်းအောက်က မာယာမြစ်ဖျား | ကလောင်စုံ |
| ၁၀၅။ အတွေ့အကြုံစုံစုံ ဘဝဇာတ်ခုံ (ဘဝဇာတ်ခုံ-၆) | ကျော်ရင်မြင့် |
| ၁၀၆။ သာသနာ့အကျော် ဆရာတော်ကြီးများ (၂) | ဦးစန္ဒိမာ(စလင်း) |
| ၁၀၇။ စခန်းသိမ်းအောင်ပွဲ (ဒုတိယအကြိမ်) | တင်မောင်မြင့် |
| ၁၀၈။ အသံတိတ်အိပ်မက်ဆိုးများနောက်ကွယ်မှ အမျိုးသမီး တိုးတိုးတိတ်တိတ်ဇာတ်လမ်းများ | အမရာ(ဆေး-၁) |
| ၁၀၉။ သာသနာပြုခြင်း အနုပညာ (သာသနာပြုလမ်းညွှန်ဆောင်းပါးများ) | ကလောင်စုံ |
| ၁၁၀။ ဘဝဖလားနှင့် အခြားဆောင်းပါးများ | ဦးတင်ဦး(ကျူရှင်) |

## ယခု

| | |
|---|---|
| ၁၁၁။ သတ္တိရှိတဲ့ မြက်ပင်များ | ဦးဘုန်း(ဓာတု)မန္တလေး |

## ဆက်လက်ထွက်ရှိမည့် စာအုပ်များ

| | |
|---|---|
| ၁၁၂။ ရှင်ပြုတုန်းက ရွှေထီးဆောင်းခဲ့တာကို တမ်းတရန်မလိုပေမယ့်... (အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးနည်းလမ်းများ) | ဒေါက်တာထွန်းဝင်း |
| ၁၁၃။ ရုရှားဒီမိုကရေစီ အသွင်ကူးပြောင်းရေး နိုင်ငံရေးဇာတ်ရှုပ်များ | မိုးအေး |
| ၁၁၄။ တန်ဖိုးမဖြတ်နိုင်တဲ့ အရာ ခေတ်သစ်ပုံပြင်များ | ဖေလင်းသစ် |
| ၁၁၅။ ပြောပြစရာတွေလဲ တပုံကြီး (၂) | မာမာအေး |
| ၁၁၆။ ရင်ထဲမှာ မဂ္ဂဇင်းဝတ္ထုတိုများ | ဝင်းဝင်းမြင့် (နန်းတော်ရှေ့) |
| ၁၁၇။ ကြံဖတ် အတွေးသစ်ဆောင်းပါးများ | ထက်ခေါင် |
| ၁၁၈။ အယ်ဒီတာကြေးမုံ | လေးကိုတင် |
| ၁၁၉။ ရွှေဖနောင့်ဝတ္ထုတိုများ | ဂျူးဇော် |
| ၁၂၀။ အောင်မောင်း ရုပ်သေးပွဲမသွားချင်ပေါင်နှင့် လက်ရွေးစင်ဝတ္ထုတိုများ | မှန်းဇူး |